# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 22 August 2018 ၉၃၈၆


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ H.E. Mrs. Halimah Yacob တို့ တွေ့ဆုံစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်တွေ့ဆုံ ISEAS- Yusof Ishak Institute ၌ ဟောပြောဆွေးနွေး

**စင်ကာပူ ဩဂုတ် ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံပြီး ISEAS-Yusof Ishak Institute ၌ ဟောပြောဆွေးနွေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ H.E. Mrs. Halimah Yacob နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် Istana Presidential Palace ၌ တွေ့ဆုံသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ



စာမျက်နှာ » ၆

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ



စာမျက်နှာ » ၇

## စစ်ကြောင့် ကွဲကွာခဲ့ရသော ကိုရီးယားမိသားစုဝင်များ ပြန်လည်တွေ့ဆုံ



စာမျက်နှာ » ၁၂


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## ကောင်းမွန်သောအနာဂတ် ထုဆစ်ပုံဖော်

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည်။ ပညာခေတ်ဆိုသည်မှာ ဗဟုသုတ အသိပညာများကြွယ်ဝသော ခေတ်ကို ဆိုလိုခြင်းဖြစ်သည်။ အသိပညာဗဟုသုတတို့ကို စာပေမှရသလို မိမိတို့၏လူမှုပတ်ဝန်းကျင်မှလည်း ရရှိနိုင်သည်။ ပတ်ဝန်းကျင်မှ အသိပညာဗဟုသုတများ ရရှိရန်အတွက် ပတ်ဝန်းကျင်ကို လေ့လာရသည်။ လူမှုအဖွဲ့အစည်းအတွင်း အသိအမြင်ဖလှယ်ရသည်။

အသိအမြင်ဖလှယ်နိုင်ရန်အတွက် လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံ ဆွေးနွေးပြောဆိုကြရသည်။ အသိအမြင်ပိုများသူက အသိအမြင်နည်းပါးသူတို့အား အသိအမြင်မျှဝေပေးရသည်။ လူတို့သည် တစ်ဦးတည်း ထီးတည်းမနေအပ်ပေ။ လူအချင်းချင်းဆက်ဆံခြင်းဖြင့် အကျိုးရလဒ်ကောင်းများကို ရရှိနိုင်သည်။ လူ၏ မူလဘူတစိတ်သည် မိမိ၏အကျိုးစီးပွား(အတ္တ) စိတ်ရင်းရှိသော်လည်း လူအချင်းချင်းဆက်ဆံရင်းမှ အများအကျိုး (ပရဟိတ)ကို ရှေးရှုသည့် အသိအမြင်များ တိုးပွားလာသည်။

မျက်မှောက်ကာလသည် အသိအမြင်ဗဟုသုတများ ရလွယ်သောကာလ ဖြစ်သည်။ ဒီမိုကရေစီခေတ်ကာလဟူသော သဘောသဘာဝအရ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ တိုင်ပင်နှီးနှောခွင့်များ ရရှိနေသည်။ မင်္ဂလာတရားတော်မှ “ဗာဟုသစ္စဉ္စ”အကြားအမြင်ဗဟုသုတများခြင်း ဆိုသည်နှင့်အညီ မင်္ဂလာရှိသော၊ ကောင်းမွန်သော အမူကိစ္စများကို ဆောင်ရွက်နေကြပြီ။ ယနေ့ကာလတွင် မညီမညာဖြစ်ပေါ်ပြောင်းလဲလာသော လူ့သမိုင်းစဉ်၏ နိုင်ငံရေးယဉ်ကျေးမှုအဖုံဖုံတို့ကို လေ့လာဆန်းစစ်နိုင်ရန်အတွက် အကြားအမြင်ဗဟုသုတများကို ဖလှယ်ခွင့်ရရှိကြသည်။

ထိုအခြေအနေကောင်းများမှာ နိုင်ငံတော်အဆင့် စကားဝိုင်းများ၊ အဖွဲ့အစည်းအလိုက်၊ ကဏ္ဍအလိုက်၊ အကြောင်းအရာအလိုက်၊ ဒေသအလိုက် စကားဝိုင်းများကို ပြည်သူများအကြားတွင် ကျင်းပနိုင်ခြင်းဖြစ်သည်။ စကားဝိုင်းများမှ ပေါ်ထွက်လာသော အသိအမြင်ဗဟုသုတများသည် မိမိတို့အကျိုး(အတ္တ)အတွက်လည်းကောင်း၊ အများအကျိုး(ပရ) အတွက်လည်းကောင်း ဆောင်ကြဉ်းနိုင်ပြီဖြစ်သည်။


ယင်းသည် လူ့ဘောင်အဖွဲ့အစည်း၊ လူ့သမိုင်းစဉ်တစ်ရပ်၏ ဖြစ်ပျက်ပြောင်းလဲမှု၊ တိုးတက်ဖြစ်ထွန်းမှုများ ဖြစ်သည်။ ပေါ်ထွက်လာသော အသိအမြင် ဗဟုသုတများကိုရယူပြီး မိမိတို့ လူ့ဘောင်အဖွဲ့အစည်းတွင် တွေးခေါ်မြော်မြင်တတ်အောင်၊ ထိုအတွေးအမြင်များကိုအခြေခံ၍ လူ့သမိုင်းဖြစ်ပျက်မှုများကို လေ့လာသုံးသပ် စိစစ်ဝေဖန်ရာ၌ ယထာဘူတကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ အစွဲကင်းစွာဖြင့် စဉ်းစားချင့်ချိန်နိုင်အောင် ကြိုးပမ်းအားထုတ်ကြဖို့လိုမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးဖလှယ်ကြသည်များကို လေ့လာစေ့ငုကြည့်မည်ဆိုပါက အများပြည်သူလိုအင်ဆန္ဒများနှင့် တစ်သားတည်းဖြစ်သည်ကို တွေ့ရသည်။ ပြည်သူအများ နေထိုင်ကြသည့် ရပ်ရွာဒေသများတွင် ဒေသဖွံ့ဖြိုးရေး၊ လူငယ်များအရေးကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ လူငယ်လူရွယ်များ လမ်းမှားသို့ရောက်နေသောအချိန်တွင် လူငယ်လူရွယ်များအား လမ်းမှန်ပေါ်သို့ ပို့ဆောင်ပေးနိုင်ရန် လူငယ်စကားဝိုင်းများသည် အထောက်အပံ့ကောင်းများ၊ တွန်းအားများပင် ဖြစ်သည်။ လူငယ်လူရွယ်များ အရည်အသွေးမြင့်မားလာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လင်းလာရေး၊ ဗလငါးတန်ဖွံ့ဖြိုးရေးတို့ကို ဤလူမှုအသိုင်းအဝိုင်းအသီးသီး၏ စကားဝိုင်းများမှတစ်ဆင့် ဆောင်ကြဉ်းပေးနိုင်ပေလိမ့်မည်။

သို့ဖြစ်ရာ နိုင်ငံအနှံ့အပြားရှိ ဒေသအသီးသီးတွင် ကျင်းပနေသော စကားဝိုင်းအမျိုးမျိုးတို့သည် ပြည်သူများ အသိအမြင် ဗဟုသုတ တိုးစေနိုင်မည်သာမက ပြည်သူများ၏လူမှုဘဝကို မြှင့်တင်ပေးနိုင်မည့် တွန်းအားများဖြစ်၍ အနာဂတ်နိုင်ငံတော်၏ပုံရိပ်ကို ကောင်းမွန်လာအောင် ထုဆစ်ပုံဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာနနှင့် မင်းဘူးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( မင်းဘူးမြို့ )

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၂၅ / ၂၆)ရက် စနေနေ့၊ တနင်္ဂနွေနေ့ များတွင်
နံနက်(၉) နာရီမှ ညနေ (၅) နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ . ထ . က (၁)၊ မင်းဘူးမြို့

## သံလွင်မြစ်ရေအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

## အရှေ့တောင်အာရှ ခေတ်ပြိုင်စာပေဆွေးနွေးပွဲ ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

အိမ်နီးချင်းနိုင်ငံများ၌ ရသစာပေကို ဘယ်လိုရေးသားနေကြပြီလဲ၊ ဒေသတွင်း နိုင်ငံများ၏ စာပေအဆင့်အတန်း ဘယ်လောက်ရှိနေပြီလဲ၊ နိုင်ငံတကာကို သူတို့ ဘယ်လို ထိုးဖောက်နေကြသလဲ အစရှိသဖြင့် အရှေ့တောင်အာရှမှ ရသစာပေအကြောင်းကို ပြောဆိုဆွေးနွေးခြင်းနှင့် ခေတ်ပြိုင် အရှေ့တောင်အာရှ စာအုပ်သုံးအုပ် ဘာသာပြန်ဆို မိတ်ဆက်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးရှိ Yangon Book Plaza ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ထိုင်းစာအုပ် Until the Karma End ကို ဘာသာပြန်ဆိုသူ ဆရာဉာဏ်သစ်၊ အင်ဒိုနီးရှားစာအုပ် Beauty is a wound ကို ပြန်ဆိုသူ ဆရာ မိုးသက်ဟန်၊ ဗီယက်နမ်စာအုပ် The Sypathizer ကို ပြန်ဆိုသူ ဆရာ ရာပြည့်တို့နှင့်အတူ ငါတို့စာပေ ထုတ်ဝေသူ ဆရာမြေမှုန်လွင်တို့ ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရေဖြူ၌ အာဟာရချက်ပြုတ်သရုပ်ပြပွဲနှင့် အသိပညာပေးဟောပြော

**ရေဖြူ အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကကြီးမှူး၍ အာဟာရချက်ပြုတ် သရုပ်ပြပွဲနှင့် အသိပညာပေး ဟောပြောပွဲကို ရေဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်သာဝတီခန်းမ၌ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ရေဖြူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်တို့ အာဟာရပြည့်ဝစွာ စားသုံးရေး၊ သံဓာတ်လိုအပ်ချက်အကြောင်း ဟောပြောပြီး ကျေးလက်ကျန်းမာရေးဆရာမက နို့တိုက်မိခင်များ ကလေးနို့တိုက်ရာတွင် စနစ်တကျ မိခင်နို့တိုက်ကျွေးတတ်စေရန် သရုပ်ပြ၍ ရှင်းလင်းပြသသည်။

ထို့နောက် ထမင်းဟင်းချက်ပြုတ်ရာတွင် အာဟာရဓာတ်များ၊ ဗီတာမင်ဓာတ်များ ဆုံးရှုံးမှု မရှိစေရန်နှင့် အာဟာရအုပ်စုသုံးခုစလုံး စုံလင်သော အစားအစာရရှိစေရေး ချက်ပြုတ်၍ သရုပ်ပြပေးခဲ့သည်။ တက်ရောက်လာသော ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်နှင့် မူကြိုကလေးများအား လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကောလင်း၌ စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲများကျင်းပ

**ကောလင်း အောက်တိုဘာ ၂၁**

၂၀၁၈ ခုနှစ် စက်တင်ဘာ ၈ ရက် တွင်ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ကောလင်းမြို့နယ် ပညာရေးဌာနကကြီးမှူး၍ စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်းခွဲ မြောက်အင်းရပ်ကွက်၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ကောလင်းမြို့နယ် ကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၁**

ရန်ကုန်(ရွှေဈေး) ၉၅၄၀၀၀ - ၉၅၄၀၀၀ မန္တလေး(ရွှေဈေး) ၉၅၄၀၀၀ - ၉၅၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၉၇၀ ကျပ်၊ | ၉၆၀/၁၀၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၆၅/၉၈၅ ကျပ်၊ | ၁၀၁၅/၁၀၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀/၉၄၀ ကျပ်၊ | ၉၆၅/၁၀၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၉၈၀ ကျပ်၊ | ၁၀၀၀/၁၀၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၄၀/၉၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၅၀/၉၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၁၅/၉၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၈. ၀၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၅. ၄၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄. ၅၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၄၁၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၀. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃. ၇၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၈. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၃. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးတို့ တွေ့ဆုံဆွေးနွေးစဉ်။

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရိုးရာအိမ်တွင်းမှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့် Istana Presidential Palace ၌ တွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ရေး၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံမှ အပြုသဘောဆောင် ဆက်လက်ထောက်ခံအားပေးရေး၊ အာဆီယံအပါအဝင် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးက Clarke Quay ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Teo Chee Hean အား Grand Hyatt Hotel ၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr.Vivian Balakrishnan ၊ ISEAS-Yusof Ishak Institute မှ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသည့် Institute of Southeast Asian Studies Board of Trustees မှ ဥက္ကဋ္ဌဖြစ်သူ Professor Wang Gungwu၊ Institute of Southeast Asian Studies မှ ဒါရိုက်တာဖြစ်သူ Mr.Choi Shing Kwok တို့နှင့် Grand Hyatt Hotel ၌ တွေ့ဆုံရာ ဒါရိုက်တာအဖွဲ့ဝင်များက Lecture အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ အဆိုပါဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ကျင်းပသည့် ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်သည်။

**အဖွင့်အမှာစကား ပြောကြား**

ဟောပြောဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Teo Chee Hean က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ငါးရပ်နှင့် မဏ္ဍိုင်ကြီး သုံးရပ်ပါဝင်သော မြန်မာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပြုပြင်ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအခြေအနေ၊ မြန်မာ-စင်ကာပူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၄ သို့ ❐**






မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပစဉ်။

စာမျက်နှာ ၃ မှ

**ရှင်းလင်းဖြေကြား**

ဆွေးနွေးဟောပြောမှုများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ISEAS–Yusof Ishak Institute ကို သုတေသနဆိုင်ရာ အဖွဲ့အစည်း အဖြစ် ၁၉၆၈ ခုနှစ်တွင် ပါလီမန်ဥပဒေအရ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး စတင်တည်ထောင်စဉ်က Institute of Southeast Asian Studies (ISEAS) ဟု ခေါ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စင်ကာပူနိုင်ငံ၏ ပထမဆုံးသမ္မတအား ဂုဏ်ပြုသောအားဖြင့် ISEAS - Yusof Ishak Institute ဟု ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့အစည်းမှ သုတေသနလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းစီးပွားရေးလေ့လာခြင်း၊ ဒေသတွင်းမဟာဗျူဟာနှင့် နိုင်ငံရေးလေ့လာခြင်း၊ ဒေသတွင်း လူမှုစီးပွားနှင့် ယဉ်ကျေးမှုလေ့လာခြင်းစသည့် ခေါင်းစဉ်များဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**လေ့လာမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိ**

ဒေသတွင်း နိုင်ငံများအား အထူးပြုလေ့လာခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ် စသည့် ဒေသတွင်းငါးနိုင်ငံနှင့်ပတ်သက်၍လည်း လေ့လာမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အဖွဲ့အစည်းမှ စာအုပ်များ၊ ဂျာနယ်များနှင့် သုတေသန စာစောင်များကိုလည်း ရေးသားဖြန့်ချိလျက်ရှိရာ နိုင်ငံပေါင်း ၁၀၀ ကျော်သို့ ဖြန့်ချိနိုင်ခဲ့ကြောင်း သိရသည်။

**ဆွေးနွေးမှာကြား**

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံရုံးသို့ရောက်ရှိပြီး သံရုံးနှင့်စစ်သံရုံးတို့မှ သံရုံးမိသားစုများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Teo Chee Hean တို့ တွေ့ဆုံဆွေးနွေးစဉ်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ စင်ကာပူနိုင်ငံရှိ Gardens by the Bay ပန်းခြံသို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**သတင်းစဉ်**

# လွှတ်တော်အဆောက်အအုံများတွင် တပ်ဆင်ထားသော လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျရှိစေရေးအတွက် ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၂၁**

လွှတ်တော်အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် စစ်ဆေးပြုပြင်ရေးအတွက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယကများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယကများက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက လျှပ်စစ်ပိုင်းဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးသည်။ ယင်းနောက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးက ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တရုတ်နိုင်ငံရှိ ဓာတ်အားကွန်ရက်စနစ် ထိန်းချုပ်မှုဌာနနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုလေ့လာ



**ပေကျင်း ဩဂုတ် ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ပေကျင်းမြို့ရှိ State Grid Control Center သို့ သွားရောက်လေ့လာကြသည်။

အဆိုပါစင်တာတွင် President , Mr. Kou Wei နှင့်တာဝန်ရှိသူများက ၎င်းတို့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု စုစုပေါင်း၏ ၇၈ ရာခိုင်နှုန်းနှင့် လူဦးရေ ၁ ဒသမ ၁ ဘီလီယံကို ဝန်ဆောင်မှုပေးနေမှုနှင့် တစ်နိုင်ငံလုံးတွင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၂၈၀၀၀ ရှိရာ State Grid မှ လက်ရှိဖြန့်ဖြူးနေသော မဂ္ဂါဝပ် ၆၇၇၇၈၀ အား အချိန်နှင့်တစ်ပြေးညီ ထိန်းညှိကွပ်ကဲနေမှုများကို ရှင်းလင်းပြောကြားပြီး National Control Center ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ပြသသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်ဆိုင်ရာအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ (National Energy Administration) ၏ ဒုတိယအကြီးအကဲ Mr. Li Fanrong လိုက်ပါလျက် Yichang မြို့အနီးရှိ Three Gorges ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအနီးရှိ ယန်စီမြစ်အတွင်း ရေကြောင်းသွားလာရေးအဆင်ပြေရန် တည်ဆောက်ထားသော Ship lift ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အာဆီယံဥက္ကဋ္ဌအဖြစ် စင်ကာပူနိုင်ငံမှ တာဝန်ယူထားသည့် ယခုနှစ်တွင် မိမိတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရည်မှန်းချက်နှင့် စိန်ခေါ်မှုများကို ယနေ့ ပြောကြားခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ရှုပ်ထွေးနက်နဲသည့် အသွင်ကူးပြောင်းမှုတစ်ရပ်ဖြစ်ရေး ဆွေးနွေးကြရာတွင် မိမိတို့၏ အာဆီယံနိုင်ငံ မိတ်ဆွေများက လိုအပ်သည့် ကူညီပံ့ပိုးမှုများ လိုလိုလားလားရှိခဲ့ကြပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် တူညီသော အတွေ့အကြုံ၊ ရည်မှန်းချက်ကို အခြေခံပြီး ဒေသဆိုင်ရာစည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ပြသခဲ့ကြပါကြောင်း။

တစ်ဦးတစ်ယောက်ကို ကူညီခြင်းသည် တစ်စုတစ်ဖွဲ့လုံးကို ကူညီခြင်းပင်ဖြစ်သည်ဆိုသည့် အယူအဆက အာဆီယံအတွင်း တူညီသော အယူအဆနှင့် စုပေါင်းဆောင်ရွက်မှုကို ခိုင်မာစေခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများကြား ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှုများရှိသော်ငြားလည်း အာဆီယံကို ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော ဒေသဆိုင်ရာ အဖွဲ့အစည်းများအနက် တစ်ခုအဖြစ် ရောက်ရှိစေခဲ့သည့် အခြေခံအကြောင်းရင်းတစ်ခုပင်ဖြစ်ပါကြောင်း။

အသွင်ကူးပြောင်းရေးတစ်ရပ်ဆိုသည်မှာ အရှင်းလင်းဆုံးပြောရလျှင် တစ်နေရာမှ အခြားတစ်နေရာသို့ ကူးပြောင်းသွားသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရောက်ရှိရမည့် အကွာအဝေးနှင့် လျှောက်လှမ်းဖြတ်သန်းရမည့် ခရီးကြမ်း၏ သဘောသဘာဝက ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ၏ အတိုင်းအတာနှင့် ရှုပ်ထွေးမှုကို ပြဋ္ဌာန်းပေးပါကြောင်း၊ မြန်မာနိုင်ငံသည် ကာလရှည်ကြာ အခြေခိုင်မာနေသော အာဏာရှင်စနစ်မှ မိမိတို့က ဒီမိုကရေစီဟုခေါ်ဆိုသော စနစ်သို့ ဖြတ်သန်းလျှောက်လှမ်းလျက်ရှိပါကြောင်း၊ မိမိတို့ ပြည်သူများ၏ အသိအမြင်အထူးသဖြင့် ဒီမိုကရေစီအသိအမြင်များမှာ ဆက်စပ်မရနိုင်အောင် ကွဲပြားခြားနားနေကြသည့်အလျောက် အဆိုပါကွဲပြားခြားနားမှုများသည် ယနေ့ မိမိတို့နိုင်ငံက ဖြတ်သန်းနေရသည့် အသွင်ကူးပြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှု ဖြစ်နိုင်ပါကြောင်း။

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၇၅ နှစ်ခန့်ကာလအတွင်း အရေးကြီးသည့် အသွင်ကူးပြောင်းရေး သုံးရပ်ကို ဖြတ်သန်းခဲ့ရပါကြောင်း၊ ယင်းတို့မှာ ကိုလိုနီအုပ်ချုပ်ရေးစနစ်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရခဲ့သည့်အချိန်ကာလ၊ ပါလီမန်ဒီမိုကရေစီခေတ်မှ ၁၉၆၂ ခုနှစ် စစ်အာဏာရှင်စနစ်ကာလနှင့် ၁၉၈၈ ခုနှစ်မှ စတင်ခဲ့သော စစ်အုပ်ချုပ်ရေးစနစ်မှ မပြီးဆုံးသေးသော ဒီမိုကရေစီစနစ်ဟူ၍ သုံးပိုင်းရှိပါကြောင်း။

ပထမအသွင်ကူးပြောင်းရေးမှာ အခက်ခဲဆုံးနှင့် အပေးဆပ်ခဲ့ရဆုံး ရုန်းကန်လှုပ်ရှားမှုများမှ ထွက်ပေါ်လာသည့် ရိုးရှင်းသော နောက်ဆုံးရလဒ်ပင် ဖြစ်ပါကြောင်း၊ လက်အောက်ခံ ကိုလိုနီနိုင်ငံတစ်ခုအဖြစ်မှ အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ်သို့ ပီပီပြင်ပြင် ပြောင်းလဲခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒုတိယအသွင်ကူးပြောင်းမှုမှာလည်း အလွန်ပင်ပြင်းထန်မြန်ဆန်ပြီး သမိုင်းတွင် ထင်ရှားသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ တစ်ခုသော နံနက်ခင်းတွင် မြို့တော်၏ လမ်းမများပေါ်တွင် သံချပ်ကာကားများ ရောက်ရှိလာပြီး ရေဒီယိုတွင် ရုတ်တရက် သတင်းကြေညာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့၏လက်ရှိ အသွင်ကူးပြောင်းရေးမှာ အရှုပ်ထွေးဆုံးနှင့် စိန်ခေါ်မှုအများဆုံးဖြစ်ကြောင်း၊ ကနဦးအစပိုင်းတွင် ပီပြင်မှုမရှိခဲ့ပါကြောင်း၊ အလံတစ်ခုကိုချပြီး နောက်အလံတစ်ခုကို လွှင့်တင်သည့်အခိုက်တွင် တိကျရေရာမှု တစ်ခုမှမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းတွင် ခေတ်တစ်ခေတ်ကုန်ဆုံးပြီး နောက်ခေတ်တစ်ခေတ် စတင်မှုကို ထင်ရှားပေါ်လွင်စေသည့် တိကျပြတ်သားသော ထုတ်ပြန်ကြေညာချက်များ မရှိခဲ့ပါကြောင်း၊ သိပ်အရေးမကြီးဟု ယူဆရသည့် အဖြစ်အပျက် အများအပြား ပေါင်းစပ်ပြီး ပြင်းထန်သော တစ်နိုင်ငံလုံး ဒီမိုကရေစီအရေးတော်ပုံအသွင်သို့ ရောက်ရှိခဲ့ပါကြောင်း၊ ဆန္ဒပြမှုများကိုလျင်မြန်စွာ ဖြိုခွင်းနိုင်ခဲ့သော်လည်း ယနေ့ မိမိတို့ လျှောက်လှမ်းနေသော ကြမ်းတမ်းခက်ထန်သည့် အသွင်ကူးပြောင်းရေးလမ်းကြောင်းကို တံခါးဖွင့်ပေးခဲ့ပါကြောင်း။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။**

**မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၇၅ နှစ်ခန့်ကာလအတွင်း အရေးကြီးသည့် အသွင်ကူးပြောင်းရေးသုံးရပ်ကို ဖြတ်သန်းခဲ့ရပါကြောင်း၊ ယင်းတို့မှာ ကိုလိုနီအုပ်ချုပ်ရေးစနစ်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့သည့် အချိန်ကာလ၊ ပါလီမန်ဒီမိုကရေစီခေတ်မှ ၁၉၆၂ ခုနှစ် စစ်အာဏာရှင်စနစ်ကာလနှင့် ၁၉၈၈ ခုနှစ်မှစတင်ခဲ့သော စစ်အုပ်ချုပ်ရေးစနစ်မှ မပြီးဆုံးသေးသော ဒီမိုကရေစီစနစ်ဟူ၍ သုံးပိုင်းရှိ**

မိမိတို့ပြည်သူများအဖို့ ၁၉၈၈ ခုနှစ်က ဒီမိုကရေစီသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ဆက်နွှယ်နေသောအရာအားလုံးနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့ပါကြောင်း၊ စစ်အစိုးရ၏ အငွေ့အသက်ပါသော တစ်ပါတီစနစ်၏ ဖိနှိပ်မှုကို ဖယ်ရှားလိုသည့်ဆန္ဒမှာ နိုင်ငံအနှံ့ပျံ့နှံ့သွားခဲ့ကြောင်း၊ ယုတ်လျော့သွားသည့် တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ကျဆင်းသွားသည့် အဆင့်အတန်းများကို အဆုံးသတ်ရန် ပြည်သူများက ကျယ်ကျယ်လောင်လောင် တောင်းဆိုခဲ့ကြကြောင်း။

တုံ့ပြန်မှုအနေဖြင့် တိုက်ရိုက်စစ်အုပ်ချုပ်ရေးကို အလျင်အမြန်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်မှုကို ပိတ်ပင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီ အများအပြား ဖွဲ့စည်းခွင့်ပြုခဲ့သော်လည်း ၎င်းတို့၏ လှုပ်ရှားမှုများကို ကန့်သတ်ခဲ့ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သို့ မရေမရာသော ခြေလှမ်းများဖြင့် စတင်လျှောက်လှမ်းခဲ့ပါကြောင်း၊ မျှော်လင့်ချက်ရောင်ခြည်သန်းစေခဲ့သည့် ၁၉၉၀ အထွေထွေရွေးကောက်ပွဲ အပါအဝင် အဟန့်အတားများ ကျော်လွှားပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်တွင် သမိုင်းဝင်ရွေးကောက်ပွဲများကို မိမိတို့ ကျင်းပနိုင်ခဲ့ကြောင်း၊ စောဒကတက်စရာကောင်းသည့် ၂၀၀၈ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲမှ အတည်ပြုပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များအကြားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့သည့်အထိ မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိခဲ့ပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟု ဆိုရာ၌ ပြည်သူ့ဆန္ဒနှင့်အညီ လမ်းကြောင်းတစ်ခုကို ချမှတ်ခဲ့ပြီး ယင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒီမိုကရေစီပန်းတိုင်ကို ဦးတည်သည့် ဒီမိုကရေစီနည်းလမ်းကို မိမိဆိုလိုပါကြောင်း။

မိမိတို့ ပြည်သူများသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဆူပူအုံကြွမှုကို အဆုံးသတ်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းလုံခြုံရေးနှင့် ၎င်းတို့၏ ကလေးငယ်များအနာဂတ်ကို စူးစိုက်နိုင်မည့် အခွင့်အလမ်းရရှိရေးကို အာသီသ ပြင်းပြနေကြကြောင်း၊ ပြည်သူများအနေဖြင့် ၁၉၈၈ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်စဉ်က အခြေခံခဲ့သော အကြမ်းမဖက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမူများကို လက်ခံခဲ့ကြပြီး ဆယ်စုနှစ် သုံးခုနီးပါးအကြာတွင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဟူသော မိမိတို့ပါတီမှ ချမှတ်ထားသည့် ရည်မှန်းချက်များအတွက် မဲပေးထောက်ခံခဲ့ကြကြောင်း၊ မိမိတို့ အသွင်ကူးပြောင်းရေးဖြစ်စဉ်၏ အောင်မြင်မှုအတိုင်းအတာကို ပြည်သူများနှင့်အတူ ပြည်သူ့ဆန္ဒများ မည်မျှအထိ ဖြည့်စွမ်းပေးနိုင်ခဲ့သည်ဆိုသည့် ပမာဏဖြင့် တိုင်းတာရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

## ပြည်ခရိုင်အတွင်း ပထမဆုံးကရင်ရိုးရာလက်ချည်ပွဲ သဲကုန်းမြို့တွင်ပြုလုပ်

**သဲကုန်း ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ကရင်ရိုးရာလက်ချည်ပွဲကို သဲကုန်းမြို့ မြို့နယ်ခန်းမ၌ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးနှင့် တာဝန်ရှိသူများ၊ ပြည်ခရိုင်အတွင်းရှိ ကရင်တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များနှင့် ကရင်တိုင်းရင်းသားများ စုစုပေါင်း အင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ကရင်ရိုးရာဒုံးယိမ်းအကများ၊ တိုင်းရင်းသားသီချင်းများဖြင့် သီဆိုကခုန် ဧည့်ခံခဲ့ကြသည်။ လက်ချည်ပွဲမှာ ကိုးကွယ်ရာဘာသာရေးအရ လုပ်ကိုင်ခြင်းမဟုတ်ဘဲ ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်ပြီး မိသားစုများ အားလပ်သည့်အချိန်တွင် စုစုစည်းစည်းနှင့် အနေအထိုင်၊ အစားအသောက် ဆင်ခြင်ရန်နှင့် ကျန်းမာရေးကို ဂရုစိုက်ကြရန် ချည်ကြိုးဖြူလေးများကိုချည်၍ လိပ်ပြာခေါ်ပြီး လူကို လိပ်ပြာက ထိန်းသိမ်းစေခြင်းဖြစ်ကာ ချည်နှောင်ထားသည့် ကြိုးလေးကို မပြတ်မချင်း အမြဲတနိုး ချည်နှောင်ထားလေ့ရှိကြောင်း သိရသည်။

“ရိုးရာအရက ဝါခေါင်လမှာ လုပ်လေ့တော့ရှိပါတယ်။ အခုလို ပဲခူးတိုင်းဒေသကြီးအတွင်း ကျွန်မ တာဝန်ယူထားတဲ့အချိန်မှာ စုစုစည်းစည်းနဲ့ လုပ်ပေးတာဖြစ်ပါတယ်။ ကျွန်မတို့ရိုးရာကို မပျောက်ပျက်အောင် ထိန်းသိမ်းတဲ့အနေနဲ့ လုပ်ဆောင်တဲ့အခါမှာ နိုင်ငံတော်ကလည်း ပံ့ပိုးမှုတွေရှိပါတယ်”ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးက ပြောသည်။



ပြည်ခရိုင်အတွင်း ကရင်တိုင်းရင်းသားများမှာ သဲကုန်းမြို့နယ်တွင် ကရင်ရွာ ၁၂ ရွာ၊ ပေါက်ခေါင်းမြို့နယ်တွင် ကရင်ရွာ ခြောက်ရွာ၊ ရွှေတောင်မြို့နယ်တွင် ကရင်ရွာ ၁၆ ရွာနှင့် ပေါင်းတည်မြို့နယ်တွင် ကရင်ရွာ ၁၆ ရွာ စုစုပေါင်း ကရင်ရွာပေါင်း ၅၀ ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

## ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ခု တင်သွင်းခြင်းနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ရပ်၊ကျေး မြေစာရင်းမှူးများ တိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်း

အစည်းအဝေးတွင် ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင်၏ **မြို့နယ်မြေစာရင်း၊ စာရင်းအင်းဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေရသော ရပ်၊ကျေး မြေစာရင်းမှူးများကို ပိုမိုတိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များအား ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ယူထမ်းဆောင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အတည်ပြုချက်အရ ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှစ၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအဖြစ် အမည်ပြောင်းလဲ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဌာနအမည်နှင့်ကိုက်ညီသော လုပ်ငန်းတာဝန်များ တိုးမြှင့်ထမ်းဆောင်နိုင်ရေးအတွက် ဌာန၏ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

ရေးဆွဲတင်ပြထားသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဖွဲ့စည်းပုံအသစ်မှာ တာဝန်နည်းပါးသည့် ကျေးရွာအုပ်စုတချို့၌ နှစ်အုပ်စုတွင် မြေတိုင်းစာရေး ၁ ဦးနှုန်း၊ တာဝန်များပြားသည့် ကျေးရွာအုပ်စုတွင်မူ မြေတိုင်းစာရေး ၁ ဦးနှုန်းဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေခြိုးခြံချွေတာရေးနှင့် ဖွဲ့စည်းပုံအင်အားဖောင်းပွမှု မရှိစေရန်အတွက် စနစ်တကျတွက်ချက်ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

ရပ်၊ကျေး မြေစာရင်းမှူးများ ပိုမိုတိုးချဲ့ခန့်ထားနိုင်ရေးအတွက် လက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဖွဲ့စည်းပုံကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် အဆိုပြုရေးဆွဲတင်ပြထားသည့် ဝန်ထမ်းအင်အား ၂၀၇၀၂ ဦးပါရှိသော ဖွဲ့စည်းပုံအသစ်အား နိုင်ငံတော်မှ ခွင့်ပြုချထားပေးပါက လုပ်ငန်းတာဝန်များပြားသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁ အုပ်စုလျှင် တာဝန်ခံမြေတိုင်းစာရေး ၁ ဦးနှုန်း၊ လုပ်ငန်းတာဝန်နည်းပါးသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု(၂)ခုလျှင် တာဝန်ခံမြေတိုင်းစာရေး ၁ ဦးနှုန်းဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ဌာန၏ လုပ်ငန်းတာဝန်များကိုယခုထက် ပိုမိုလျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### လှိုင်သာယာ-ဟင်္သာတလမ်းပိုင်းကို ပြုပြင်တည်ဆောက်ပြီး ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ်မရှိသေး

လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **လှိုင်သာယာ-ဟင်္သာတရထားလမ်းပိုင်းသည် စီမံကိန်းပြီးစီးသွားသော်လည်း ပြေးဆွဲခြင်းမပြုတော့သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန် ကောင်းမွန်၍ စနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ပြန်လည်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လှိုင်သာယာ-ဟင်္သာတ လမ်းပိုင်းသည် ကားလမ်းနှင့်ယှဉ်လျက် တည်ရှိနေခြင်း၊ ကားဖြင့် အချိန်မရွေးသွားလာနိုင်ပြီး ကားလမ်းခရီးဖြင့် ၃ နာရီခွဲသာ ကြာမြင့်ခြင်း၊ ရထားစီးမည့် ခရီးသည်များ ရန်ကုန်မြို့တွင်းမှ လှိုင်သာယာအထိ ၁၆ ဒသမ ၁ မိုင်ခန့်ခရီးကို ကားဖြင့် ၁ နာရီ မိနစ် ၂၀ ခန့်သွားရောက်ပြီး လှိုင်သာယာကားဂိတ်မှတစ်ဆင့် ဘူတာသို့ ထပ်မံသွားရောက်ရခြင်း၊ ဟင်္သာတသို့ ညအချိန် ၈ နာရီခန့်မှသာ ရထားရောက်ရှိခြင်း စသည့်အချက်များကြောင့် ခရီးသည်များ သွားလာရေးအဆင်မပြေမှုများဖြစ်ပေါ်ပြီး ရထားအသုံးပြုမှု အလွန်နည်းပါးသွားရခြင်း ဖြစ်ပါကြောင်း။

လှိုင်သာယာ-ဟင်္သာတလမ်းပိုင်းစီမံကိန်းကို အထက်အာဏာပိုင်များ၏ လမ်းညွှန်ချက်များဖြင့်သာ အကောင်အထည်ဖော်ခဲ့ရခြင်းဖြစ်၍ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု မပြုလုပ်နိုင်ခြင်း၊ ရေဝပ်ဧရိယာများကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ရထား၏ အမြန်နှုန်းသည် ၁ နာရီလျှင် ၁၅ မိုင်ခန့်သာပြေးဆွဲနိုင်ပြီး ကားလမ်းခရီးနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း၊ ရထားပြေးဆွဲမှု ကုန်ကျစရိတ်မှာ စက်သုံးဆီဖိုးကိုမကာမိခြင်း စသည့် အကြောင်းများကြောင့် လှိုင်သာယာ-ဟင်္သာတလမ်းပိုင်း ရထားလမ်းပိုင်းပြေးဆွဲမှုကို ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်မှစ၍ ရပ်ဆိုင်းခဲ့ရပါကြောင်း။

ကောင်းမွန်၍ စနစ်ကျသည့် စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူလူထုက လိုလားသည့် လုံခြုံစိတ်ချ၊ လျင်မြန်၊ အချိန်မှန်၊ သက်သောင့်သက်သာရှိမည့် ရထားပြေးဆွဲမှုကို မဖြစ်မနေလိုအပ်လာပါက ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လက်ရှိပြေးဆွဲနေသည့် ရထားများ၏ အမြန်နှုန်းထက်မြင့်မားသည့် လျှပ်စစ်သုံးရထားများ ပြေးဆွဲနိုင်မည့် ရထားလမ်းကို လှိုင်သာယာနှင့်ရန်ကုန်ကြား တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပြီး စီးပွားရေးတွက်ခြေကိုက်စွာ ပြေးဆွဲနိုင်မည့်အခြေအနေတွင် စနစ်တကျ စီမံကိန်းချမှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် လက်ရှိတွင် လှိုင်သာယာ-ဟင်္သာတလမ်းပိုင်းကို ပြုပြင်တည်ဆောက်ပြီး ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။


ရေစကြိုမဲဆန္ဒနယ်မှ
ဒေါက်တာတင်ဌေးအောင်


လေးမျက်နှာမဲဆန္ဒနယ်မှ
ဦးဇော်မင်းသိန်း

### တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် Internet ချိတ်ဆက်အသုံးပြုနေသော ကျောင်းပေါင်း ၁၂၃ ကျောင်းရှိ

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၏ **အသိပညာ၊ အတတ်ပညာနှင့် စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှီငြမ်းမှုများ ရယူဆောင်ရွက်နိုင်သည့် e- Learning အတွက် "Internet Access" ကို အဆင်ပြေပြေ ကုန်ကျစရိတ်နည်းပါးစွာနှင့် ရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် Internet ချိတ်ဆက်အသုံးပြုနေသော ကျောင်းပေါင်း ၁၂၃ ကျောင်းရှိပြီး Internet မချိတ်ဆက်ရသေးသော ကျောင်းပေါင်း ၁၀ ကျောင်း ကျန်ရှိပါကြောင်း၊ e-Library အသုံးပြုနေသော ကျောင်းပေါင်း ၅၅ ကျောင်း၊ e-Library မရှိသော ကျောင်းပေါင်း ၅၃ ကျောင်းနှင့် e-Library ဆောင်ရွက်ဆဲ ကျောင်းပေါင်း ၂၅ ကျောင်းရှိပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ကျောင်းသား ကျောင်းသူ အရေအတွက်အပေါ်မူတည်၍ လုံလောက်သော Internet လိုင်းနှုန်းရရှိရန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ထည့်သွင်းလျာထား တောင်းခံဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုရန်ပုံငွေအရ Internet Access အတွက် သုံးစွဲလိုင်းနှုန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ဖြေကြားပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လူမှုအကျိုးပြုလုပ်ငန်း Corporate Social Responsibility(CSR) များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍအတွက် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းပေါင်း ၁၈၆ ကျောင်းတွင် Fiber,ADSL,Mobile စနစ်တို့ဖြင့် အင်တာနက်ဒေတာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူမှုအကျိုးပြုလုပ်ငန်း CSR များနှင့် ပတ်သက်၍ Internet Access ဆောင်ရွက်ပေးနိုင်သော သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်း၍ ဝန်ဆောင်ခနှုန်းထားများကို သက်သာစွာ ကောက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးနှင့် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်းကို အဆိုတင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသည့် မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဉယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က 'ဝ'ဒေသတွင် ခြံတစ်ခြံလျှင် ဧက ၅၀၀ ကျော်ရှိပါကြောင်း၊ ခြံထဲတွင် ကိုင်းဆက်သစ်ကြားမျိုး စိုက်ပျိုးပါကြောင်း၊ သစ်ကြားမျိုးအပင်၏အောက်တွင် ကော်ဖီနှင့် နာနတ်စိုက်ကြပါကြောင်း နှစ်စဉ် အချိန်တန်လျှင် တရုတ်ပြည်မှ ဝယ်လက်က စာချုပ်ချုပ်ဆိုပါကြောင်း၊ သစ်ကြားပင်၊ ကော်ဖီ၊ နာနတ် ပိုင်ရှင်များက မည်သည့်အရာမှ လုပ်စရာမလိုပါကြောင်း၊ စာချုပ်ချုပ်သည့်သူက ရေတိုက်၊ အစာကျွေး၊ သန့်ရှင်းရေး စသည်တို့လုပ်ပါကြောင်း၊ သစ်ကြားပင်သည် ရှစ်နှစ်ကျော်လျှင် အသီးသီးပါကြောင်း၊ ထို့ကြောင့် မြေအမြင့်တူ၊ ရာသီဥတုတူသည့် ဒေသဖြစ်သည့် ရခိုင်ရိုးမ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယား၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စီမံကိန်းချ၍ အကောင်အထည်ဖော်သင့်ပါကြောင်း။

ထန်းပင်သည်လည်း မြန်မာရာသီဥတုတွင် မည်သည့်နေရာမဆို စိုက်ပျိုး၍ ရပါကြောင်း၊ ရန်ကုန်-မန္တလေး ကားလမ်း၊ ရထားလမ်းဝဲ၊ ယာတွင် ထန်းပင်များသည် နိုင်ငံတော်အတွက် ၁၄ နှစ်ကြာလျှင် နောင်လာနောက်သားများအတွက် အသီးကို စည်သွတ်ဘူး၊ အရည်ကို ထန်းလျက်၊ အပင်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ပါကြောင်း၊ သစ်သီးဝလံစိုက်ပျိုးပြီးလျှင် နိုင်ငံခြားအထိ တင်ပို့နိုင်ရမည်ဖြစ်ပါကြောင်း၊ တင်ပို့သည့်အခါ သစ်သီးဝလံစစ်ဆေးခံသည့် Gamar Ray Machine စသည့် နည်းလမ်းများရှိရန်လည်း လိုအပ်ပါကြောင်း၊ Gamar နည်းစနစ်မရှိလျှင် မိမိတိုင်းပြည်မှ ပစ္စည်းကောင်းသော်လည်း လက်ခံမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ဉယျာဉ်ခြံ သစ်သီးဝလံဈေးကွက် မြင့်မားလာစေရန်အတွက် နိုင်ငံတော်မှ ပံ့ပိုးရေးအဆိုအား အကြံပြုထောက်ခံပါကြောင်း ဆွေးနွေးသည်။

### မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ဈေးကွက်ကောင်းရရန် ဖန်တီးရမည်ဖြစ်

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ဈေးကွက်ကောင်းရရန် ဖန်တီးရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်ရန်၊ မျိုးကောင်းမျိုးသန့်ရရန်၊ နည်းပညာရရန်၊ အခြားနိုင်ငံသို့တင်ပို့ရန် ထုပ်ပိုးမှုကောင်းရန်တို့ လိုအပ်ပါကြောင်း၊ အရေးကြီးဆုံးသည် အရင်းအနှီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘက်မှလည်း တောင်သူများအားအရင်းအနှီး လုံလောက်စွာထုတ်ပေးနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်စပ်၍ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

စီမံကိန်းများဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲခြားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက်၊ ဇုန်အလိုက်ဖြစ်ထွန်းနိုင်မည့် သီးနှံများရွေးချယ်၍ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးနိုင်ရေး၊ နည်းပညာများပေးနိုင်ရေး၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စက်ကိရိယာများ အသုံးပြုနိုင်ရေး၊ အရင်းအနှီးရနိုင်မည့် နည်းလမ်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေဖန်တီးပေးနိုင်ရေး စသည့်အချက်များ ပါဝင်သည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ဇုန်အလိုက် ရေးဆွဲဆောင်ရွက်ခြင်းဖြင့် နှစ်ရှည်ပင် သစ်သီးဝလံများသာမက အခြားသောသီးနှံစိုက်ပျိုးသူ တောင်သူလယ်သမားများပါ အာမခံချက်ရှိ၍ တောင်သူလယ်သမားများဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မျိုးစေ့၊ ပျိုးပင်ထုတ်လုပ်မှုအပိုင်းတွင် မျိုးကောင်း၊ မျိုးသန့်များကို ဌာနပိုင်ခြံများမှ ဖြန့်ဖြူးလျက်ရှိသကဲ့သို့ ပုဂ္ဂလိက ပျိုးဥယျာဉ်များမှလည်း ထုတ်လုပ်ဖြန့်ဖြူးပါကြောင်း၊ ပြည်တွင်း၌ လက်ရှိစိုက်ပျိုးထုတ်လုပ်လျက်ရှိသော မျိုးများအပြင် ပြည်ပမှ မျိုးသစ်များ တင်သွင်းမည်ဆိုပါက မျိုးစေ့ဥပဒေအရ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စားသုံးမှုအန္တရာယ်ကင်းစေရေးနှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးပြည့်ဝစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်နှင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန် နည်းပညာပေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

GAP စနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက အဆိုတင်သွင်းခဲ့မှုအပေါ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်သည့်အတွက် ဌာနအနေဖြင့် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နည်းပညာပေးလုပ်ငန်းများ၊ သင်တန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ တောင်သူများ ကြုံတွေ့ရသည့် အခက်အခဲကို အချိန်မီဖြေရှင်းပေးနိုင်ရန်အတွက်လည်း သိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာ မေးမြန်းချက်များကို Call Center ဖုန်းနံပါတ် ၀၆၇ - ၄၁၀၁၃၉နှင့် ၀၁ - ၂၃၉၉၅၅၅တို့မှ အချိန်မီ ဖြေကြားပေးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**စာမျက်နှာ ၇ သို့**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

## ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်း၊ တံတားကြီးများဥပဒေကြမ်းကို တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်း၊ တံတားကြီးများဥပဒေကြမ်းကို တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ပါချန်မြစ်ကူး ထိုင်း-မြန်မာကုန်သွယ်ရေးတံတား တည်ဆောက်ရန် အစီအစဉ်မရှိသေး

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ပါချန်မြစ်ကူး ထိုင်း-မြန်မာကုန်သွယ်ရေးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကော့သောင်းမြို့နယ်အတွင်း ပါချန်မြစ်ကူး ထိုင်း-မြန်မာ ကုန်သွယ်ရေးတံတားကို တည်ဆောက်ရန်အတွက် ထိုင်းနှင့်မြန်မာ သဘောတူညီထားမှုမရှိသေးသည့်အတွက် လတ်တလောအခြေအနေတွင် တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **အိမ်နီးချင်းနိုင်ငံမှ ကုန်ပျောသယ်ဆောင်သည့် ၂၂ ဘီးကားကြီးများ အခေါက်ရေရာထောင်မက အဆမတန် တန်ပိုဖြတ်သန်းသွားလာမှုကြောင့် ကချင်ပြည်နယ်၊ ဗန်းမော်၊ မြစ်ကြီးနား၊ ကန်ပိုက်တီး လမ်းမပေါ်ရှိ တံတားကြီးများ၏ အရည်အသွေးကျဆင်းနေမှုအပေါ် စစ်ဆေးကြပ်မတ်ပြုပြင်ရန် လိုအပ်နေသည်များကို အချိန်မီပြုပြင်ရန်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ကို ထိရောက်စွာ တားဆီးအရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် နှစ်စဉ်မိုးတွင်းကာလတွင် ၁၀ ဘီးနှင့်အထက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်တားဆီးရေး ဆောင်ရွက်ထားရန် ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းထားပါကြောင်း၊ ယခုနှစ်မိုးတွင်းကာလတွင်လည်း ၁၀ ဘီးနှင့် အထက်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုမရှိစေရန် စစ်ဆေးတားမြစ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ စိုက်ထူတားဆီးသွားမည်ဖြစ်ပြီး တန်ပိုတားဆီးရေးအဖွဲ့များ စနစ်တကျဖွဲ့စည်း၍ စည်းကမ်းဖောက်ဖျက်မှုများ မရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ ရပ်ကွက်(၃) ပီဝ-အလုံဘွေ-ဖောင်ပိုက်ကုန်း-ထလုံကုန်း-တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆမီး- ပီဝလမ်းပိုင်းခြောက်မိုင်နှင့်ပါထန်း-တပ်ချောင်းလမ်းပိုင်း ရှစ်မိုင် သုံးဖာလုံတို့ကို မြေသားလမ်းဖောက်လုပ်ရာတွင် လမ်းတာချဲ့ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပီဝ-အလုံဘွေ-ပါထန်းရွာလမ်းပိုင်း ငါးမိုင် ငါးဖာလုံအား ချင်းပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းနိုင်ရေးအတွက် စတင်တင်ပြသွားရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းတွင် သိမ်းသွင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေများတင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။



တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၁)မှ
ဒေါက်တာခင်မောင်ဝင်း



ကချင်ပြည်နယ်
မဲဆန္ဒနယ် အမှတ်(၁၁)မှ
ဒေါက်တာခွန်ဝင်းသောင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက **တံတားကြီးများ ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### လယ်ယာမြေနှင့်ပတ်သက်သည့် အစီအမံများ၊ သေချာစနစ်ကျသည့် မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်သင့်ကြောင်း ဆွေးနွေး

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန်လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းစသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရသည့် ပြဿနာသည် လက်ရှိတွင်ကြိုးပမ်းဖြေရှင်းနေရဆဲဖြစ်ပါကြောင်း၊ မြေနေရာသိမ်းဆည်းမှု ပြဿနာအပြင် နောက်ဆက်တွဲ ပေါ်ပေါက်လာသည်မှာ စိုက်ပျိုးရေးဆိုင်ရာမြေနှင့် အခြားမြေအမျိုးမျိုးကို ဥပဒေနှင့်မညီဘဲ ပြောင်းလဲအသုံးချလာခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တွင် အဆိုပါ ပြဿနာသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရသည့် ပြဿနာကဲ့သို့ ကြီးထွားလာနိုင်ပါကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးကို မှီခိုနေရသည့် နိုင်ငံအနေဖြင့် အဆိုပါ ပြဿနာ၏ အကျိုးဆက်ကို ရင်ဆိုင်လာရမည်ဖြစ်ပါကြောင်း။

လယ်ယာမြေ၊ ခြံမြေ၊ အခြားမြေများကို ဥပဒေနှင့်မညီဘဲ အနာဂတ်မြေအသုံးချမှုဆိုင်ရာ လိုအပ်ချက်များ၊ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးမှုနှင့် အများပြည်သူများ၏ ဆန္ဒကိုထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဆောင်ရွက်ရန်မသင့်ပါကြောင်း၊ ထို့ကြောင့် မြေယာ စီမံခန့်ခွဲမှုဆိုင်ရာ ပိုမိုအားကောင်းလာစေရန်အတွက် သက်ဆိုင်ရာ မြေယာနှင့် ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များအနေဖြင့် အစီအမံများကို ဆောင်ရွက်သည့်အခါတွင် ဥပဒေနှင့်အညီ ပြင်ဆင်သင့်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သင့်ပါကြောင်း၊ အဆိုရှင် တင်ပြခဲ့သည့်အတိုင်း လယ်ယာမြေနှင့် ပတ်သက်သည့် အစီအမံများ၊ နောင်အနာဂတ်အတွက် သေချာစနစ်ကျသည့် မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်သင့်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ထိရောက်စွာပြောင်းလဲစေလိုပါက အဆိုတွင် ပါဝင်သည့် အဆင့်ဆင့်သော ကော်မတီများတွင် ဖွဲ့စည်းပုံနှင့် တာဝန်အပ်နှင်းမှုပုံစံများကို ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ မိမိမြို့နယ် မိမိဒေသအကျိုးကို အမှန်တကယ်လိုလားစွာ ဆောင်ရွက်မည့် ဒေသခံပြည်သူအရေးအတွက် ပိုမိုပါဝင်သည့် ဖွဲ့စည်းပုံနှင့် ခေါင်းဆောင်မှု တာဝန်ပေးအပ်မှုမျိုးကို ပြောင်းလဲသင့်သည်ဟု အကြံပြုလိုပါကြောင်း၊ တာဝန်ရှိသူများ၏ ဥပဒေနှင့်မညီသည့် လုပ်ရပ်များအပေါ်တွင် အရေးယူရန် လိုအပ်နေပါကြောင်း၊ အကျင့်ပျက်ခြစားမှု အမြင့်ဆုံးထိပ်ပိုင်းနိုင်ငံများတွင် ပါဝင်နေသည့် မိမိတို့ နိုင်ငံသည် အရေးယူမှုနှင့် ကြပ်မတ်မှုများသည် အနိမ့်ဆုံးအဆင့်တွင် ရှိနေပါကြောင်း။

ယခုအချိန်တွင် မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကို တာဝန်ယူ တာဝန်ခံကြရသည့် ပုဂ္ဂိုလ်များသည် ဘတ်ဂျက်များကို စီမံခန့်ခွဲခြင်းအားဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ တာဝန်ယူထားကြသည့် ဝန်ကြီးဌာနများအောက်တွင် နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးနေမှုများ၊ ဥပဒေလက်တစ်လုံးခြား လုပ်နေမှုများနှင့် အကျင့်ပျက်ခြစားမှုများကိုပါ ထိထိရောက်ရောက် ကြပ်မတ်ကိုင်တွယ်စီမံခြင်းအားဖြင့် ပြုပြင်ပြောင်းလဲမှုကိုပါ တစ်ပြိုင်တည်းတာဝန်ယူလုပ်ဆောင်ရမည်ကို အကြံပြုလိုပါကြောင်း၊ လွှတ်တော်တွင် ဆွေးနွေးနေသည့် အဆိုကိုလည်း အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် ခေါင်းစဉ်လောက်သာ မကြည့်ဘဲ ကိုယ်စားလှယ်များတစ်ဦးချင်း ဆွေးနွေးနေသည့် အကြောင်းအရာများကို သေချာလေ့လာ၍ လေးလေးနက်နက် သုံးသပ်ဆောင်ရွက်စေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

○ စာမျက်နှာ ၆ မှ

ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မည့် အရေးပေါ်ပြန်လည်ထူထောင်ရေး အစီအစဉ် စီမံကိန်းဆောင်ရွက်ရာတွင် ဥယျာဉ်ခြံသီးနှံများအတွက် မျိုးစေ့ပျိုးပင်ထောက်ပံ့ခြင်း၊ စံပြပျိုးရုံများ တည်ထောင်၍ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အအေးခန်းသိုလှောင်အိမ်များ ပံ့ပိုးမည့် အစီအစဉ်၊ မျိုးစေ့သိုလှောင်ရုံ တည်ဆောက်မည့် အစီအစဉ်များကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စီမံကိန်းအသွင်သဏ္ဌာန်ထက် လက်တွေ့အကျိုးရှိထိရောက်မည့် လုပ်ငန်းအစီအမံများဖြင့် "သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်းအတွက်သာမက ပြည်ပတင်ပို့မှုအတွက်ပါ အလားအလာကောင်းရှိသော အရည်အသွေးမီ သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများကို ဦးစားပေးအစီအစဉ်ဖြင့် အောင်မြင်ဖြစ်ထွန်းသည့် ဒေသအလိုက် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုကို အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ပြည်ပမှတင်သွင်းသည့် စက်ဆီ၊ ချောဆီများအား နမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများ၏ ပြည်ပမှ စက်ဆီချောဆီတင်သွင်းခြင်းနှင့်ပတ်သက်၍ စိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိရာတွင် စက်ဆီချောဆီ New Brand ပထမအကြိမ် တင်သွင်းမှုကိုသာနမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး အရည်အသွေးမှန်ကန်ပါက ထုတ်ယူဖြန့်ဖြူးသုံးစွဲခွင့်ပြုခဲ့ပါသည်။

၂။ ယခုကဲ့သို့ ပြည်ပမှတင်သွင်းသည့် စက်ဆီချောဆီများနှင့်ပတ်သက်၍ တင်သွင်းသည့်စက်ဆီချောဆီတိုင်း အရည်အသွေးကောင်းမွန်မှန်ကန်မှုရှိစေပြီး ပြည်တွင်းဈေးကွက်အတွင်း သုံးစွဲသူပြည်သူလူထု၏ ယုံကြည်မှုပိုမိုရရှိစေရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တင်သွင်းသည့် အကြိမ်တိုင်း နမူနာရယူပြီး အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ပါကြောင်းနှင့် အရည်အသွေး မှန်ကန်မှုရှိမှသာ ထုတ်ယူဖြန့်ဖြူးသုံးစွဲခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရန့်ချောင်းကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော်ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအမှတ်(၃၄) BGB တပ် Mong joypara ကင်းစခန်းမှ Naib Subedar Md. Shahidul Islam ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်မှ ၁၁ နာရီ ၅၅ မိနစ် အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုး လမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၁/၂)မှ (၄၂) အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ရေဘေးသင့်ပြည်သူများအား ဆက်လက်ထောက်ပံ့လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရာ ဖွင့်လှစ်ခဲ့သော စခန်းစုစုပေါင်း ၃၈၉ ခုတွင် ၃၃၈ ခု ပိတ်သိမ်းပြီးဖြစ်သည်။

ယခုရက်ပိုင်းအတွင်း တနင်္သာရီမြို့နယ်နှင့် ဘားအံမြို့တို့တွင် ရေအနည်းငယ် ပြန်တက်လာကြောင်းနှင့် လက်ရှိအခြေအနေအရ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ဆဲစခန်း စုစုပေါင်း ၅၁ ခု၊ အိမ်ထောင်စု ၄၄၈၄ စု၊ လူဦးရေ ၂၀၉၃၈ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေက ကျပ်သိန်း ၃၀၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၄၉၃၈ ဒသမ ၀၅၉ သိန်းတန်ဖိုးရှိ ပစ္စည်းနှင့် ငွေများထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ ဇူလိုင်လထိ | ၂၀၁၈ ဇူလိုင်လထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၇၃၈၅၇၄ | ၇၄၅၁၆၀ | ၆၅၈၆ | (+) ၁ % |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၃၉၈၄ | ၆၉၃၆ | ၂၉၅၂ | (+) ၇၄ % |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၂၂၉၈၅ | ၂၅၂၉၇ | ၂၃၁၂ | (+) ၁၀ % |
| | **ဗီဇာဖြင့်လာရောက်သူပေါင်း** | ၇၆၅၅၄၃ | ၇၇၇၃၉၃ | ၁၁၈၅၀ | (+) ၂ % |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၂၅၄၂၀၉ | ၁၁၉၂၆၂၀ | -၆၁၅၈၉ | (-) ၅ % |
| | စုစုပေါင်း | ၂၀၁၉၇၅၂ | ၁၉၇၀၀၁၃ | -၄၉၇၃၉ | (-) ၂ % |

**❐ (၁၈) ကြိမ်မြောက်မှ**

မြန်မာအသင်းနှင့်ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ဂျပန်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

**ပထမအဆင့်ဖြင့်ပန်းဝင်**

ဆက်လက်၍ ပလန်ဘမ်မြို့ရှိ Jakabaring Lake Rowing ၌ ကျင်းပသည့် အမျိုးသမီးနှစ်ယောက်တွဲ မီတာ ၂၀၀၀ နှင့် အနောက်တိုင်းလှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ရွှေဇင်လတ်နှင့် နီလာဝင်းအတွဲက စံချိန်(၈း၃၃း၈၀) စက္ကန့် ပထမအဆင့်ဖြင့် ပန်းဝင်ခဲ့သောကြောင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသား ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲတွင် မြန်မာမှ ရဲထွန်းနောင်နှင့် ကျော်စွာဝင်းတို့ ယှဉ်ပြိုင်ရာ ရမှတ် ၅၇၇ မှတ်ဖြင့် အဆင့် ၁၁ ရရှိခဲ့ပြီး ကွာလီဖိုင်းဝင်ရန် ရမှတ်နှစ်မှတ် အလိုဖြင့်သာ ကျေနပ်လိုက်ရကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၁၃၄၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၈ ခုနှစ်(ဧပြီလမှ ဇူလိုင်လထိ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၇၂ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၅၂ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၉၂၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှ ဇူလိုင်လထိ) တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၉၅ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၈၂ သန်းဖြစ်၍ ပြည်ပ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၅၇၇ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၉၇၇ သန်း၊ သွင်းကုန်တွင် ဒေါ်လာသန်း ၃၇၀ ပိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၄၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -

တန်ဖိုးဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဇူလိုင်လထိ) (ယာယီ) | ၂၀၁၇ (ဧပြီလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၉၃၂. ၅၃၅ | ၁၀၈၇. ၃၅၄ | -၁၅၄. ၈၁၉ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၀၅. ၄၈၆ | ၄. ၃၅၉ | ၁၀၁. ၁၂၇ |
| ၃ | ရေထွက်ပစ္စည်းများ | ၁၉၄. ၁၄၇ | ၁၇၄. ၃၀၂ | ၁၉. ၈၄၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၆၅၁. ၉၂၄ | ၃၅၈. ၂၅၅ | ၂၉၃. ၆၆၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၁. ၇၁၆ | ၇၇. ၁၀၀ | -၁၅. ၃၈၄ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၉၄၇. ၉၈၄ | ၂၁၇၆. ၇၅၉ | ၇၇၁. ၂၂၅ |
| ၇ | အခြားပစ္စည်းများ | ၅၇၈. ၁၄၆ | ၆၁၆. ၉၁၈ | -၃၈. ၇၇၂ |
| | စုစုပေါင်း | ၅၄၇၁. ၉၃၈ | ၄၄၉၅. ၀၄၇ | ၉၇၆. ၈၉၁ |

၃။ ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ ဇူလိုင်လထိ) သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၅၂ သန်းရှိပြီး ယခင်နှစ်ကာလတူသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၈၂ သန်းရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၇၀ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဇူလိုင်လထိ) (ယာယီ) | ၂၀၁၇ (ဧပြီလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၂၂၉၂. ၂၀၄ | ၂၂၃၈. ၇၂၉ | ၅၃. ၄၇၅ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၂၅၁၇. ၀၂၃ | ၂၃၃၉. ၂၈၈ | ၁၉၇. ၇၃၅ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၆၂၃. ၁၀၄ | ၁၅၀၃. ၆၅၉ | ၁၁၉. ၄၄၅ |
| | စုစုပေါင်း | ၆၄၅၂. ၃၃၁ | ၆၀၈၁. ၆၇၆ | ၃၇၀. ၆၅၅ |

# ဒဂုံမြို့သစ်(ဆိပ်ကမ်း) အထည်ချုပ်စက်ရုံမှ အလုပ်သမားများ ဆန္ဒထုတ်ဖော်

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကနောင်မင်းသားကြီးလမ်း စက်မှုဇုန်(၁)ရှိ ဖုယွင် (FUYUEN) အထည်ချုပ်စက်ရုံ၌ ယနေ့နံနက် ၇ နာရီမှစတင်ကာ စက်ရုံအလုပ်သမား ၁၀၀ ခန့်က စက်ရုံရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**ဆန္ဒဖော်ထုတ်**

အထည်ချုပ်စက်ရုံ မန်နေဂျာက ဩဂုတ် ၂၀ ရက်တွင် စက်ရုံလုပ်သား ၃၀ အား အလုပ်မှ ရပ်စဲခဲ့သည့်အတွက် စက်ရုံအလုပ်သမားများက မကျေနပ်၍ ယနေ့တွင် အလုပ်ခွင်သို့မဝင်ကြဘဲ စက်ရုံရှေ့တွင် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်က "အလုပ်ရှင်၊ အလုပ်သမား ပြဿနာတွေကတော့ မကြာခဏဖြစ်တတ်ပါတယ်။ ရန်ကုန်ဟာ အဓိက စီးပွားရေးအချက်အချာနေရာမို့ စက်ရုံအလုပ်ရုံတွေ ပေါများသလို ဒီလိုပြဿနာတွေ မကြာခဏ ဖြစ်ရပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဒီလိုပြဿနာတွေ၊ ဖြစ်စဉ်တွေ၊ ဆန္ဒဖော်ထုတ်မှုတွေဖြစ်လာရင် အဆင့်ဆင့်တိုင်ကြားနိုင်တဲ့၊ ဖြေရှင်းညှိနှိုင်းနိုင်တဲ့ ယန္တရားတွေကို အကောင်အထည် ဖော်ထားပြီးဖြစ်ပါတယ်။ ပြဿနာတွေကြုံလာတိုင်း၊ ဆန္ဒပြတိုင်း၊ ညှိနှိုင်းပြေလည်မှုရရှိတဲ့အထိ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေတဲ့ ဌာနဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့် သဘောအရပြောရရင် ဆန္ဒဖော်ထုတ်တာထက် စားပွဲမှာ ထိုင်ဆွေးနွေးကြတာဟာ ပိုပြီး ထိရောက်မှုလည်းရှိ၊ အကျိုးလည်းများပါတယ်"ဟု ပြောသည်။

**ကြုံတွေ့ရ**

ထို့ပြင် ဆန္ဒဖော်ထုတ်ခြင်းများ ဖြစ်ပွားမှုကို ဌာနအနေဖြင့် ကိုင်တွယ်ဖြေရှင်းသည့်အခါ ကြုံတွေ့နေရသည့် အခက်အခဲမှာ ဆိုရှယ်မီဒီယာနှင့် အခြားမီဒီယာများပေါ်တွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား စသည်ဖြင့် ဘက်ပေါင်းစုံကို စေ့ငုအောင် မေးမြန်းပြီးဆုံးခြင်းမတိုင်မီ ဆန္ဒပြသည့် သတင်းများကို ဖော်ပြခြင်းကြောင့် ပြဿနာများ ပိုမိုကြီးထွားလာတတ်သည်ကို ကြုံတွေ့ရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ရှင်၊ အလုပ်သမားဆန္ဒထုတ်ဖော်မှုမျိုးကို ၂၀၁၇ ခုနှစ် စက်တင်ဘာလကလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မင်းမင်း(ဆိပ်ကမ်း)၊ မခင်ရတနာ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ


လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း



ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို တည်ထားလျက်ရှိပါသည်။

ယင်းသို့ တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ကိုးမျိုးနှင့်အညီဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာမင်္ဂလာ ကိုးမျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္ထက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာနှင့် သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် စက်တင်ဘာ ၁ ရက်တွင် အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာနှင့် အတွင်းစေတီတော် ရွှေစင် ရွှေသား ရွှေထီးတော်တင် မဟာမင်္ဂလာတို့ကို ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါ မဟာမင်္ဂလာ လေးမျိုးတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊
(ခ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ဂ) ရွှေထီးတော်တင် မဟာမင်္ဂလာ၊
(ဃ) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဦးသောင်းဝင်း ညွှန်ကြားရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) ရုံးအမှတ်(၃၁) နေပြည်တော် ဖုန်း- ၀၆၇-၃၄၀၆၂၇၆၊ ၀၉-၄၂၀၇၀၁၄၆၃
(၂) ဦးမောင်မောင်မျိုး ညွှန်ကြားရေးမှူး နေပြည်တော် သာသနာရေးမှူး ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ် နေပြည်တော် ဖုန်း- ၀၆၇-၃၅၅၀၁၈၃၊ ၀၉-၂၁၃၂၁၉၁
(၃) ဦးကြင်ခိုင် ညွှန်ကြားရေးမှူး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ကမ္ဘာအေးဘုရားဝင်း ရန်ကုန်မြို့ ဖုန်း- ၀၁-၆၆၁၂၇၅၊ ၀၉-၈၆၀၀၁၁၃၊ ၀၉-၅၁၈၃၄၇၁
(၄) ဦးကျော်စိန်ဝင်း ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ၆၂ လမ်း မန္တလေးမြို့ ဖုန်း- ၀၂-၄၀၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀၊ ၀၉-၄၃၁၂၅၃၇၃
(၅) ဦးရဲအောင်နိုင် စီမံဌာနမှူး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၃၃၀၅၂၂၅၈
(၆) ဦးထွန်းအောင်ငွေ ရုံးအဖွဲ့မှူး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၇၃၂၄၄၁၄၇၊ ၀၁-၃၇၁၀၈၉
(၇) ဦးကျော်နိုင်ထွန်း ရုံးအဖွဲ့မှူး ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၂၅၀၀၀၃၁၈၀၊ ၀၁-၂၉၂၁၆၉
(၈) ဦးမြင့်အုန်း ရုံးအဖွဲ့မှူး ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၂၅၀၆၇၇၂၈၉၊ ၀၁-၆၆၀၀၀၂
(၉) ဦးမောင်မောင်ဦး အတွင်းရေးမှူး ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း- ၀၉-၇၇၇၀၃၅၄၉၈
(၁၀) ဦးချစ်ကိုကို ရုံးအဖွဲ့မှူး ဖုန်း- ၀၉-၇၉၇၁၃၁၈၇၃
(၁၁) ဦးစိုးလင်း ဥက္ကဋ္ဌ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း- ၀၉-၂၀၀၁၇၆၇
(၁၂) ဦးသိန်းထွန်း ရုံးအဖွဲ့မှူး ဖုန်း- ၀၉-၄၄၄၀၄၄၄၇၅
(၁၃) ဦးသိန်းထွန်း ဥက္ကဋ္ဌ မန္တလေးတောင်တော် ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း- ၀၉-၂၀၁၂၄၀၂

# သာခုပရိယတ္တိစာသင်တိုက်နှင့် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်များရှိ သံဃာတော်များအတွက် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သာခုပရိယတ္တိစာသင်တိုက်နှင့် ရန်ကင်းမြို့နယ်ရှိ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်များရှိ သံဃာတော်များအတွက် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်များ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သာခုပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ ဥဂ္ဂံသမဟာထေရ်ထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာခုပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းပြီး ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းဂေါပကအကျိုးတော်ဆောင် ဦးညွန့်ငွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ယင်းနောက် သာခုပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် တိုက်ကြပ်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီဟာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် တိုက်ကြပ်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးရွှေဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် တိုက်ကြပ်ဆရာတော်က ရေစက်ချအနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**ရန်ကုန် ဩဂုတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း၌ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ)တွင် ကျင်းပသည်။

လှူဒါန်းပွဲတွင် အလှူရှင် သုဓမ္မဏီဇောတဓရ ဦးထွန်းဖေ-သုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့် (နိုင်မိသားစုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

# ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး ဟောပြော

**ဖြူး ဩဂုတ် ၂၁**

ရထားရဲတပ်ဖွဲ့ အမှတ် (၁၁)တပ်ခွဲ တပ်စု(၃)ဖြူးမှ တပ်စုမှူး ရဲအုပ် စိုးနိုင်ဝင်း ဦးစီးအဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သာခုကန်ကျေးရွာအုပ်စု ဆားဂွန်းကျေးရွာမူလွန်ကျောင်း၌ ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး၊ ရထားနှင့် ယာဉ်တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားကြိတ်ခံရသည့် ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ချပြရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကန့်သတ်မှုရှိပေမယ့် ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းလုပ်ရမယ့်အလုပ်တွေဆိုရင် တံခါးဖွင့်ပြီး ဆောင်ရွက်နေတယ်ဆိုတာကို ပြောလိုပါတယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်

## (ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်(၂၀၁၆)၏ အကာအကွယ်ပေးမှု၊ မြေယာအသုံးချခွင့်၊ ဥပဒေအရတားမြစ်ထားသည့်လုပ်ငန်းများ၊ ဝင်ငွေခွန်ကင်းလွတ်သက်သာခွင့်ရသည့် ဦးစားပေးကဏ္ဍများ)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

ရဲခေါင်ညွှန့်၊ ဇော်ကြီး
ဓာတ်ပုံ-ဖိုးဇော်


ဦးသန်းအောင်ကျော်


ဦးငွေချွန်


ဦးအေးလွင်


ဒေါ်မြသူဇာ

(ယမန်နေ့မှအဆက်)

**မေး။ ။ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်တွေကို အကာအကွယ်ပေးတာနဲ့ပတ်သက်ပြီး တချို့မသိသေးတဲ့အချက်တွေရှိပါတယ်။ ဘယ်လိုအကာအကွယ်ပေးနေသလဲ။ ဘယ်လိုအကာအကွယ်ပေးထားသလဲဆိုတာလေး သိချင်ပါတယ်။**

ဦးသန်းအောင်ကျော်။ ။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုရဲ့ အခြေခံ သဘောတရား၊ ကျွန်တော်တို့ဒေသတွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ သဘောတူညီချက်တွေဆိုရင် နှစ်ဖက်သဘောတူညီချက်တွေ၊ ဒေသတွင်း သဘောတူညီမှုတွေ ရှိတယ်။ အဲဒီမှာ ရင်းနှီးမြှုပ်နှံမှု လာလုပ်မယ့်သူတွေအတွက် သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံတွေက အကူအညီပေးဖို့ တာဝန်ရှိတယ်။ ကျွန်တော်တို့ ဥပဒေတွေထဲမှာလည်း အဲဒီကိစ္စကို အတိအလင်းပြဋ္ဌာန်းထားတယ်။

### ကတိကဝတ်နဲ့ ကာကွယ်မှု

ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ခုတည်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာကိုက နိုင်ငံတော်ရဲ့အခြေခံမူ ပုဒ်မ ၂၆(ဃ)ကိုကြည့်ရင် နိုင်ငံတော်က စီးပွားရေးလုပ်ငန်းတွေကို ဘယ်တော့မှ ပြည်သူပိုင် မသိမ်းဘူးလို့ ပြဋ္ဌာန်းထားပြီးသား။ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဘာကိုပြထားသလဲဆိုရင် ရင်းနှီးမြှုပ်နှံမယ့်သူ ဝင်လာတယ်။ သူတင်ပြတဲ့အတိုင်း အနှစ် ၂၀၊ ၃၀၊ ၅၀ စသည်ဖြင့် ခွင့်ပြုလိုက်တယ်။ ခွင့်ပြုထားတဲ့ ကာလအတွင်းမှာ သူက ဥပဒေအတိုင်းလုပ်နေသရွေ့ သူ့ကို သွယ်ဝိုက်ပြီးသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း အဲဒီလုပ်ငန်းကို ရပ်စေ၊ သိမ်းစေ မလုပ်ဘူးလို့ အာမခံထားတယ်။ ဒါပေမယ့် နိုင်ငံအတွက်၊ တိုင်းပြည်အတွက် လိုလာပြီ။ မဖြစ်မနေ ဒီလုပ်ငန်းကို ပိတ်သိမ်းဖို့ လိုအပ်လာရင် ပြည်သူ့အတွက် ပိတ်သိမ်းနိုင်တယ်။ ဒါပေမယ့် စည်းကမ်းချက်တွေရှိတယ်။ အဲဒီလို ပိတ်သိမ်းမှုတွေလုပ်တဲ့အခါ ဘက်မလိုက်ရဘူး။ ဥပဒေနဲ့အညီ လုပ်ရမယ်။ အဲဒီလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်အားလုံးကို နစ်နာမှုမရှိအောင် အမြန်ဆုံး ပေးလျော်ပြီးမှ ပိတ်သိမ်းနိုင်တယ်။ ဒါဟာ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံသူတွေအတွက် ပေးထားတဲ့ ကတိကဝတ်နဲ့ ကာကွယ်မှုပါ။

ဦးအေးလွင်။ ။ ကျွန်တော် ဖြည့်ပြောချင်တာက အစိုးရကပဲ၊ တာဝန်ရှိတဲ့ ဌာနတွေကပဲ ပြေလည်အောင် လုပ်ပေးမယ်၊ ဖြေလျှော့ပေးမယ်၊ လွယ်ကူအောင် လုပ်ဆောင်ပေးမယ်ဆိုတာတွေကို လုပ်ဖို့လိုသလို ပြည်တွင်းရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ တိုင်းရင်းသားဖြစ်ဖြစ်၊ နိုင်ငံခြားသားဖြစ်ဖြစ် ဥပဒေအတိုင်း စနစ်တကျလုပ်ဖို့လိုပါတယ်။ ကျင့်ဝတ်ကောင်းတဲ့၊ ကျင့်ဝတ်လိုက်နာတဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ဖို့လိုပါတယ်။ အကာအကွယ်ပေးတယ်ဆိုတာ ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးတာပါ။ ရင်းနှီးမြှုပ်နှံသူကို အကာအကွယ်ပေးတာမဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုက တိုင်းပြည်အတွက် အင်မတန်အရေးကြီးတယ်ဆိုရင် အားပေးမယ်။ စောင့်ကြည့်မယ်။ ကာကွယ်ပေးမယ်။ လိုအပ်တာတွေကူညီပေးမယ်။ လုပ်ငန်းရှင်က ဥပဒေချိုးဖောက်နေရင်တော့ သူ့ကို အကာအကွယ်ပေးလို့မရဘူး။ ချိုးဖောက်တဲ့ ဥပဒေအတိုင်း အရေးယူခွင့်ရှိပါတယ်။

### ဥပဒေအတိုင်း လိုက်နာဖို့

ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် ပုဒ်မ ၅၅ မှာ ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ရန် တာဝန်ရှိသည်ဆိုတာပါတယ်။ ဒါပေမယ့် အောက်ပါအချက်အလက် လေးခုမှအပ ဆိုတာပါတယ်။ နံပါတ် (၁) နိုင်ငံတော်နှင့် ပြည်သူအတွက် အဲဒီလုပ်ငန်းကို အမှန်တကယ်လိုအပ်တဲ့အခါမှာ (၂) ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီအဖွဲ့ဝင်တွေထဲမှာ တည်ဆဲဥပဒေတွေကို ကျော်လွှားချိုးဖောက်ထားမယ်ဆိုရင် ကာကွယ်ပေးလို့ မရပါဘူး။ (၃) ရင်းနှီးမြှုပ်နှံသူနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ လုပ်ငန်းရှင်အချင်းချင်း နှစ်ဖက်သဘောတူ ချုပ်ဆိုထားတဲ့ ကတိကဝတ်တွေကို ဖောက်ဖျက်ခဲ့ရင် ကာကွယ်ပေးလို့ မရပါဘူး။ (၄) ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေအပါအဝင် ကျင့်ဝတ်ကောင်းတယ်၊ ပတ်ဝန်းကျင် မထိခိုက်ဘူး၊ ပြည်သူတွေကို မထိခိုက်ဘူး ဆိုတဲ့ အချက်တွေကို ချိုးဖောက်ထားရင် ကာကွယ်လို့မရပါဘူး။ ကာကွယ်ရင် တရားစွဲခွင့်ရှိပါတယ်။ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ပေးပါ။ လျော်ကြေးပေးသင့်တာကို ပေးပါမယ်။ မပေးသင့်ဘူးဆိုရင်လည်း ပေးစရာမလိုဘူးလို့ ဥပဒေမှာ ဖော်ပြထားပါတယ်။ ကျွန်တော်ဆိုလိုတာက ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ နှစ်ဦးနှစ်ဖက် အစိုးရရော ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်အားလုံးကရော ရိုးသားစွာဖြင့် ကျင့်ဝတ်ကောင်းကောင်းနဲ့ ကြိုးစားလုပ်ဖို့ လိုတယ်ဆိုတဲ့ အကြောင်း၊ ဥပဒေအတိုင်း လိုက်နာဖို့ လိုတယ်ဆိုတဲ့ အကြောင်း ဖြည့်စွက်ပြောကြားတာပါ။

**မေး။ ။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ မြေနဲ့ပတ်သက်ပြီး ဘယ်လိုအသုံးပြုခွင့်ပေးထားလဲ ဆိုတာကို ဆွေးနွေးပေးစေချင်ပါတယ်။**

ဒေါ်မြသူဇာ။ ။ မြေနဲ့ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းတစ်ခု လုပ်မယ်ဆိုရင် လုပ်ငန်းအမျိုးအစား၊ လုပ်ကိုင်မယ့်နေရာဒေသအပေါ် မူတည်ပြီးတော့ ငှားရမ်းဆောင်ရွက်ခွင့်ရှိတယ်။ အရင်ကတော့ ပုဂ္ဂလိကမြေမှာ ငှားရမ်းဆောင်ရွက်ခွင့်မရှိပါဘူး။ နိုင်ငံတော်မြေပဲ ငှားရမ်းဆောင်ရွက်ခွင့်ရှိတာကြောင့် ၂၀၁၁ မှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာ အမှတ် ၃၉/၂၀၁၁ ဆိုပြီးတော့ ထုတ်တယ်။ ၁၉၈၇ မရွှေ့မပြောင်းနိုင်တဲ့ ကန့်သတ်ဥပဒေ ပုဒ်မ ၁၄၊ ၁၅ အရ သတ်မှတ်ထားတာက နိုင်ငံခြားသားကို ငှားရမ်းရင် ၁၀ နှစ်ထက် ပိုမငှားရဘူး။ အဲဒါကို ဖောက်ထွက်ဖို့အတွက် အမိန့်ကြော်ငြာစာထုတ်ပေးတယ်။ အဲဒီ အမိန့်ကြော်ငြာစာ အရဆိုရင် ပုဂ္ဂလိကမြေကို ငှားရမ်းဆောင်ရွက်ခွင့်ရှိတယ်။ ဒါကြောင့် ၂၀၁၂ ဥပဒေ ပြဋ္ဌာန်းတာနဲ့ ပုဂ္ဂလိကမြေကို ငှားရမ်းဆောင်ရွက်ခွင့်ရှိတာနဲ့ သဟဇာတဖြစ်သွားတဲ့ အတွက် ရင်းနှီးမြှုပ်နှံမှုက တိုးတက်လာပါတယ်။ အခု ဥပဒေမှာဆို အတိအလင်းဖော်ပြထားပါတယ်။ မြေငှားရမ်းမယ်ဆို ပုဂ္ဂလိကကဖြစ်စေ၊ နိုင်ငံတော်အဖွဲ့အစည်းက ငှားရမ်းသည်ဖြစ်စေ သက်တမ်းပြည့် ငှားရမ်းခွင့် နှစ် ၅၀ နဲ့ နောက်ထပ် ၁၀ နှစ်စီ နှစ်ကြိမ် သက်တမ်းတိုးနိုင်တယ်လို့ပြဋ္ဌာန်းခဲ့ပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံတာနဲ့ပတ်သက်ပြီး ဥပဒေအရ တားမြစ်ထားတဲ့ လုပ်ငန်းတွေရှိလား ဆိုတာကိုလည်း ဆွေးနွေးပေးစေချင်ပါတယ်။**

ဦးသန်းအောင်ကျော်။ ။နိုင်ငံတိုင်းက ရင်းနှီးမြှုပ်နှံတာနဲ့ ပတ်သက်ပြီး ခွင့်ပြုတဲ့အခါ ကိုယ့်နိုင်ငံသားတွေ လုပ်နိုင်တဲ့အလုပ်တွေ၊ ကိုယ့်အစိုးရကပဲ လုံခြုံရေးအရ အရေးကြီးတယ်၊ တိုင်းပြည်အတွက် မဟာဗျူဟာကျတယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ယဉ်ကျေးမှုတွေနဲ့ပတ်သက်တယ်၊ အဲဒီလို လုပ်ငန်းမျိုးတွေဆို နိုင်ငံခြားသားတွေကို မပေးပါဘူး။ ကျွန်တော်တို့က ဥပဒေအရ အမိန့် ၁၅/၂၀၁၇ ဆိုတာကို ထုတ်ပြန်လိုက်တယ်။ ဒါကတော့ ဘယ်နိုင်ငံမဆို ရင်းနှီးမြှုပ်နှံမှုဥပဒေ ထွက်ပြီးရင် နိုင်ငံခြားသားတွေကို ဘယ်လုပ်ငန်းတွေ ခွင့်ပြုမယ်။ ဘယ်လုပ်ငန်းကိုတော့ ဖက်စပ်လုပ်ပိုင်ခွင့်ပြုမယ်။ ဘာကိုတော့ ရာနှုန်းပြည့် ခွင့်ပြုတယ်ဆိုတဲ့ အမိန့်ကို အားလုံးသိအောင် ကြေညာရတယ်။ ဒီသဘောတိုင်းပဲ ကျွန်တော်တို့ ဆောက်ရွက်ခဲ့တာ ဖြစ်ပါတယ်။

နံပါတ်တစ် အစိုးရကပဲ လုပ်ရမယ့် လုပ်ငန်းတွေ နိုင်ငံတိုင်းမှာ ရှိတယ်။ ဥပမာ ကာကွယ်ရေးနဲ့ပတ်သက်ရင် အစိုးရကပဲ လုပ်ရမယ်။ လေယာဉ်ပျံ၊ လေကြောင်းပျံသန်းမှုတွေကို ထိန်းသိမ်းကြပ်မတ်တာတွေ၊ ဒီလိုအရာမျိုးတွေကို အစိုးရကပဲ ကိုင်တွယ်ဆောင်ရွက်ပါတယ်။ ပြည်တွင်းလည်း မပေးဘူး။ ပြည်ပလည်း မပေးပါဘူးလို့ တိတိလင်းလင်း ကြေညာထားတယ်။ လုပ်ငန်းအမျိုးအစား ကိုးခုပဲ ရှိတယ်။

ဒုတိယတစ်ခုကတော့ နိုင်ငံခြားသားလုပ်ငန်းရှင်ကို လုံးဝမပေးဘဲ ပြည်တွင်းက လုပ်ငန်းရှင်ကိုပဲ ခွင့်ပြုထားတာ ရှိတယ်။ ဥပမာ ရေချိုငါးဖမ်းတာမျိုး၊ ကျွန်တော်တို့ဆီမှာရှိတဲ့ သာမန်တံငါလုပ်သူ၊ စီးပွားရေးလုပ်ငန်းရှင် အသေးစားတွေကို နိုင်ငံခြားသား သွားထည့်လိုက်ရင် ကျွန်တော်တို့ ပြည်တွင်းက သူတွေမှာ အခက်အခဲဖြစ်လာနိုင်တယ်။ နောက်ရေနံတွင်းတိမ် လက်ယက်တွင်းလေးတွေ တူးတာမျိုး ကျွန်တော်တို့ ခွင့်မပြုဘူး။ သစ်တောတွေကို ထိန်းကျောင်းဆောင်ရွက်တဲ့ ကိစ္စတွေလည်း နိုင်ငံခြားသားကို ခွင့်မပေးပါဘူး။ ကျောက်မျက်တူးတဲ့ကိစ္စတွေ နိုင်ငံခြားသားတွေကို ခွင့်မပေးပါဘူး။ ဒီလို မပေးဘူးဆိုတဲ့ လုပ်ငန်းတွေကိုလည်း သေသေချာချာ တိတိကျကျ ထုတ်ပြန်ထားတယ်။

### ဖက်စပ်လုပ်ငန်း

နောက်တစ်ခုကတော့ နိုင်ငံခြားသားနဲ့ မြန်မာနိုင်ငံသား ဖက်စပ်လုပ်လို့ ရပါတယ်ဆိုတဲ့ လုပ်ငန်းကိုလည်း အသေးစိတ် ထုတ်ပြန်ထားပါတယ်။ ဖက်စပ်လုပ်ငန်းမှာ လုပ်ငန်းတော်တော်များများပါတယ်။ အဓိကက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ ကိုယ့်နိုင်ငံသားတွေချည်းပဲ မလုပ်နိုင်တဲ့ ကိစ္စတွေရှိတယ်။ အရင်းအနှီးမရှိဘူး။ နည်းပညာမရှိဘူး။ ဒီလုပ်ငန်းကို ဖွံ့ဖြိုးစေချင်တယ်။ ဒါမျိုးဆိုရင် ကျွန်တော်တို့က ဖက်စပ်လုပ်ငန်းထဲမှာ ထည့်ထားတယ်။ ဖက်စပ်လုပ်ငန်းဆိုရင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းအထိ ထည့်လို့ရတယ်။

နောက်တစ်ခုကတော့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ၁၀၀ ရာခိုင်နှုန်းခွင့်ပြုနိုင်တယ်။ ဖက်စပ်နဲ့လည်း ခွင့်ပြုနိုင်တယ်။ ဒါပေမယ့် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဒီလုပ်ငန်းကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့လုပ်ငန်း ဟုတ်၊ မဟုတ်။ ဒ့ါအပြင် နည်းပညာနဲ့ပတ်သက်မှုပိုင်းအရရော သူက ကျွမ်းကျင်တဲ့၊ အတွေ့အကြုံရှိတဲ့ လုပ်ငန်း ဟုတ်၊ မဟုတ်၊ ဝန်ကြီးဌာနက သေသေချာချာစစ်ဆေးပြီး ခွင့်ပြုမယ့်လုပ်ငန်းဆိုပြီး သေသေချာချာ ခွဲထားတယ်။ ပြန်ပြောရရင် ကန့်သတ်တဲ့လုပ်ငန်းဆိုတာ အစိုးရ နိုင်ငံတော်ကပဲ လုပ်ရမယ့်လုပ်ငန်းတွေကို ကျွန်တော်တို့ ကန့်သတ်ထားပါတယ်။ ပြီးတော့မှ နိုင်ငံသားတွေအတွက်ပဲ သီးခြားထားရမယ့်လုပ်ငန်းတွေကို ကာကွယ်ပြီး ကန့်သတ်ထားပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံခြားသားနဲ့ ကျွန်တော်တို့တစ်တွေ ဖက်စပ်လုပ်ဖို့ ခွင့်ပြုထားတဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ နိုင်ငံခြားသားတွေ ၁၀၀ ရာခိုင်နှုန်း လုပ်နိုင်တဲ့လုပ်ငန်းတွေလည်း ခွင့်ပေးထားပါတယ်။

စိုက်ပျိုးရေးကဏ္ဍဆိုရင် ကျွန်တော်တို့မှာ မျိုးကောင်းမျိုးသန့် ရှားတယ်။ အဲဒါနဲ့ပတ်သက်ပြီး ထုတ်လုပ်တဲ့ ကုမ္ပဏီတွေနည်းတယ်။ ဒါမျိုးဆိုရင် မျိုးထုတ်တာနဲ့ ပတ်သက်ပြီး နိုင်ငံခြားသားကို ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုထားတယ်။ စိုက်ပျိုးရေးကဏ္ဍမှာလည်း နိုင်ငံခြားသားကို ၈၀ ရာခိုင်နှုန်းအထိ လုပ်ခွင့်ပေးထားတယ်။ ကန့်သတ်မှုရှိပေမယ့် ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း လုပ်ရမယ့်အလုပ်တွေဆိုရင် တံခါးဖွင့်ပြီး ဆောင်ရွက်နေတယ်ဆိုတာကို ပြောလိုပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး တိုးမြှင့်ပြီး သတ်မှတ်ထားတဲ့ ဆောင်ရွက်မှုတွေရှိလား။ သီးခြားတိုးမြှင့်ခွင့်ပေးထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရှိတယ်ဆိုရင် နိုင်ငံအတွက် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလဲဆိုတာလေး ဆွေးနွေးပေးစေလိုပါတယ်။**

ဦးငွေချွန်။ ။အခု ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာပွင့်လင်း မြင်သာမှုရှိတယ်ဆိုတဲ့အပိုင်းမှာ တစ်ခုပါဝင်တာက ဦးစားပေးသတ်မှတ်တဲ့ ကဏ္ဍကို သီးခြားဖော်ပြထားပါတယ်။ ဥပဒေပုဒ်မ ၄၃ မှာပါပါတယ်။ အမိန့်ကြော်ငြာစာ ၁၃/၂၀၁၇ မှာဆိုလည်း ဦးစားပေးမြှင့်တင်မည့် ကဏ္ဍများဆိုပြီး သတ်မှတ်ထားပါတယ်။ အဲဒီကဏ္ဍထဲမှာပါတဲ့ လုပ်ငန်းတွေကိုပဲ ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးပါတယ်။ **စာမျက်နှာ ၁၁ သို့** ❖

**❝ပြည်တွင်းရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ တိုင်းရင်းသားဖြစ်ဖြစ်၊ နိုင်ငံခြားသားဖြစ်ဖြစ် ဥပဒေအတိုင်း စနစ်တကျလုပ်ဖို့ လိုပါတယ်။ ကျင့်ဝတ်ကောင်းတဲ့၊ ကျင့်ဝတ်လိုက်နာတဲ့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်ဖို့လိုပါတယ်။ အကာအကွယ်ပေးတယ်ဆိုတာ ရင်းနှီးမြှုပ်နှံမှုကို အကာ အကွယ်ပေးတာပါ❞**

# အင်းတော်မြို့နယ် ပေကုန်းကျေးရွာတွင် ချောင်းကမ်းပါးပြိုကျ၍ နေအိမ်တစ်လုံးပြောင်းရွှေ့ခဲ့ရ

**အင်းတော် ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံပဲကျေးရွာအုပ်စု၌ ဩဂုတ် ၂၀ ရက်က မိုးရွာသွန်း၍ လေးတန်ချောင်းရေတိုးလာကာ ချောင်းကမ်းပါးများပြိုကျခြင်းကြောင့် မံပဲအုပ်စု ပေကုန်းကျေးရွာရှိ လူနေအိမ် တစ်လုံးမှာ အရေးပေါ်ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။



"ချောင်းကမ်းပါးပြိုကျမှုကြောင့် ဒီအိမ်က မနှစ်ကလည်း ပြောင်းရွှေ့ခဲ့ရပြီး မကြာသေးမီရက်ပိုင်းကလည်း ပြောင်းရွှေ့ခဲ့ရလို့ ခုဆို သုံးကြိမ်တိုင်တိုင် ပြောင်းရွှေ့ခဲ့ရတာပါ။ နေအိမ်ခြံဝင်းမြေက ကမ်းပါးပြိုကျတာကြောင့် ခြံဝင်းတစ်ဝက် ဆုံးရှုံးခဲ့ရပါတယ်"ဟု ဒေသခံ ဦးသန်းစိုးငြိမ်းက ပြောသည်။

"ရေလမ်းကြောင်း ပြောင်းလဲနိုင်ရေးအတွက် ရေလမ်းကြောင်း ဖောက်လုပ်ခြင်း၊ ကမ်းထိန်းနံရံတည်ဆောက်ခြင်းတို့ကို အချိန်မီ မပြုလုပ်ရင် ချောင်းကမ်းပါးပြိုကျလို့ ပေကုန်းကျေးရွာပိုင် မြေဧရိယာတွေ ဆုံးရှုံးမှုနဲ့ ကြုံတွေ့နေရမှာ ဖြစ်ပါတယ်။ ဒီလို လူနေအိမ်တွေလည်း ပြောင်းရွှေ့နေရပြီး ပျက်စီးဆုံးရှုံးမှုများစွာရှိနိုင်ပါတယ်။ ဒါကြောင့် ကမ်းထိန်းနံရံတည်ဆောက်ခြင်းနဲ့ ရေလွှဲလမ်းကြောင်းတည်ဆောက်ခြင်းတို့ကို အချိန်မီ ပြုလုပ်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**ကိုမင်း(အင်းတော်)**



# သံလွင်မြစ်ရေမြင့်တက်၍ ကယ်ဆယ်ရေးစခန်းများ ထပ်မံဖွင့်လှစ်

**လှိုင်းဘွဲ့ ဩဂုတ် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် ရွှေဂွန်းကျေးရွာတို့တွင် သံလွင်မြစ်ရေ ဒုတိယအကြိမ်မြင့်တက်၍ စိုးရိမ်ရေမှတ်ထက် ကျော်လွန်နေကြောင်း သိရသည်။

သံလွင်မြစ်ရေသည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ရွှေဂွန်းကျေးရွာ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသဖြင့် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော ဒေသခံပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း နှစ်ခုမှ သုံးခုထိ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ အိမ်ထောင်စု ၄၁၁ စု လူဦးရေ ၁၈၆၁ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြောင်းရွှေ့နေထိုင်သူများနှင့် ရေဘေးသင့်၍ သွားလာရခက်ခဲသော ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများက ဆန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို သွားရောက်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ရွှေဂွန်း၊ ကျုံပကို၊ ဂျို့ချောင်း၊ သာယာကုန်းကျေးရွာများသို့ သွားလာရခက်ခဲနေပြီး အဆင်ပြေစွာသွားလာနိုင်ရေး စက်လှေများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သိန်းသန်း(မြန်/ဆက်)**

# သံလွင်မြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာမှုကြောင့် ကားလမ်းအချို့ရေကျော်

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲပိုင်း တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည့်အတွက် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံခဲ့၍ အဓိကဆက်သွယ်ရေးလမ်းများပေါ် ရေကျော်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့ရှိ ရပ်ကွက် ကိုးခုတွင် ရေဝင်ရောက်လျက်ရှိပြီး မြို့တွင်းလမ်းများနှင့် အဓိကဆက်သွယ်ရေးလမ်းများဖြစ်သော ဘားအံ-မော်လမြိုင်သွားကားလမ်းရှိ ဘားအံ-ထုံးအိုင်လမ်းပိုင်း၊ ကော့ကျိုက်-ဇာသပြင်လမ်းပိုင်း၊ ကမ်းနားလမ်းတစ်လျှောက်နှင့် ဘားအံ-သထုံလမ်းပိုင်းတို့တွင် ရေကျော်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးရုံရှေ့တွင် ရေအနက် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ သံလွင်တံတားထိပ်တြိဂံလမ်းဆုံတွင် ရေအနက် တစ်ပေခွဲခန့် ရေကျော်လျက်ရှိကြောင်း၊ ဘားအံ-မော်လမြိုင်သွားကားလမ်းရှိ ဝါးဆူး၊ ရွှေတော၊ ကော့ပရံ၊ ခလောက်နိုင်း၊ မူးကဝါကျေးရွာများတွင် ကားလမ်းမပေါ် ရေကျော်လျက်ရှိပြီး



ရေစီးသန်သည့်အတွက် အနေးယာဉ်များနှင့် ယာဉ်ငယ်များ သွားလာရခက်ခဲလျက်ရှိကြောင်း သိရသည်။

ကားလမ်းများ ရေကျော်မှုကြောင့် မော်တော်ယာဉ်လိုင်းများ ပြေးဆွဲမှု ရပ်ဆိုင်းထားခြင်းမရှိကြောင်းကို မော်တော်ယာဉ်လက်မှတ်အရောင်းစာရေးတစ်ဦးက "ရန်ကုန်၊ သထုံ၊ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီး ကားလိုင်းတွေက ဒီနေ့ထိတော့ ရပ်နားထားတာမရှိပါဘူး။ ခုညကားတွေ ထွက်ကြမှာပါ။ မနက်ဖြန်တော့ မသိသေးပါဘူး။ ရေဆက်တက်နေမယ်၊ ကားတွေ သွားလို့မရတော့ဘူးဆိုရင်တော့ ကားလိုင်းတွေ နားရမှာပါ"ဟု ပြောသည်။

ယနေ့ချိန်ထိ ကားလမ်းများရေကျော်မှုကြောင့် ယာဉ်ငယ်များမှအပ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိဘဲ မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း၊ ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# လေဘေးသင့် အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း ထောက်ပံ့လှူဒါန်း

**သုံးခွ ဩဂုတ် ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ထုံးကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာနှင့် ဖွဲထော်ကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာတို့တွင် ဩဂုတ် ၂၀ ရက် နံနက် ၅ နာရီခွဲက လေပြင်းတိုက်ခတ်ခဲ့၍ ဘုန်းတော်ကြီးကျောင်း အမိုးများလန်ခြင်း၊ လူနေအိမ်သုံးလုံး ပြိုကျခြင်းနှင့် လူနေအိမ် ၁၄ လုံး အမိုးများလန်ခဲ့ကြောင်း သိရသည်။

ယင်းလေဘေးသင့်အိမ်ထောင်စုများ၏ မိသားစုဝင်များထံ ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီက ဒေါင့်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ၊ တာပေါ်လင်စများကို အိမ်ထောင်စု ၁၈ စုသို့ ထောက်ပံ့ပေးအပ်ရာ သုံးခွမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းနိုင်၊ ဒုတိယတပ်ဖွဲ့မှူး ဦးခင်ထွန်းနှင့် မြို့နယ်ကြက်ခြေနီအသင်း၊ သူနာပြုတပ်ဖွဲ့ဝင်များက သွားရောက်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

❖ စာမျက်နှာ ၁၀ မှ

အဲဒီကဏ္ဍတွေက လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်လုပ်ငန်းတွေ၊ လယ်ယာကဏ္ဍထွက်ကုန်တွေ၊ လယ်ယာကဏ္ဍထုတ်လုပ်မှုလုပ်ငန်းတွေ၊ လယ်ယာထုတ်လုပ်မှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုများ အဲဒီလယ်ယာထွက်ကုန်တွေကို ထပ်ပြီး အဆင့်မြှင့်တဲ့ value-added Industry ကို ခွင့်ပြုပါတယ်။ value-added Industry တွေတိုးလာရင် နိုင်ငံဝင်ငွေကို ပိုမိုရအောင်နဲ့ တန်ဖိုးအရည်အသွေးမြင့်ကုန်တွေ ထွက်လာပါတယ်။

### ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်

နောက်တစ်ခုက တိရစ္ဆာန်မွေးမြူရေးနဲ့ ရေထွက်ပစ္စည်းလုပ်ငန်းပါ။ အဲဒါလည်း ဦးစားပေးမြှင့်တင်မယ့်အထဲမှာ ပါပါတယ်။ နောက်ထပ် ပို့ကုန်မြှင့်တင်တဲ့လုပ်ငန်းနဲ့ သွင်းကုန်အစားထိုး လုပ်ငန်းတွေကလည်း ဦးစားပေးထဲမှာ ပါပါတယ်။ လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍဆိုင်ရာ လုပ်ငန်းတွေ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်မှုလုပ်ငန်း၊ စက်မှုမြို့တော် တည်ဆောက်မှုလုပ်ငန်းတွေပါ။ ဦးစားပေးမြှင့်တင်မယ့်လုပ်ငန်းက ၁၀ မျိုးဖြစ်ပါတယ်။ အဲဒီထဲမှာ ပါမှသာလျှင် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးမယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောထားပါတယ်။

**ဥတု ရာသီ တောကို မှီ၏**

**မေး။ ။ပြည်သူတွေအတွက် အခြေခံအကျဆုံး ဦးစားပေး ရင်းနှီးမြှုပ်နှံမှုက ဘာတွေဖြစ်မလဲ ဆိုတာလည်း ဖြည့်စွက်ဆွေးနွေးပေးပါဦး။**

ဦးအေးလွင်။ ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းပေါ်ပေါက်လာတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရအဖွဲ့ကနေ ၁၉၈၉-၁၉၉၀ ခုနှစ်မှာ ပုဂ္ဂလိကလုပ်ငန်းတွေ ပေးလုပ်ပါတယ်။ အဲဒီအချိန်မှာ ကတည်းက တော်တော်များများကို ပွင့်ပွင့်လင်းလင်းပေးလိုက်တယ်။ ၁၉၉၄ ခုနှစ်ကစပြီး နောက်ထပ် မူဝါဒတွေပါတယ်။ ပုဂ္ဂလိကတွေ ပေးတယ်။ စက်မှုဇုန်တွေတည်ထောင်ခဲ့တယ်။ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း ၁၊ ၂၊ ၃ စသည်ဖြင့် ရန်ကုန်မှာ အများကြီး ပေါ်ပေါက်ခဲ့ပါတယ်။ အစိုးရက မြေပေးတော့ပေးတယ်။ အဲဒီမှာ နိုင်ငံခြားသားတွေ ပြည်တွင်းက အချို့နဲ့ပေါင်းပြီး တရားမဝင်မြေယာ ဝယ်ယူမှုတွေလုပ်ပြီး မြေကို ကစားတယ်။ အဲဒါတွေက နှစ် ၂၀ လောက် ဖွံ့ဖြိုးတိုးတက်လာတယ်။ တကယ်တမ်း ရင်းနှီးမြှုပ်နှံမှု အချိန်ကျရောက်တဲ့အခါမှာ မြေဈေးကြီးတာတွေ ကြုံရတယ်။ ဒါဟာ နစ်နာသွားတဲ့ အချက်တစ်ချက်ပါ။ မူလကတည်းက ဒါကို စနစ်တကျ မကာကွယ်ခဲ့လို့ ဖြစ်တာလို့ ယူဆတယ်။

### တက်ညီလက်ညီရှိခဲ့ဖို့

စက်မှုလက်မှုအခြေခံတွေ ဖွံ့ဖြိုးတိုးတက်မယ်၊ ကုန်ထုတ်စွမ်းအားတွေ ဖွံ့ဖြိုးတိုးတက်မယ်၊ ဒါမှ ကျွန်တော်တို့ တိုင်းပြည်စီးပွားရေး တကယ်ဖွံ့ဖြိုးတိုးတက်မှာ။ စက်မှုလက်မှုအခြေခံတွေ ဖွံ့ဖြိုးတိုးတက်ဖို့က အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ကောင်းမွန်ရေး၊ အခြားအခြေခံအဆောက်အအုံ ကောင်းမွန်ရေး၊ အရင်းအနှီးတွေကအစ နိုင်ငံတော်က တည်ဆောက်ပေးဖို့နဲ့ ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်။ ဈေးကွက်ရဖို့၊ နည်းပညာမြင့်မားတိုးတက်ဖို့၊ နည်းပညာတွေဝယ်ယူဖို့က ပုဂ္ဂလိကတွေနဲ့ ဆိုင်တယ်။ အဲဒီနှစ်ခုက ယှဉ်တွဲပြီး အတူတူတက်နိုင်အောင် တက်ညီလက်ညီရှိခဲ့ဖို့ လိုတယ်။ ဒါတွေ အားနည်းခဲ့လို့ ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းတွေ အားနည်းခဲ့တာပါ။

အရင်ခေတ်က ကျွန်တော်တို့မှာ တီဗွီလာတာနဲ့ စီးပွားရေးဦးတည်ချက် လေးရပ်လာတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းကို အားပေးမယ်ဆိုတာပါတယ်။ အရင်ခေတ်က ကုန်ကြမ်းကိုပဲ နိုင်ငံခြားဝင်ငွေရရှိအောင် ပြည်ပကိုတင်ပို့တယ်ဆိုတဲ့အရာကိုပဲ ရာခိုင်နှုန်းတော်တော်များများကို အခြေခံခဲ့ပေမယ့် ဒီဘက်ခေတ်မှာတော့ နည်းပညာကိုအခြေခံပြီး တန်းဖိုးမြှင့်ထုတ်ကုန်တွေကို ထုတ်ဖို့ သွားရပါပြီ။ အဲဒီလိုသွားတဲ့အခါမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေ ပူးပေါင်းဖို့ လိုပါတယ်။ ပြည်ပက လူတွေ ဖိတ်ခေါ်တဲ့အခါ ရဲရဲဝံ့ဝံ့ စနစ်တကျ လွယ်ကူမယ်၊ မှန်ကန်မယ်၊ မြန်ဆန်မယ်ဆိုတဲ့စနစ်အပြင် စည်းကမ်းပါ ပါရမယ်။ ပြည်တွင်းစည်းကမ်းကို ပွင့်ပွင့်လင်းလင်းပြောပြဖို့ လိုသလို ပြည်တွင်းက သူတွေကလည်း လိုက်နာဖို့လိုမယ်။ ပြည်တွင်းကို အားပေးတဲ့ ဥပဒေတွေထုတ်ပြီး ပြည်ပကို အားပေးတဲ့ ဥပဒေထုတ်ဖို့ နှောင့်နှေးကြန့်ကြာနေရင်လည်း မလွယ်ဘူး။ ဥပမာ သီလဝါအထူးစီးပွားရေးဇုန်ကြီး ပေါ်လာတယ်။ ကျွန်တော်တို့အတွက် အများကြီး ကောင်းပါတယ်။ အထူးစီးပွားရေးဇုန်မပေါ်ခင် အထူးစီးပွားရေးဇုန်ဥပဒေ ထွက်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နှစ်ပေါင်း ၂၀ လောက် ရှိပြီ။ ပြည်တွင်းစက်မှုဇုန် အမြောက်အမြားကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဖော်ပါတယ်။ မြေကွက်တွေ ဖော်ထားပြီးတော့ ဒီနေ့အထိ တိုးတက်ဖွံ့ဖြိုးမှုမရှိတဲ့ စက်မှုဇုန်တွေ ရန်ကုန်မှာလည်း အများကြီး ရှိနေပါတယ်။ အဲဒီစက်မှုဇုန်အတွက် ဥပဒေတွေကို အစိုးရအဆက်ဆက် ပြီးအောင်မရေးဆွဲနိုင်သလို ဒီနေ့အထိလည်း ပြီးအောင်မရေးဆွဲနိုင်သေးဘူး။

စနစ်ကျတဲ့ ဘောင်ထဲမှာ ပြည်တွင်းလုပ်ငန်းရှင်တွေလည်း ရပ်တည်နိုင်ရင်းနဲ့ တစ်ဆင့်နိမ့်လုပ်ငန်းတွေ လုပ်နိုင်အောင်လို့ လျှပ်စစ်မီး ရရှိရေး၊ မလိုလားအပ်တဲ့ အနှောင့်အယှက်တွေ မဖြစ်ပေါ်ရေး၊ နောက်ဆုံး အလုပ်သမား၊ အလုပ်ရှင် ဥပဒေမှာ တရားမျှတဲ့ ဥပဒေဖြစ်ရေး ဒါတွေအားလုံးကို ဒီဘက်ခေတ်မှာ စနစ်တကျဖြစ်အောင် တော်တော်လေး လုပ်လာပါတယ်။ ခြုံပြောရရင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ အဆင်ပြေချောမွေ့အောင် နိုင်ငံတော်အဖွဲ့အစည်းတွေက ပံ့ပိုးကူညီပြီး ဆောင်ရွက်ရမယ်။ ဝန်ကြီးဌာနအချင်းချင်း ကွဲလွဲနေတာတွေ၊ ညှိနှိုင်းဆောင်ရွက်မှု အားနည်းနေတာတွေ ရှိနေတယ်။ ခေတ်အဆက်ဆက်အားနည်းနေတာက တိကျသေချာတဲ့ အောက်ခြေသတင်းအချက်အလက်တွေ ရရှိမှုပါ။ ကနေ့အထိလည်း မူလက ဓနိနဲ့နေတဲ့ရွာတွေ သွပ်နဲ့နေနိုင်တယ်။ မီးမရှိတဲ့ ရွာတွေ ရာခိုင်နှုန်းတော်တော်များများ ဆိုလာမီးကအစ ရနေပေမယ့် စနစ်ကျတဲ့ ဖွံ့ဖြိုးမှု အားနည်းနေပါသေးတယ်။ ဘဏ်စနစ်အပါအဝင် အရာအားလုံးကို စနစ်တကျလုပ်ဖို့ အခုအချိန်က အင်မတန်အရေးကြီးနေတဲ့ အချိန်ပါ။ အဲဒီရဲ့ အဓိကကတော့ လုပ်ငန်းရှင်နဲ့ ပြည်သူများ တစ်သားတည်းပါရပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

# စစ်ကြောင့် ကွဲကွာခဲ့ရသော ကိုရီးယားမိသားစုဝင်များ ပြန်လည်တွေ့ဆုံ



**ဆိုးလ် ဩဂုတ် ၂၀**
၁၉၅၀ ပြည့်လွန် အစောပိုင်းနှစ်ကာလများက ဖြစ်ပွားခဲ့သော ကိုရီးယားစစ်ပွဲ နောက်ပိုင်း ကွဲကွာခဲ့ရသည့်မိသားစုဝင်များ ပြန်လည်တွေ့ဆုံပွဲတွင် ပါဝင်ဆင်နွှဲရန် တောင်ကိုရီးယားနိုင်ငံသား ၈၈ ဦးသည် ဩဂုတ် ၂၀ ရက်တွင် မြောက်ကိုရီးယားနိုင်ငံဘက်သို့ သွားရောက်ခဲ့ကြောင်း အင်န်အိပ်ချ်ကေသတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

### ပြန်လည်ဆုံစည်း

နှစ်နိုင်ငံအကြား စစ်မဲ့ဇုန်သတ်မှတ်မျဉ်းကို ဖြတ်ကျော်ကာ တောင်ကိုရီးယားနိုင်ငံသားများ သွားရောက်ခဲ့ခြင်းဖြစ်သည်။ တောင်နှင့်မြောက် နှစ်နိုင်ငံခေါင်းဆောင်တို့၏ ဧပြီလသဘောတူညီချက်အရ ကွဲကွာနေသော ဆွေမျိုးသားချင်း ရာပေါင်းများစွာတို့ ပြန်လည်ဆုံစည်းခွင့် ရရှိခြင်းဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံသားများသည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ မြို့တစ်မြို့မှ စစ်မဲ့ဇုန် သတ်မှတ်မျဉ်းကို ဘတ်စ်ကားများဖြင့် ဖြတ်ကျော်ပြီး မြောက်ကိုရီးယားနိုင်ငံနယ်မြေအတွင်းသို့ ဝင်ရောက်ကြသည်။

### တွေ့ဆုံ

တောင်ကိုရီးယားနိုင်ငံသား ၈၈ ဦးသည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ကုမ်ဂန်တောင်အပန်းဖြေစခန်း၌ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံခဲ့ကြသည်။ ယင်းအပန်းဖြေစခန်းမှာပင် မြောက်ကိုရီးယား ၈၃ ဦးပါဝင်သောအဖွဲ့သည် တောင်ကိုရီးယား၌ နေထိုင်နေကြသော ၎င်းတို့၏ ဆွေမျိုးသားချင်းများနှင့် ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ တွေ့ဆုံရန်လည်း စီစဉ်ထားသည်။

တောင်ကိုရီးယား၏ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ ကြေညာချက်အရ ဇူလိုင်လအထိ တောင်ကိုရီးယားနိုင်ငံသား ၅၆၀၀၀ ခန့်သည် စစ်ကြောင့် ဆွေမျိုးသားချင်းများ ကွဲကွာခဲ့ရသူများအဖြစ် စာရင်းပေးထားကြပြီး ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းကျော်မှာ အသက် ၈၀ နှင့်အထက် အသက်အရွယ်ရှိသူများဖြစ်ကြသည်။

**အင်န်အိပ်ချ်ကေ**

# တီဟီရန်၌ ပြုလုပ်သည့် ကာကွယ်ရေးပြပွဲတွင် ပြည်တွင်းဖြစ် ဂျက်တိုက်လေယာဉ်သစ်ကို ပြသ

**တီဟီရန် ဩဂုတ် ၂၀**
အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဩဂုတ် ၂၀ ရက်က ကျင်းပသည့် ကာကွယ်ရေးပစ္စည်းပြပွဲတွင် ပြည်တွင်းဖြစ် ဂျက်တိုက်လေယာဉ်သစ်တစ်စင်းကို ခင်းကျင်းပြသထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရန်အမျိုးသားကာကွယ်ရေး စက်မှုပြပွဲတွင် ကိုဆာအမည်ရှိ ပြည်တွင်းဖြစ်ဂျက်တိုက်လေယာဉ်ကို ပြသခဲ့ပြီး ယင်းလေယာဉ်၏ လေယာဉ်မောင်းခန်းတွင် ထိုင်နေသည့် အီရန်သမ္မတဟတ်ဆန်ရိုဟာနီ၏ရုပ်ပုံကို အီရန်အစိုးရ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။

ဂျက်တိုက်လေယာဉ်သစ်ကို ပြည်တွင်း၌ပင် ရာနှုန်းပြည့်တည်ဆောက်ခဲ့ပြီး စတုတ္ထမျိုးဆက်တိုက်လေယာဉ် အမျိုးအစားဖြစ်သည့် ယင်းတိုက်လေယာဉ်သည် ခေတ်မီမြို့ပြလေကြောင်းလုပ်ငန်းသုံး အီလက်ထရွန်နစ်ပစ္စည်းများကို တပ်ဆင်ထားကာ ဘက်စုံသုံးရေဒါစနစ်လည်း ပါရှိကြောင်း တက်စနင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယင်းတိုက်လေယာဉ် စမ်းသပ်ပျံသန်းမှုများကို အောင်မြင်စွာ ပြုလုပ်ခဲ့ပြီး အများပြည်သူများမြင်ကွင်း၌ ပထမဆုံးအကြိမ်ပျံသန်းပြသမှု ပြုလုပ်ရန်အတွက် စောင့်စားနေကြောင်း အီရန်အစိုးရ ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

အီရန်ကာကွယ်ရေးဝန်ကြီး အမီယာဟာတာမီက ဩဂုတ် ၁၄ ရက်တွင် တိုက်လေယာဉ်သစ်နှင့် ပတ်သက်၍ အများပြည်သူသို့ ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် ပြည်သူများအား မိတ်ဆက်မည်ဟု ဆိုသည်။

ဂျက်တိုက်လေယာဉ်သစ် စီမံကိန်းနှင့် ပတ်သက်၍ ဝန်ကြီးဟာတာမီက အသေးစိတ်ပြောကြားခြင်းမရှိပေ။ အီရန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ် အဆင့်မြှင့်တင်မှုကိုသာ ၎င်းက အလေးအနက်ထားပြောကြားခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များက အီရတ်နိုင်ငံနှင့် ဖြစ်ပွားခဲ့သည့် ရှစ်နှစ်ကြာစစ်ပွဲကာလအတွင်း ဒုံးကျည်လက်နက်ဖြင့် ပစ်ခတ်ခံရခြင်းကြောင့် ဒုံးကျည်ကာကွယ်ရေးအစီအစဉ်ကို အလေးပေးဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အေအက်ဖ်ပီ**

# ဗြိတိန်ရေတပ်၏ အကြီးဆုံးစစ်သင်္ဘောကြီး ကွင်းအယ်လစ်ဇဘက် လေယာဉ်တင်သင်္ဘော ရေကြောင်းခရီးစဉ် စတင်

**လန်ဒန် ဩဂုတ် ၂၀**
ဗြိတိန်နိုင်ငံ၏ တော်ဝင်ရေတပ်မတော်အတွက် တည်ဆောက်ခဲ့ဖူးသမျှ စစ်သင်္ဘောများအနက် အကြီးဆုံး စစ်သင်္ဘောဖြစ်သော အိပ်ချ်အမ်အက်စ်ကွင်းအယ်လစ်ဇဘက် အမည်ရှိ လေယာဉ်တင်သင်္ဘောကြီးသည် ဌာနေဆိပ်ကမ်းမြို့ဖြစ်သည့် ပို့စ်မောက်မြို့မှ အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။



### ခရီးစတင်

အိပ်ချ်အမ်အက်စ်ကွင်းအယ်လစ်ဇဘက် လေယာဉ်တင် သင်္ဘောကြီး၏ ပထမဆုံးသော ပင်လယ်ရေကြောင်း ခုတ်မောင်းသည့် ခရီးစဉ်အဖြစ် ဩဂုတ် ၁၈ ရက်တွင် ခရီးစတင်ခဲ့သည်။ အတ္တလန္တိတ်သမုဒ္ဒရာဖြတ် အထူးခရီးစဉ်အတွင်း ယင်း သင်္ဘောကြီးပေါ်ရှိ စစ်လေယာဉ်များက သင်္ဘောပေါ်မှ ပျံတက်ခြင်းနှင့် သင်္ဘောပေါ်သို့ ဆင်းသက်ခြင်းတို့ကို လေ့ကျင့်ရန် စီစဉ်ထားသည်။

အထူးခရီးစဉ်မှာ ရက်သတ္တ ၁၁ ပတ်ကြာမြင့်မည်ဖြစ်ပြီး အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်နှစ်စင်းက စမ်းသပ်ပျံသန်းမည် ဖြစ်သည်။ အဆိုပါလေယာဉ်တင် သင်္ဘောကြီးသည် အမေရိကန် အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းဒေသသို့ စက်တင်ဘာလ အစောပိုင်းတွင် ရောက်ရှိမည်ဟု မျှော်လင့်ရသည်။

အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ် ရေတပ်စခန်းပိုင် လေကြောင်းစခန်း၌ စမ်းသပ်မှု ပြုလုပ်စဉ်အတွင်း အက်ဖ်-၃၅ ဘီ အမျိုးအစား တိုက်လေယာဉ်နှစ်စင်းက လေယာဉ်တင် သင်္ဘောကြီး၏ကုန်းပတ်ပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

### ပူးပေါင်း

စုပေါင်းစမ်းသပ်ရေးတပ်ဖွဲ့ စစ်လေယာဉ်များ စမ်းသပ်ပျံသန်းမှုကို အထောက်အကူပေးနိုင်ရန် လေသူရဲများ၊ အင်ဂျင်နီယာများ၊ ပြုပြင်ထိန်းသိမ်းရေး လုပ်သားများ၊ သတင်းအချက်အလက် လေ့လာဆန်းစစ်သူများ အပါအဝင် ကျွမ်းကျင်သူ ၂၀၀ ခန့်က ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

တန်ချိန် ၆၅၀၀၀ ရှိ လေယာဉ်တင်သင်္ဘောကြီးသည် စစ်လေယာဉ် အစင်း ၆၀ အထိ သယ်ဆောင်နိုင်စွမ်း ရှိသည်ဆို၏။

**ဆင်ဟွာ**

# တာလီဘန်များပစ်ခတ်သည့် ဒုံးကျည်များ အာဖဂန်သမ္မတနန်းတော်အနီးသို့ ကျရောက်

**ကဘူး ဩဂုတ် ၂၀**
အာဖဂန်နစ္စတန် နိုင်ငံမြို့တော်ကဘူးရှိ သမ္မတနန်းတော်အနီးသို့ တာလီဘန် သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ဒုံးကျည်အချို့ ကျရောက် ထိမှန်ခဲ့ကြောင်း၊ ယင်းသို့ ဒုံးကျည်များကျရောက်ချိန်မှာ သမ္မတ အာရှတ်ဖ်ဂါနီက အစ္စလာမ္မစ် ဘာသာဝင်တို့၏ အိဒ်ပွဲတော် အထိမ်းအမှတ်အတွက် မိန့်ခွန်းပြောကြားနေချိန်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်သည်ဟု သတင်းရရှိပြီးနောက် အစိုးရတပ်မတော်က လက်နက်တပ်ဆင်ထားသည့် ရဟတ်ယာဉ်ကို အသုံးပြုကာ ဒုံးကျည်ဖြင့် တိုက်ခိုက်မှု ပြုလုပ်ခဲ့သော နေအိမ်တစ်လုံးကို လက်တုံ့ပြန်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

### ကျရောက်

တာလီဘန် စစ်သွေးကြွများက ပထမဆုံး ပစ်ခတ်ခဲ့သည့် ဒုံးကျည်သည် သမ္မတနန်းတော်အနီး၌ ကျရောက်ခဲ့ပြီး ဒုတိယ ဒုံးကျည်မှာ နေတိုးတပ်ဖွဲ့၏ စစ်ဌာနချုပ်အနီးနှင့် အမေရိကန် သံရုံးအနီးတို့တွင် ကျရောက်ခဲ့ရာ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ဂျန်အက်ဂါ အမည်ရှိ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အာဖဂန် သမ္မတ အာရှတ်ဖ်ဂါနီ၏ မိန့်ခွန်းကို တိုက်ရိုက်အသံလွှင့်နေစဉ် ဒုံးကျည်များဝုန်းခနဲကျရောက်ပေါက်ကွဲသံကို ကြားခဲ့ကြရသည်။ အာဖဂန်သမ္မတ ဂါနီက ၎င်း၏ နှုတ်ခွန်းဆက်စကားပြောကြားမှုကို ကြားဖြတ်ကာ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုကို ရှုတ်ချကြောင်း ပြောကြားခဲ့သည်။

ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သော အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူး၌ လုံခြုံရေး အစောင့်အကြပ် အထူထပ်ဆုံးချထားသည်။ မြို့တော်ကဘူးရှိ နိုင်ငံခြားသံရုံးများနှင့် အစိုးရ အဆောက်အအုံများကိုလည်း ပေါက်ကွဲမှုဒဏ်ခံနိုင်သော အင်္ဂတေနံရံများ၊ တပ်သံဆူးကြိုးများဖြင့် ကာရံထားသည်။

အစိုးရအဖွဲ့ အပါအဝင် အရေးပါသော နေရာများနှင့် အမေရိကန်သံရုံး တည်ရာနေရာတို့ရှိ လမ်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ထားခဲ့ကြသည်။

**အေအက်ဖ်ပီ**



# မော်ရင်ဟိုအား နည်းပြအဖြစ်ဆက်ရှိရန် မန်ယူဘုတ်အဖွဲ့က ထောက်ခံ



ပရီမီယာလိဂ်ပွဲစဉ်(၂)တွင် မန်ယူအသင်းသည် ဘရိုက်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မန်ယူအသင်းဘုတ်အဖွဲ့က နည်းပြမော်ရင်ဟိုကိုသာ မန်ယူအသင်းနည်းပြအဖြစ်ထောက်ခံထားကြောင်းသိရသည်။

မန်ယူအသင်းနည်းပြမော်ရင်ဟိုသည် လာမည့်ပရီမီယာလိဂ်ဘောလုံးရာသီတွင် မန်ယူအသင်းနည်းပြအဖြစ်မှ ထွက်ခွာရန် ရေပန်းစားနေသူဖြစ်ပြီး ၎င်းနေရာတွင် အစားထိုးရန် ရီးယဲလ်မက်ဒရစ် အသင်းနည်းပြဟောင်း ဇီဒန်းကို စီစဉ်လျက်ရှိသည်ဟုလည်း သတင်းများထွက်ပေါ်နေသည်။

သို့ရာတွင် မန်ယူအသင်းဘုတ်အဖွဲ့အနေဖြင့် နည်းပြဇီဒန်းကို မန်ယူအသင်းအတွက် ခေါ်ယူမည်ဆိုသည့်သတင်းကို ငြင်းဆိုခဲ့ပြီး လက်ရှိနည်းပြမော်ရင်ဟိုကိုသာ နည်းပြအဖြစ်ဆက်ထားရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းကလည်း ဘရာဇီးကွင်းလယ်ကစားသမား ဖရက်ဒ်နှင့် နောက်တန်းကစားသမားဒါလော့တို့ကို ခေါ်ယူနိုင်ခဲ့သော်လည်း နောက်ထပ်ကစားသမား ထပ်မံခေါ်ယူနိုင်ခဲ့ခြင်းမရှိသဖြင့် ဝေဖန်ခံခဲ့ရသူဖြစ်သည်။

ငွေကြယ် - ရေးသားသည်




# မန်စီးတီးနောက်တန်းကစားသမား ဒီနာယာ လိုင်ယွန်သို့ ပေါင် ၁၂ သန်းဖြင့် ပြောင်းရွှေ့

မန်စီးတီးနောက်တန်းကစားသမား ဒီနာယာသည် မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့စဉ်ကတည်းက ၎င်း၏ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ရခြင်းကြောင့် အီတီဟက်ဒ်မှထွက်ခွာကာ လိုင်ယွန်အသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

နောက်တန်းကစားသမား ဒီနာယာသည် မန်စီးတီးအသင်းသို့ ၂၀၁၃ ခုနှစ်က ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့ချိန်မှစတင်ကာ လက်ရှိအချိန်အထိ အငှားဖြင့်သာ အခြားအသင်းများတွင် ကစားခဲ့ရသူဖြစ်သည်။

နောက်တန်းကစားသမား ဒီနာယာအနေဖြင့် မန်စီးတီးအသင်းတွင် ပွဲထွက်ကစားခွင့်ရရှိရန် မျှော်လင့်ခဲ့သော်လည်း မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာခဲ့သဖြင့် ပြင်သစ်ပထမတန်းကလပ် လိုင်ယွန်အသင်းသို့ပေါင် ၁၂ ဒသမ ၁၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဒီနာယာသည် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက အီတီဟက်ဒ်မှ ထွက်ခွာခွင့်ပြုခဲ့ပြီးနောက် လိုင်ယွန်အသင်းသို့ လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

ဒီနာယာသည် မန်စီးတီးအသင်းသို့ ၂၀၁၃ ခုနှစ်က ရောက်ရှိခဲ့ခြင်းဖြစ်သော်လည်း ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ဆဲလ်တစ်အသင်း၌လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ဂါလာတာစာရေးအသင်း၌လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ဆန်းဒါးလန်းအသင်း၌လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဂါလာတာစာရေးအသင်း၌ လည်းကောင်း အငှားချထားခြင်းခံခဲ့ရသူဖြစ်သည်။ ထို့ကြောင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သော်လည်း အခြားကလပ်အသင်းများတွင်သာ အငှားဖြင့် ကစားခဲ့ရခြင်းဖြစ်သည်။

# နိုင်ပွဲစတင်ရယူနိုင်ဖို့အတွက် ခက်ခဲနေဦးမယ့်ဗီလာရီးယဲလ်

ရှိုင်းမင်းမင်း

## ၂၀၁၈-၂၀၁၉ လာလီဂါရင်ခုန်သံ - ၂

လာလီဂါအဖွင့်ပွဲမှာတော့ ဘာစီလိုနာ၊ ရီးယဲလ်စတဲ့အသင်းကြီးတွေ ရလဒ်ကောင်းတွေနဲ့ နိုင်ပွဲတွေရခဲ့ပေမယ့် ဗီလာရီးယဲလ်ကတော့ အိမ်ကွင်းမှာတောင် အရေးနိမ့်ခဲ့ရပါတယ်။ ဒီတစ်ပတ်မှာလည်း ဗီလာရီးယဲလ်တို့ ဆီဗီလာနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲစတင်ရယူနိုင်ပါ့မလား စောင့်ကြည့်ရမယ်။

### ဂီတာဖေး -အီဘား | နံနက် ၀၀း၄၅၊ ၂၅-၈-၁၈

အဖွင့်ပွဲစဉ်မှာ ရီးယဲလ်ကိုအရေးနိမ့်ခဲ့တာကြောင့် ဂီတာဖေးတို့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဂီတာဖေးအနေနဲ့ ရီးယဲလ်ကို အရေးနိမ့်ခဲ့ရပေမယ့်လည်း ကစားပုံမညံ့ခဲ့ပါဘူး။ အီဘားကတော့ အဖွင့်ပွဲစဉ်မှာ တန်းတက်ဝက်စ်ကာကိုတောင် အရေးနိမ့်ခဲ့ရတဲ့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဂီတာဖေးတို့ အီဘားကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဂီတာဖေးတို့ နိုင်ပွဲရသွားဖို့ရှိပါတယ်။

### လီဂါနက်စ် - ဆိုစီဒက်စ် | နံနက် ၂း၃၀၊ ၂၅-၈-၁၈

ဆိုစီဒက်စ်က အဖွင့်ပွဲစဉ်မှာ ဗီလာရီးယဲလ်လိုအသင်းကောင်းနဲ့ ရင်ဆိုင်ခဲ့ရပေမယ့်လည်း ခြေစွမ်းကောင်းတွေပြသနိုင်ခဲ့ကာ အဝေးကွင်းပွဲမှာတောင် အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒီပွဲမှာလည်း ဆိုစီဒက်စ်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် လီဂါနက်စ်ကလည်း ခြေစွမ်းပိုင်းတည်ငြိမ်တတ်တဲ့အသင်းဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆိုစီဒက်စ်တို့ အခက်တွေ့နိုင်ကာ သရေလောက်ပဲရမယ်။

### အလာဗက်စ် -ဘက်တစ် | ည ၁၀း၄၅၊ ၂၅-၈-၁၈

ဘက်တစ်တို့အဖွင့်ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တာကြောင့် ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းလွန်းပါတယ်။ အဖွင့်ပွဲမှာ အိမ်ကွင်းမှာကစားခဲ့ရတာတောင်မှ လီဗန်တေးကို ဂိုးပြတ်အရေးအနိမ့်ခဲ့သလို ဒီပွဲကအဝေးကွင်းလည်း ဖြစ်နေပါတယ်။ အလာဗက်စ်ကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးလာနိုင်ဖို့ရှိနေပါတယ်။ ဘက်တစ်တို့ရှုံးပွဲနဲ့သာ ရင်ဆိုင်သွားရဖို့ရှိပါတယ်။

### အက်သလက်တီကို - ဗယ်လီကာနို | နံနက် ၀၀း၄၅၊ ၂၆-၈-၁၈

ဗယ်လီကာနိုဟာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ များနေပါတယ်။ အဖွင့်ပွဲကိုအိမ်ကွင်းမှာ ကစားခဲ့ရတာတောင် ဆီဗီလာကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေတဲ့အပြင် ရင်ဆိုင်ရမှာကလည်း အက်သလက်တီကိုလိုအသင်းကောင်းတစ်သင်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာဗယ်လီကာနိုတို့ နိုင်ပွဲရဖို့ခက်ခဲနေဦးမှာဖြစ်ပြီး အက်သလက်တီကိုသာ ဂိုးပြတ်နိုင်မယ်။

### ဗယ်လာဒိုးလစ် - ဘာစီလိုနာ | နံနက် ၂း၄၅၊ ၂၆-၈-၁၈

ဘာစီလိုနာတို့ အကောင်းဆုံးခြေစွမ်းကို ပြသနေနိုင်ဆဲဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာလည်း ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သလို ဒီပွဲမှာလည်း နိုင်ပွဲဆက်နိုင်အောင် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဗယ်လာဒိုးလစ်ကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေများနေကာ အဖွင့်ပွဲစဉ်မှာ ဂျီရိုနာကိုတောင်အနိုင်မရခဲ့ပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘာစီလိုနာကိုယှဉ်ဖို့ခက်ပြီး ဘာစီလိုနာပဲ ဂိုးပြတ်နိုင်ပွဲရမယ်။

### အက်စ်ပန်ညို - ဗလင်စီယာ | ည ၁၀း၄၅၊ ၂၆-၈-၁၈

အက်စ်ပန်ညိုက ခြေစွမ်းပိုင်းမဆိုးပါဘူး။ အဖွင့်ပွဲစဉ်မှာ ဆဲလ်တာဗီဂိုလိုအသင်းကောင်းတစ်သင်းကို အဝေးကွင်းမှာရင်ဆိုင်ခဲ့ရပေမယ့်လည်း သရေတစ်မှတ်ရယူနိုင်ခဲ့ပါတယ်။ ဒီပွဲကလည်းအိမ်ကွင်း ဖြစ်နေတာကြောင့် အက်စ်ပန်ညိုတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါပေမယ့် ဗလန်စီယာကလည်း အသင်းကောင်းတစ်သင်းဖြစ်တာကြောင့် အက်စ်ပန်ညိုတို့ နိုင်ပွဲရဖို့တော့ခက်ခဲနိုင်ပါတယ်။ ဗလင်စီယာကပ်နိုင်မယ်။

### ဆီဗီလာ - ဗီလာရီးယဲယ် | နံနက် ၀၀း၄၅၊ ၂၇-၈-၁၈

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ အသင်းကြီးနှစ်သင်းဖြစ်ပေမယ့် ဒီရာသီအစမှာတော့ ခြေစွမ်းပိုင်းကွာဟမှုအချို့ရှိနေပါတယ်။ ဆီဗီလာက အဖွင့်ပွဲမှာ အဝေးကွင်းအဖြစ်ကစားခဲ့ရပေမယ့် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ ဗီလာရီးယဲလ်ကတော့ အိမ်ကွင်းမှာ ကစားခဲ့ရပေမယ့် ဆိုစီဒက်စ်ကိုတောင် အရေးနိမ့်ခဲ့ရပါတယ်။ ဒီပွဲက ဆီဗီလာရဲ့အိမ်ကွင်းဖြစ်ပြီး ဆီဗီလာတို့ အိမ်ကွင်းခြေလည်း ပိုကောင်းတတ်လို့ ဆီဗီလာပဲအနိုင်ရမယ်။

### ဂျီရိုနာ - ရီးယဲလ် | နံနက် ၂း၄၅၊ ၂၇-၈-၁၈

ရီးယဲလ်တို့ ရော်နယ်လ်ဒိုမရှိတော့တာကြောင့် တိုက်စစ်ပိုင်းအနည်းငယ်ကျဆင်းသွားပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ကတော့ ကောင်းမွန်နေဆဲဖြစ်ကာ အဖွင့်ပွဲမှာလည်း ဂီတာဖေးကိုအနိုင်ရယူနိုင်ခဲ့ပါတယ်။ ဂျီရိုနာကတော့ အိမ်ကွင်းဖြစ်ပေမယ့် အဖွင့်ပွဲစဉ်မှာ ဗယ်လာဒိုးလစ်ကိုတောင် အိမ်ကွင်းမှာ အနိုင်ရယူနိုင်ခြင်းမရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းအားနည်းနေပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း ရီးယဲလ်ကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

### လီဗန်တေး - ဆဲလ်တာဗီဂို | နံနက် ၀၀း၄၅၊ ၂၈-၈-၁၈

လီဗန်တေးက မနှစ်ကရာသီအဆုံးသတ်ပိုင်းမှာ ရရှိခဲ့တဲ့ခြေစွမ်းကောင်းကို ဒီရာသီအစမှာလည်း ဆက်ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။ အဖွင့်ပွဲမှာ အဝေးကွင်းအဖြစ်ရင်ဆိုင်ခဲ့ရပေမယ့် ဘက်တစ်ကို ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဆဲလ်တာဗီဂိုကတော့ အဖွင့်ပွဲမှာ အက်စ်ပန်ညိုကို သရေသာကစားနိုင်ခဲ့လို့ ဒီပွဲမှာနိုင်ပွဲပြန်လည်ရရှိအောင် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း လီဗန်တေးရဲ့အိမ်ကွင်းအားကိုတော့ အသာရဖို့ ခက်ပါတယ်။ လီဗန်တေးတို့ ဒီပွဲစဉ်မှာအနိမ့်ဆုံးသရေ ကစားသွားနိုင်ဖို့ရှိပါတယ်။

### ဘီဘာအို - ဝက်စ်ကာ | နံနက် ၂း၄၅၊ ၂၈-၈-၁၈

တန်းတက်အသင်းတစ်သင်းဖြစ်တဲ့ ဝက်စ်ကာဟာ ခြေစွမ်းပိုင်းအရ မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အဖွင့်ပွဲအဖြစ် အဝေးကွင်းမှာကစားခဲ့ရတာတောင် အီဘားကို အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခုရင်ဆိုင်ရမယ့်အသင်းက ဘီဘာအိုလိုအသင်းကောင်းတစ်သင်းဖြစ်နေပါတယ်။ အထူးသဖြင့် ဘီဘာအိုတို့အိမ်ကွင်းဖြစ်နေတာကြောင့်လည်း အမှားခံမှာမဟုတ်ဘဲ တိုက်စစ်ဖွင့်ကစားလာမှာပါ။ ဘီဘာအိုကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

## မြောင်းမြမြို့ မြသာယာဈေးတွင် ငွေကျပ် ၇၅ သိန်းကျော်ခန့် ဖောက်ထွင်းမှုဖြစ်ပွား

**မြောင်းမြ ဩဂုတ် ၂၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ စည်ပင်သာယာဈေး(မြသာယာဈေးကြီး)အတွင်း ကြက်ဥ၊ ဘဲဥနှင့် ကြက်၊ ဘဲဆေးပစ္စည်းအရောင်းဆိုင်တွင် ဩဂုတ် ၂၀ ရက် ညပိုင်းက ဖောက်ထွင်းခိုးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောင်းမြမြို့ မြသာယာဈေးကြီးရှိ ကြက်ဥ၊ ဘဲဥနှင့် ဆေးပစ္စည်းရောင်းဝယ်ရေးဆိုင်ထဲတွင် သော့ခတ်ထားခဲ့သော ငွေကျပ် ၇၅ သိန်းကျော်အား ဩဂုတ် ၂၀ ရက် ညပိုင်းတွင် ဖောက်ထွင်းခိုးယူသွားကြောင်း ဆိုင်ပိုင်ရှင် မခင်မာဆွေ၏ ပြောပြချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ စစ်ဆေးမှုပြုလုပ်ကာ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**
မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဩဂုတ် ၂၀ ရက်တွင် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၃၂ စီး၊ သွင်းကုန် ၇၁၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၉၈၄ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရှောင်ကွင်းလမ်းသွယ်ဘေးတွင် စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ သကြား (၅၀ ကီလိုဂရမ်ပါ) ၄၃၇ အိတ်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေး-မူဆယ်လမ်းတွင် ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်

**ကျောက်မဲ ဩဂုတ် ၂၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း)မန္တလေး-မူဆယ်ပြည်ထောင်စု ကားလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းကားလမ်း ကုလားမကွေ့အဆင်း၌ ယနေ့ညနေ ၄ နာရီခန့်က ဒီဇယ်ဆီများတင်ဆောင်၍ မန္တလေးမှမူဆယ်သို့ မျိုးမင်းဦး မောင်းနှင်လာသော ဆီဘောက်ဆာတွဲယာဉ်သည် နောက်တွဲအထိုင်ပြုတ်ပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် အတက်၊ အဆင်းယာဉ်များ လမ်းပိတ်ဆို့မှုဖြစ်ပွားရာ ကျောက်မဲခရိုင်အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုက နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်နေကြောင်း သိရသည်။

**သီပေါကိုလတ်**



## သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းတွင် ကျွန်းသစ်များတင်ဆောင်ထားသည့် ယာဉ်တစ်စီး သိမ်းဆည်းရမိ

**ရေတာရှည် ဩဂုတ် ၂၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီကာလ တရားမဝင်သစ်များ ထုတ်လုပ်ခြင်းမရှိစေရန် သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများနှင့် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော် ကားလမ်းတစ်လျှောက် စောင့်ကြည့်လျက်ရှိရာ ဩဂုတ် ၂၁ ရက် နံနက် ၄ နာရီခွဲခန့်က သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်းတွင် တရားမဝင်ကျွန်းသစ်များ တင်ဆောင်လာသော ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဆန်းမိုး ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရိုးမဖြတ်ကျော်ကားလမ်းအနီးတွင် တရားမဝင်ကျွန်းသစ်များ တင်ဆောင်နေကြောင်း သတင်းအရ သွားရောက်ရှင်းလင်းဆောင်ရွက်စဉ် ယာဉ်ငယ်တစ်စီးအား တွေ့ရှိရပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ဆက်လက်၍ ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၂၈ ချောင်း (၁ ဒသမ ၂၇၅၈)တန်အား သိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၏ ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်အား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆွာနယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြစ်ကြီးနားရထားတွဲပေါ်မှ တရားမဝင် သစ်ပါကေးပြားများ သိမ်းဆည်းရမိ

**မြစ်ကြီးနား ဩဂုတ် ၂၁**
ကချင်ပြည်နယ် မြစ်ကြီးနားဘူတာသို့ ဆိုက်ရောက်လာသည့် အထူးအမြန်ရထားတွင် တရားမဝင်တင်ဆောင်လာသည့် ပိတောက်သစ်ပါကေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်၂၀ ရက် နံနက် ၁၁ နာရီခွဲက မြစ်ကြီးနား ရထားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက အမှတ်(၅၅)အဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားကို ရှာဖွေစစ်ဆေးရာ ချပ်ဖာ ၁၅ ဖာဖြင့် ထည့်ထားသည့် ပိတောက်သစ်ပါကေးပြား ၁၄၀၀ အား သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်သစ်ပါကေးပြားများ သယ်ဆောင်လာသူ ဝက်လက်မြို့နေ ဆန်းလင်းထွန်း ၁၉ နှစ်(မီးရထားတွဲထိန်း)အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## မိုးညှင်း၌ အမြောက်ကျည်အဟောင်းနှင့် ကျည်ဆန်ခွံများ တွေ့ရှိ

**မိုးညှင်း ဩဂုတ် ၂၁**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ရထားလမ်း အလံတိုင်သံကြိုး သွယ်တန်းရန် မြေကြီးတူးဖော်စဉ် အမြောက်ကျည်အဟောင်းနှင့် ကျည်ဆန်ခွံများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်၂၀ ရက် ညနေ ၃ နာရီက မြစ်ကြီးနား-မန္တလေး ရထားလမ်းအပိုင်း မိုးညှင်းမြို့နယ် မိုးညှင်းဘူတာ ယာဒ်ဝန်းတွင် မြန်မာ့မီးရထား သံလမ်းလုပ်သား အဖွဲ့ခေါင်းဆောင် ဦးငြိမ်းချမ်းနှင့်အဖွဲ့က အလံတိုင်သံကြိုးအား မြေမြှုပ်ရန် တူးဖော်နေစဉ် ဗုံးသီးဟောင်းများ တူးဖော်တွေ့ရှိကြောင်းသတင်းအရ မိုးညှင်းနယ်မြေခံတပ်ဖွဲ့ မိုးညှင်းဘူတာ လုံခြုံရေးရဲတပ်ဖွဲ့၊ မိုးညှင်းမြို့မရဲတပ်ဖွဲ့စခန်းတို့မှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးရာ အမြောက်ကျည်အဟောင်း နှစ်လုံး၊ အမြောက်ကျည်အခွံတစ်ခုနှင့် ၇ ဒသမ ၆၂ ကျည်ခွံ ခုနစ်ခုအား တွေ့ရှိခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဖန်းမောက်မြို့နယ်တွင် မူးယစ်ဆေးဝါး၊ တူမီးသုံးလက် သိမ်းဆည်းရမိ

**ဖန်းမောက် ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် နောင်ပတ်ကျေးရွာအနီး နန့်ပုံတောအတွင်းမှ ဘိန်းဖြူ ၆၈ ဂရမ်၊ ဘိန်းမည်း ၈၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် နံနက်၂ နာရီခွဲခန့်တွင် ဖန်းမောက်မြို့နယ် မူး/တားအဖွဲ့မှ ဦးတင်မောင်ညွန့် ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၁၉ ရက် ည ၉ နာရီခန့်တွင် ဖန်းမောက်မြို့နယ် နောင်ပတ်ကျေးရွာအနီး နန့်ပုံတောအတွင်းရှိတဲအား မူးယစ်ဆေးဝါးသတင်းအရ သွားရောက်ရှာဖွေခဲ့ရာ ဖန်းမောက်မြို့နယ် နုံးကောင်ကျေးရွာနေ ဉာဏ်ဝင်းအား တွေ့ရှိပြီး ၎င်း၏တဲအတွင်းမှဘိန်းဖြူ ၆၇ ဂရမ်၊ ဘိန်းမည်း ၈၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀ တို့နှင့်အတူ တရားမဝင် တူမီးသေနတ်သုံးလက်အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူး/တားအဖွဲ့က ဖန်းမောက်မြို့နယ် မံစီကြီးနယ်မြေ ရဲကင်းစခန်းမှူး ရဲအုပ် ဝင်းဟန်ထံ လာရောက်အပ်နှံခဲ့သဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ ဉာဏ်ဝင်းအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



## စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကသာမြို့နယ်၌ သိမ်းဆည်းရမိ

**ကသာ ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး မီးရထားသံလမ်းကူးနေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို သယ်ဆောင်လာသူနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး မီးရထားသံလမ်းကူးနေရာတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ ခင်မောင်ဇော်(ခ)မောင်ဇော် မောင်းနှင်ပြီး ကျော်ဇင်ထွန်း(ခ)အငယ် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ကျော်ဇင်ထွန်း(ခ)အငယ် လွယ်ထားသောအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ အား သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ "စီးပွားရေးစကားဝိုင်း" (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ)(ဒုတိယပိုင်း)
- ၉း၂၀ စိုက်ပျိုးရေးရာအဖြေရှာ "စားနပ်ရိက္ခာဖူလုံရေးသားစဉ်မြေးဆက်ပေး" (ချေးငွေရယူသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်မှလှေကားထစ်စိုက်ပျိုးခြင်း) (ချင်း)
- ၉း၄၀ ကြယ်ပွင့်များရဲ့ရင်ခုံသံ (အဆိုတော် အိုင်းရင်းဇင်မာမြင့်)
- ၁၀း၅၀ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၇၁)
- ၁၁း၂၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "နာနာဘာဝချစ်သူ" (ဗေလုဝ၊ ညီထွဋ်ခေါင်၊ ကျော်ကျော်၊ အရိုင်း၊ ပတ်ချာရာ)
- ၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၆)
- ၁၄း၂၅ "တိုင်းရင်းသားတို့လူမှုဝန်းကျင် မျိုးစုံလင်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော် ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေးများ)"

**ညပိုင်း**

- ၁၇း၀၅ အနုပညာခန်းရိပ်သာ "ဆရာချစ်ဦးညိုနှင့်တွေ့ဆုံခြင်း" (ပထမပိုင်း)
- ၁၇း၂၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အဆိုတော်တွေနေတဲ့ရွာ" (မင်းမော်ကွန်း၊ ဇေရဲထက်၊ မြန်မာပြည်သိန်းတန်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ မို့မို့မြင့်အောင်၊ ရွှေမှုံရတီ၊ နုနန္ဒာသန်း)
- ၁၇း၃၅ MRTV Travelogue
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အကြော်သည်နှင့်သူ၏စားသုံးသူများ" (ဦးဇော်မှိုင်း၊ ကောင်းဟိန်း၊ ဆုမိုးမခ၊ ဦးမျိုးအောင်၊ အမာကြည်၊ မကြည်ဌေး၊ ဝတ်ရည်နှင်း) [(ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)]
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၇)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ စီးပွားရေးစကားဝိုင်း"(မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ)" (တတိယပိုင်း)
  - -"စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း"(အပိုင်း-၆)
  - "မနောမြေမှဆားပစ်ချ့တ်" (မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း) (ဒါရိုက်တာ-ရှင်ဒေဝီ)
  - -ဂီတသမား၊ဂီတစကား "ခေါင်းစဉ်လွဲသီချင်း" (ဂီတစာဆို ဦးမောင်မောင်လတ်၊ဦးဝင့်အောင်)
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၁၀)
  - -အစီအစဉ်ပြီး၏။

မူးယစ်ကင်းစင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# မေတ္တာသုတ်တော် ဟောဖော်ညွှန်ပြ စုံညီပွားရ ဝါခေါင်လ

ဒေါက်တာ မောင်ဖြေ
(အမျိုးသားစာပေဆုရှင်)

ဝါခေါင်လတွင် ထူးခြားသည်မှာ မြတ်ဘုရားရှင်၏ မေတ္တာသုတ်တော် ဟောကြားတော်မူသော အခါကာလဖြစ်သည်။ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟူ၍ ဗုဒ္ဓဘာသာဝင်တို့က အသိအမှတ်ပြုထားရသော နေ့ထူးနေ့မြတ်ဖြစ်ပါ၏။

### ဝါခေါင်လအဓိပ္ပာယ်

ဝါခေါင်လကို ပုဂံခေတ်ထိုးကျောက်စာများတွင် "နံကာလ" ဟု သုံးစွဲ၏။ နံကာဟူသော ဝေါဟာရသည် ဝါခေါင်ဟူသော ဝေါဟာရထက် ရှေးကျသည်။ ပုဂံခေတ်တွင် ဝါခေါင်လကို အမြဲလိုပင် နံကာဟု ခေါ်ဆိုရေးသားသည်။ ဝါတွင်းဆောင်ရွက်ဖွယ်ကိစ္စတို့နှင့် ပတ်သက်၍သာ ဝါခေါင်ဟူသော ဝေါဟာရကို သုံးလေ့ရှိသည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ နံကာ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်မှာ ပါဠိဘာသာအားဖြင့် နိက္ခမနီယဟု ခေါ်၏။ နိက္ခမနီယဆိုသည်မှာ နေမင်းသည် အတွင်းခရီးမှ အပြင်ခရီးသို့ ထွက်သွားသော လဟုအဓိပ္ပာယ်ရ၏။ ယင်းနိက္ခမနီယသဒ္ဒါ ရွေ့လျော၍ မြန်မာဘာသာ နံကာဝေါဟာရဖြစ်သည်ဟု နံကာ၏ ရင်းမြစ်နှင့် အဓိပ္ပာယ်ကို ပြဆိုထား၏။

ဝေါဟာရလီနတ္ထဒီပနီ၌ ထိုလကိုပင် ဝါခေါင်လခေါ်ဝေါ်သည်မှာ မိုးခေါင်သည်ဟူသော ဝေါဟာရကဲ့သို့ ရဟန်းသံဃာတော်တို့ ဝါမဆိုမကပ်(ဝါခေါင်) ဝါဝေးသောလယူရန်ရှိ၏ဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ကျမ်းပြုဆရာ လေ့သင်းအတွင်းဝန်မင်းဆိုလိုသည်မှာ ဝါခေါင်တွင် ခေါင်သည် ဝေးကျူးသီခေါင် ကုန်းခေါင် မိုးခေါင် တို့၌ကဲ့သို့ ဝေးကွာခြင်းအဓိပ္ပာယ်ရှိ၏။

### လယ်သမားများချစ်သောလ

လဝါခေါင်ကား ဝါဝေးသည်ဟု ဆိုရ၏။ ဝါဝေးခြင်းဆိုသည်မှာ ရဟန်းတော်များ ဝါမဆိုရ၊ ဝါမကပ်ရသော လဟု အဓိပ္ပာယ်ရ၏။ နံကာလ ဝါခေါင်လသည် လယ်လုပ်ထွန်ယက်စိုက်ပျိုးချိန်ဟု ဆရာကြီးဦးဖိုးလတ်က ဆိုပါသည်။ အမှန်မှာ ဝါခေါင်လသည် လယ်သမားတို့စိုက်ချိန်ပျိုးကြဲချိန်မို့ လယ်သမားများ ချစ်သောလဟူ၍ ဆိုရမည်ဖြစ်သည်။ မိုးသည်းထန်စွာရွာသောလမို့ လယ်သမားတို့ အကျိုးရှိစေသောလလည်း ဖြစ်၏။

### စာရေးတံမဲပြုလုပ်ပွဲ

ဝါခေါင်လတွင် စာရေးတံမဲပွဲ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ သက္ကရာဇ် ၆၃၀ ခုနှစ်ထိုး စောလှဝန်းဘုရားကျောက်စာတွင် ၆၃၀-၆၅၂-၆၅၃ နှစ်စွဲရှိသော ကျောက်စာ၏ ကျောဘက်မျက်နှာစာတွင် စာရေးဟူသော စကားအပိုင်းအစကို တွေ့ရသည်။ အဆိုပါ ကျောက်စာတွင် "ညောင်ရေသွန်းသင်ကြန် စာရိယ်မပြတ်စိတ်လျှင်တည်" ရေးထိုးထားကြောင်း သိရသည်။ အဓိပ္ပာယ်မှာ မီးပုံပွဲတော်၊ သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ စာရေးတံပွဲတော်ဟူ၍ ဖြစ်လိမ့်မည်ဟု ယူဆကြသည်။ စာရေးတံဟူသော မြန်မာစကားလုံးသည် စာရေးသားသော အချောင်းအတံဟူ၍ အဓိပ္ပာယ်ကို ဆောင်နေကြောင်း သိသာလှ၏။

ယင်းပွဲတော်မှာ ဘုရားရှင်လက်ထက်တော်ကပင် ပေါ်ပေါက်ခဲ့၏။ ဤပွဲတော်နှင့်ပတ်သက်၍ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့ ဂါမဝါသီပုဂ္ဂိုလ်၊ အရညဝါသီပုဂ္ဂိုလ်၊ အရိယာသံဃာတော်မြတ်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ အသုံးအဆောင် စသည်တို့ကို ပဒေသာပင် ၂၆၀ သလာကဘတ် စာရေးတံ အလှူတော်အား ဘကြီးတော်ဘုရားလက်ထက်က ကျင်းပသည်ကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ၌ စာမျက်နှာ ၂၂၉ တွင် ရေးသားဖော်ပြထား၏။

### မေတ္တာအခါတော်နေ့

ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဖြစ်သည်။ မြတ်ဘုရားရှင်လက်ထက်တော်အခါက ရဟန်းတော်ငါးရာတို့ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရန် တောအုပ်တစ်ခုတွင် ဝါဆို ဝါကပ် ပြုတော်မူကြသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသော နတ်အချို့က အမျိုးမျိုးခြောက်လှန့်ကြသောကြောင့် တရားကို ဖြောင့်အောင် အားမထုတ်နိုင်ဘဲ ရှိကြသည်။ ဝါတွင်းကာလမှာပင် မြတ်ဘုရားသီတင်းသုံးရာ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်သို့ ပြန်ကြသည်။ မြတ်ဘုရားရှင်က မေတ္တာဖြင့် တရားအားထုတ်ကြရန် တောအုပ်သို့ပြန်သွားကြရန် တိုက်တွန်းပြီး မေတ္တသုတ်ဒေသနာကို ဟောကြားလိုက်သည်။

ရဟန်းတော်တို့၏ မေတ္တာဓာတ်ကြောင့်နတ်များက ချစ်ခင်လာကြပြီး ငြိမ်းချမ်းစွာနေတော်မူကြရသည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်မှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြပြီး မေတ္တာတရားကို ပွားများ၍ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြရာ ဝါမကျွတ်မီအားလုံး ရဟန္တာများဖြစ်တော်မူကြသည်။ သို့ဖြစ်၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ ကျင်းပရခြင်းဖြစ်သည်။

### မေတ္တသုတ်တော်

မြတ်ဘုရားရှင်ဟောကြားအပ်သော မေတ္တသုတ်တော်တွင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသော သူသည် သက္ကာယဒိဋ္ဌိသို့လည်း မတက်ရောက်နိုင်။ လောကုတ္တရာသီလပြည့်စုံသည်။ သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ တပ်မက်တွယ်တာမှုကို ပယ်ဖျက်ခြင်းဖြင့် အမိဝမ်း၌တစ်ဖန် ပဋိသန္ဓေနေခြင်းသို့ မရောက်တော့ပေ အစရှိသော ဟောကြားချက်တို့ပင် ဖြစ်ပေသည်။

မြတ်ဘုရားရှင်ဟောကြားသော မေတ္တာပို့ရမည့် တရားတော်တို့သည် သံဃာတော်များ ရွတ်ဆိုနေသည့် မေတ္တသုတ်ပရိတ်တော်ဖြစ်သည်။ ထိုမေတ္တသုတ်ပရိတ်တော်သည် "ယဿာနုဘာဝတော"မှစ၍ "ဒိဋ္ဌိဉ္စအနုပဂ္ဂမ" အထိ ဂါထာဆယ်ပုဒ်ဖြစ်သည်။ ထိုဂါထာတို့၏ အဓိပ္ပာယ်အနှစ်ချုပ်မှာ မေတ္တာအမွှမ်း၊ မေတ္တာကျင့်ဖွယ်၊ မေတ္တာစိတ်ပွားနည်း၊ မေတ္တာနယ်ပယ်၊ မေတ္တာဣရိယာဖြင့်ပွားနည်း၊ မေတ္တာသမထမှ မေတ္တာဝိပဿနာဟူ၍ ခွဲခြားရပေသည်။

တစ္ဆေ သရဲ ဘီလူးများခြောက်လှန့်မှုမပြုအောင် စွမ်းအားထက်လှသော မေတ္တသုတ်ပရိတ်တော်ကို နေ့ရောညဥ့်ပါ ရွတ်ပါက ချမ်းသာစွာ အိပ်ရခြင်း၊ အိပ်မက်ဆိုးများ မမြင်မက်ခြင်းစသောအကျိုးများ ရရှိနိုင်ပါသည်။

မေတ္တာမပွားမီ အောက်ပါသူတော်ကောင်းကျင့်စဥ်များကို လိုက်နာကျင့်သုံးရပေမည်။ ကုသိုလ်ကောင်းမှုပြုလုပ်ရန် စွမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ကိုယ်စိတ်နှစ်ပါး ရိုးသားဖြောင့်မှန်သူဖြစ်ရမည်။ စိတ်သဘောထား အထူးဖြောင့်မှန်သူဖြစ်ရမည်။ မှန်ကန်သော စကားရှိသူဖြစ်ရမည်။ စိတ်နှလုံးနူးညံ့သိမ်မွေ့သူဖြစ်ရမည်။ မာန်မာနထောင်လွှားသူမဖြစ်ရ။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်သူ ဖြစ်ရမည်။ အစားအစာထွေရာမများသူဖြစ်ရမည်။ အလုပ်ကိစ္စနည်းသူ ဖြစ်ရမည်။ အသက်မွေးလွယ်ကူသူ ဖြစ်ရမည်။ ဣန္ဒြေရှိသူ ဖြစ်ရမည်။ ရင့်ကျက်သော အသိပညာနှင့် ပြည့်စုံသူ ဖြစ်ရမည်။ မကြမ်းတမ်း မခက်ထန်သူဖြစ်ရမည်။ ဆွေမျိုးများ၌ မတွယ်တာသူ ဖြစ်ရမည်။ အကျင့်ယုတ်ကိုလွှင့်ထုတ်သူဖြစ်ရမည်။ အဆိုပါ ကျင့်ဝတ်များနှင့် ပြည့်စုံစွာစောင့်စည်း၍ မေတ္တာပွားရမည်။

အားလုံးသတ္တဝါများ ချမ်းသာကြပါစေ။ သက်ရှိသတ္တဝါများ ချမ်းသာကြပါစေ။ ကြောက်တတ်သတ္တဝါများ ချမ်းသာကြပါစေ။ တည်ငြိမ်သတ္တဝါများ ချမ်းသာကြပါစေ။ ကိုယ်ရှည်ခန္ဓာသတ္တဝါများ ချမ်းသာကြပါစေ။ မရှည် မတိုကိုယ်ရှိခန္ဓာသတ္တဝါများ ချမ်းသာကြပါစေ။ ဝသောခန္ဓာ သတ္တဝါများ ချမ်းသာကြပါစေ။ ပိန်ကြုံခန္ဓာ သတ္တဝါများ ချမ်းသာကြပါစေ။ မပိန်မဝခန္ဓာသတ္တဝါများ ချမ်းသာကြပါစေ။ မြင်ရသတ္တဝါ၊ မမြင်ရသတ္တဝါများ ချမ်းသာကြပါစေ။ရပ်ဝေးနေရှာ သတ္တဝါများ ချမ်းသာကြပါစေ။ ရပ်နီးနေရှာ သတ္တဝါ ဝေနေယျာချမ်းသာကြပါစေ။ ဖြစ်ဆဲသတ္တဝါ ဝေနေယျာချမ်းသာကြပါစေ။

သတ္တဝါအချင်းချင်း မေတ္တာနှင်း၍ စိတ်ရင်းမမျက် သည်းခံနိုင်ပါစေ။ သတ္တဝါအချင်းချင်း မညှဉ်းဆဲအမြဲဂရုကျိုးဆောင်ပါစေ။ သတ္တဝါအချင်းချင်း ရန်ငြိုးကင်း ချစ်ခြင်းမေတ္တာရှိပါစေ။ သတ္တဝါအချင်းချင်း လေးလေးစားစား အမြဲရှိပါစေ။ သတ္တဝါအချင်းချင်း မေတ္တာနှင်း၍ ဆင်းရဲဒုက္ခမပေးရ၊ သတ္တဝါအချင်းချင်းသာ မေတ္တာပွားနိုင်ပါစေ။ တစ်ယောက်သားရှင် မိခင်များသက်ပေးကာဖြင့် ချစ်ကြင်သူသားအား မေတ္တာထားသို့ မေတ္တာပို့ပါ။ တစ်လောကလုံး မေတ္တာပို့၍ အောက်ထက်ဖီလာပျံ့နှံ့အောင် ရန်သူမိတ်ဆွေမခွဲခြားဘဲ မေတ္တာပို့ပါ။ တကယ်တမ်းမေတ္တာပို့နေသော သူတော်ကောင်းကိုဗြဟ္မဝိဟာရ မြင့်မြတ်စွာနေထိုင်သူဟု ဘုရားမြတ်စွာ ချီးကျူးတော်မူပါသည်။ တကယ်တမ်း မေတ္တာပို့နေသူသည် ကလျာဏပုထုဇဉ်ကနေ စူဠသောတာပန်၊ မဟာသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အထိ ဖြစ်နိုင်ပါသည်။

မြတ်ဘုရားရှင် ဟောကြားတော်မူအပ်သော မေတ္တသုတ်တော်တို့၏ တန်ခိုးအာဏာနှံ့ရောက်ရာနယ်ကား အာဏာခေတ်တစ်ခုလုံးကို အရှိန်အဝါပျံ့နှံ့ကြောင်း အဋ္ဌကထာများ၌ ဖွင့်ဆို၏ စကြဝဠာအနန္တကို ခေတ်သုံးပါးဖြင့် ပိုင်းခြားသတ်မှတ်ပါက စကြဝဠာပတ်လည်၌ ဆက်စပ်တည်နေသော စကြဝဠာတစ်သောင်းသည် ဇာတိခေတ်မည်၏။ စကြဝဠာကုဋေတစ်သိန်းသည် အာဏာခေတ်မည်၏။ ထိုမှအပ အဆုံးမရှိသော စကြဝဠာများသည် ဝိသယခေတ်မည်၏။ ထိုခေတ်သုံးပါးတွင် မြတ်ဘုရားရှင်၏ တရားတော်ကို ဇာတိခေတ်ဖြစ်သော စကြဝဠာတစ်သောင်းမှ နတ်ဗြဟ္မာများက မေတ္တသုတ်တော်၏ အာဏာအစွမ်းတန်ခိုးအရှိန်အဝါသည် အာဏာခေတ်ဖြစ်သော စကြဝဠာကုဋေတစ်သိန်းတိုင်အောင် ပျံ့နှံ့သည်။

### နတ်များက စောင့်ရှောက်ခြင်း

မေတ္တသုတ်တော်ကြောင့် နတ်များက တကယ်ပင် စောင့်ရှောက်၏ဟုမြတ်ဘုရားရှင်ဟောညွှန်းသော တရားတော်နှင့်အညီ မေတ္တာပွားခြင်းတို့ကို အမြဲမပြတ် ပွားများကျင့်ကြံသူ ဘေးဥပဒ်အန္တရာယ်များ မကျရောက်ဘဲ လိုရာအကျိုးများပြီးစီးပြည့်စုံစေလျက် မေတ္တသုတ်တော်ပွားများခြင်းအကျိုးကို ရရှိခံစားရသူတို့သည် မရေမတွက်နိုင်အောင်ပင် များပြား၏ဟု သဂါထာဝဂ္ဂသက္ကသံယုတ် အဋ္ဌကထာ၌ ဖော်ပြထား၏။ မျက်မှောက်ခေတ်မှာလည်း မေတ္တသုတ်တော်ဖြင့် မေတ္တာပို့သခြင်းကြောင့် ရရှိသောအကျိုးကိုလက်တွေ့ခံစားရသူများမြောက်မြားစွာပင် ရှိနေပေသည်။ ။

> မြတ်ဘုရားရှင် ဟောကြားအပ်သော မေတ္တသုတ်တော်တွင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသောသူသည် သက္ကာယဒိဋ္ဌိသို့လည်း မတက်ရောက်နိုင်။ လောကုတ္တရာသီလ ပြည့်စုံသည်။ သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ တပ်မက်တွယ်တာမှုကို ပယ်ဖျက်ခြင်းဖြင့် အမိဝမ်း၌ တစ်ဖန် ပဋိသန္ဓေနေခြင်းသို့ မရောက်တော့ပေ အစရှိသော ဟောကြားချက်တို့ပင် ဖြစ်ပေသည်

## သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေများနှင့် လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**ကျွန်းစု ဩဂုတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနကဦးစီး၍ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့် လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ နေ့တစ်ဝက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ကျွန်းစုမြို့နယ် ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန မြိတ်ခရိုင် လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူး ဒေါ်ဝေဝေလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန မြိတ်ခရိုင် လူမှုဝန်ထမ်းရုံးမှ အကြီးတန်းစာရေး ဒေါ်နှင်းယုက အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာများ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လမ်းညွှန်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များမှ စိတ်ပါဝင်စားသူ ၅၀ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ကျွန်းစု(ပြန်/ဆက်)**

## မင်းတုန်းမြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများ အထွက်တိုးစေရန်ဆောင်ရွက်

**မင်းတုန်း ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ဝန်တွင်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းများအား မြေဩဇာကြဲပက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုတွင် မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးက ယခုနှစ် မိုးစပါးအထွက်နှုန်းသည် အရေးကြီးပါကြောင်း၊ အခြားပြည်နယ်၊ တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများ ကြုံတွေ့နေကြောင်း၊ ထို့ကြောင့် မင်းတုန်းမြို့နယ်အတွင်း ယခင်နှစ်များထက် မိမိစိုက်ပျိုးထားသော စပါးခင်းများ အထွက်နှုန်းတိုးစေရေးအတွက် ဂရုစိုက်ကြရန်နှင့် လိုအပ်ပါက စိုက်ပျိုးရေးဌာနကို အကြောင်းကြားရန် တက်ရောက်လာသည့် တောင်သူများအား တိုက်တွန်းဟောပြောခဲ့သည်။

ထို့နောက် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝနွားချေး စသဖြင့် အချိုးကျရောစပ်ပြီး စုပေါင်းကြဲပက်ခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုသန့်(မင်းတုန်း)**



# ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးအုံကြီးဝရေလှောင်တမံအတွင်း ငါးမျိုးကောင်ရေငါးသိန်း စိုက်ထည့်

**မှော်ဖြူ ဩဂုတ် ၂၁**
ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးမျိုးပြုန်းတီးခြင်းများကို ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝရေပြင်များမှ ငါးတိုးတက်ထုတ်လုပ်နိုင်ရန်နှင့် လူသားများ နေ့စဉ် ဖမ်းဆီးစားသုံးမှုကြောင့် သဘာဝရေပြင်များတွင် လျော့ပါးသွားသော ငါးများကို ပြန်လည်ဖြည့်ဆည်းပေးသည့်အနေဖြင့် ငါးမျိုးစိုက်ထည့်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ကြီးအုံကြီးဝရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြီးအုံကြီးဝရေလှောင်တမံအတွင်း ငါးမြစ်ချင်းသုံးသိန်းနှင့် ငါးခုံးမကြီး နှစ်သိန်းတို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဆည်ရေလှောင်တမံ ၃၅ ခု၊ ဧရာဝတီမြစ်အတွင်းလေးနေရာ၊ ကျေးရွာကန် ၄၈၁ ကန်နှင့် စပါခင်းဧက ၁၉၀ တို့တွင် ငါးမျိုးစိုက်ထည့်ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ငါးမျိုးစိုက်ထည့်ရန် ၆၀ ဒသမ ၃၆၅ သိန်း လျာထားရာ ယနေ့အထိ ဆည်ရေလှောင်တမံ ၁၇ ခု၊ ကျေးရွာကန် ၄၄ ကန်မှာ စုစုပေါင်းငါးမျိုးကောင်ရေ ၁၉ ဒသမ ၀၂ သိန်းကို မျိုးစိုက်ထည့်ပေးပြီးဖြစ်ရာ လျာထားချက်ပြည့်မီအောင် ငါးမျိုးများဆက်လက် စိုက်ထည့်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကြီးအုံကြီးဝဆည်ရေလှောင်တမံအား အမှီပြု၍ ငါးဖမ်းလုပ်ငန်းဆောင်ရွက်သူ ရေလုပ်သားဦးရေ ၅၅၀ ခန့်ရှိပြီး အဆိုပါရေလှောင်တမံအတွင်းမှ တီလားဗီးယား၊ ငါးဖယ်၊ ငါးဖန်းမ၊ ငါးပတ်၊ ငါးကြောင်း၊ ငါးမြွေထိုး၊ ငါးလင်ပန်း၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးဒေါက်၊ ငါးရံ့၊ ငါးခုံးမ၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ကသပိုးနှင့် ငါးရံ့ပုတက် စသည့်ငါးများ ဖမ်းယူရရှိကြောင်း ရေလုပ်သားများထံမှ သိရသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာ၊ ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝ ရေလှောင်တမံသို့ ကြွခိုင်မှုအခြေအနေ၊ ပင်မရေပိုလွှဲနှင့် ရေအားလျှပ်စစ်စက်ရုံတို့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ် ရှင်းလင်းဆွေးနွေး

**တောင်ကြီး ဩဂုတ် ၂၁**
ပြည်နယ်အဆင့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒသစ် ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မူးယစ်ဆေးစွဲမှုကြောင့် ကူးစက်ခံရသော HIV ရောဂါ၊ အသည်းရောင်အသားဝါ B. C နှင့် တီဘီရောဂါဖြစ်ပွားမှုများလည်း မြင့်တက်လာကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုအပိုင်းတွင် သမားရိုးကျ မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်းဖြူ၊ ဆေးခြောက်၊ ကိုကင်းနှင့် အဖက်တမင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများအပြင် စိတ်ပြောင်းဆေးဝါးသစ် ထုတ်လုပ်မှုများကိုပါ တွေ့ရှိလာရပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် မူးယစ်ဆေးစွဲရောဂါနှင့် နောက်ဆက်တွဲရောဂါများ လျှော့ချနိုင်ရေး၊ လူမှုဘဝမြင့်တင်ရေး စသည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ UNODC မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**အင်းသားလေး(တောင်ကြီး)**




# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၂၁**
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီက သင်္ဃန်းကျွန်းမြို့နယ် လူငယ်လေ့ကျင့်ရေးစခန်း သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပထမဆုရရှိသွားသော သာကေတမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ဆုရရှိသောအသင်းများနှင့် ဆုရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

# မကွေးတိုင်းဒေသကြီးတွင် လူငယ်စွမ်းရည်မြှင့်တင်ခြင်းသင်တန်း ဖွင့်လှစ်နိုင်ရေး အလုပ်ရုံဆွေးနွေး

**မကွေး ဩဂုတ် ၂၁**
မကွေးတိုင်းဒေသကြီးအတွင်း၌ လူငယ်စွမ်းရည်မြှင့်တင်ခြင်းသင်တန်း (Youth Camp) ဖွင့်လှစ်နိုင်ရေး Genuine People's Servants ၊ Youth Circle၊ Swe Tha Har အဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက မကွေးမြို့ ထိန်ထိန်သာဟိုတယ်တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်က အဖွင့်အမှာစကားပြောကြားပြီး Genuine People's Servants အဖွဲ့မှ ဒါရိုက်တာ ဦးသွင်လင်းအောင်က လူငယ်စွမ်းဆောင်ရည် မြှင့်တင်ခြင်းအစီအစဉ်အား ပွင့်လင်းမြင်သာမှုရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစိုးရတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူငယ်ခေါင်းဆောင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များ ပါဝင်ဆွေးနွေးပြီး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား အသိအမှတ်ပြုခြင်း၊ပူးပေါင်းပါဝင်ခြင်း၊အကြံပြုချက်များပေးခြင်း၊ ပူးပေါင်းလုပ်ဆောင်နိုင်သည့် ယန္တရားများချမှတ်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားပြီးနောက် ဦးဆောင်ဆွေးနွေးသူများက Youth Camp ဆိုင်ရာ အစီအစဉ်အကြောင်းအရာများကို ဆွေးနွေးရာ တက်ရောက်လာသူများက အကြံပြု မေးမြန်းဆွေးနွေးကြသည်။



လူငယ်စွမ်းရည်မြှင့်တင်ခြင်းကို ဒေသခြောက်ခုဖြစ်သည့် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိပြီး ငြိမ်းချမ်းရေးအသိပညာ၊ မိမိတို့၏ တစ်ကိုယ်ရေဖွံ့ဖြိုးရေး၊ လူငယ်များသိသင့်သိထိုက်သည့် နိုင်ငံသားတိုင်းအတွက် အသိပညာဗဟုသုတ၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ လူငယ်ဆိုင်ရာများနှင့်ဆက်စပ်သည့် စကားရည်လုခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်ခြင်းများပါ ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးတွင် Youth Camp ဖွင့်လှစ်နိုင်ရေး တောင်တွင်းကြီးမြို့နယ်မှ သဲဖြူကျေးရွာ၊ ငဖဲမြို့နယ်မှ ပေကုန်းကျေးရွာတို့ကို လျာထားကာ ကွင်းဆင်းလေ့လာပြီး ကျေးရွာတစ်ရွာ၌ စီစဉ်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ယခုနှစ်အတွင်း Youth Camp ကို ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတို့၌ ပြုလုပ်ခဲ့ပြီးဖြစ်ရာ မကွေးတိုင်းဒေသကြီးတွင် စက်တင်ဘာ ၆ ရက်မှ ၁၁ ရက်ထိ ချင်းတိုင်းရင်းသားလူမျိုးစု ၇၀၊ တောင်သားလူမျိုးစု ၁၇ ဦး၊ ဗမာလူမျိုးစု ၂၀၊ မကွေးမြို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ၄၀၊ ကရင်လူမျိုးစု ငါးဦး စုစုပေါင်း ၁၅၂ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဘားအံမြို့၏ကျက်သရေဆောင် ဇွဲကပင်ခန်းမအား အကြီးစားပြင်ဆင်မှုများဆောင်ရွက်

**ဘားအံ ဩဂုတ် ၂၁**
ကရင်ပြည်နယ် ဘားအံမြို့၏ ကျက်သရေဆောင် အထင်ကရနေရာတစ်ခုဖြစ်သော ဇွဲကပင်ခန်းမကို အကြီးစားပြင်ဆင်မှုများဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီက စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဘားအံမြို့ ဇွဲကပင်ခန်းမ(မြို့တော်ခန်းမ)ကို တည်ဆောက်ခဲ့သည့်ကာလမှာ ကြာမြင့်ခဲ့ပြီဖြစ်၍ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၏ ခရီးစဉ်များတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲများကျင်းပခြင်း၊ အခမ်းအနားများကျင်းပခြင်း၊ ရိုးရာယဉ်ကျေးမှုပွဲတော်များကျင်းပရာတွင် အသုံးပြုနေသည့် ခန်းမတစ်ခုဖြစ်ပြီး ဆက်လက်အသုံးပြုရန် မသင့်တော်တော့သည့်အတွက် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန် အသေးစားပြင်ဆင်မှုကို ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ အဆောက်အအုံခေါင်မိုးမှ မိုးရေယိုခြင်း၊ သန့်စင်ခန်းများ အသုံးပြုရအဆင်မပြေခြင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခန်းမများနှင့်နှိုင်းယှဉ်လျှင် ခေတ်နှင့်လိုက်လျောညီထွေမှု မရှိခြင်းတို့ကြောင့် ယခုကဲ့သို့ အကြီးစား ပြင်ဆင်ခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ဘားအံမြို့၏ကျက်သရေဆောင် ဇွဲကပင်ခန်းမကို အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်နေသော စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာများအား ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က စံချိန်စံညွှန်းများနှင့်အညီ ခေတ်မီလှပသော ခန်းမကြီးတစ်ခုအဖြစ် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# လှိုင်ကော်မြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**လှိုင်ကော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနား အောင်မြင်စွာပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ ကယားပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြ



ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားရှိသော ဆပ်ကော်မတီများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြောင်း သိရသည်။

**အောင်ထွန်းလေး**

# ပြည်သူ့နီတိ အသိပညာပေး စာမေးပွဲနှင့်ပတ်သက်၍ စာရေးဆရာကြီးအချို့၏ ဟောပြောမှုစကားသံများ

ရန်ကုန် ဩဂုတ် ၂၁

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲကို ကျောင်းအဆင့်ပြိုင်ပွဲ၊ မြို့နယ်အဆင့်ပြိုင်ပွဲနှင့် ဗဟိုအဆင့်ပြိုင်ပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်တွင် လည်းကောင်း၊ မြို့နယ်အဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်တွင် လည်းကောင်း၊ ဗဟိုအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲအတွက် ကျောင်းသား ကျောင်းသူများ အထောက်အကူရရှိစေရန်နှင့် လူမှုပတ်ဝန်းကျင်တွင် လိုက်နာရမည့်ကျင့်ဝတ်များ သိရှိနားလည်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးဆရာ ၃၀ တို့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၄ မြို့နယ်အနက် (ကိုကိုးကျွန်းမြို့နယ်မှအပ) ၄၃ မြို့နယ်ရှိ ကျောင်းများအား တစ်မြို့နယ်လျှင် တစ်ကျောင်းနှုန်းဖြင့် လိုက်လံဟောပြောလျက်ရှိရာ ယင်းဟောပြောမှုများနှင့်ပတ်သက်၍ စာရေးဆရာကြီးအချို့၏ စကားသံများကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**

**စာရေးဆရာချစ်ဦးညို ။** ။ ပြည်သူ လိုက်နာကျင့်သုံးအပ်သော ကျင့်ဝတ်၊ ပြည်သူစောင့်ထိန်းအပ်သော ကျင့်ဝတ်၊ ပြည်သူတို့ ရှောင်ကြဉ်ရသောအရာများ၊ ပြည်သူတို့ လိုက်နာရသောအရာများကို ခွဲခြားဖော်ပြပေးတဲ့အရာကို ပြည်သူ့နီတိလို့ခေါ်တယ်။ ပြည်သူ့နီတိဟာ အားလုံးနဲ့သက်ဆိုင်တယ်။ ပြည်သူ့နီတိကို လိုက်နာပြီး ကျင့်သုံးနိုင်တယ်။ စောင့်ထိန်းနိုင်တယ်ဆိုရင် တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ နိုင်ငံကြီးသားဖြစ်လာမယ်။ ကိုယ်ကိုယ်တိုင် ဆောင်ရ၊ ရှောင်ရမယ့် အရာတွေကို သိလာမယ်။ ဘာကြောင့် ကျောင်းတွေမှာ ဟောပြောပွဲလုပ်တာလဲဆိုတော့ ဒီအချိန်မှာ အမြန်ဆုံးနဲ့ အကောင်းဆုံး ထိရောက်နိုင်တာ ကျောင်းတွေပဲဖြစ်တယ်။ ကျောင်းတွေဆိုတော့ ကလေးတွေက ခံယူဖို့ အသင့်၊ ပြီးတော့ သူတို့ကိုယ်သူတို့ တန်ဖိုးထားတတ်တဲ့ ကလေးတွေဖြစ်လာမယ်။ တန်ဖိုးထားတတ်တဲ့ကလေးတွေကနေ တန်ဖိုးထားတတ်တဲ့ လူကြီးတွေ ဖြစ်လာမယ်။ တန်ဖိုးထားတတ်တဲ့ လူကြီးတွေကနေ တန်ဖိုးရှိတဲ့ နိုင်ငံကို တည်ထောင်နိုင်မယ့်အဆင့်ထိ ရောက်သွားနိုင်တယ်။ ဒါကြောင့် ပြည်သူ့နီတိဟာ နိုင်ငံကောင်းတစ်နိုင်ငံဖြစ်ဖို့အတွက် အခြေခံပါတယ်လို့ ပြောချင်ပါတယ်။ လူကြီးတွေကလည်း ဒီပြည်သူ့နီတိကို ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးပြီး ကလေးတွေကိုလည်း လိုက်နာကျင့်သုံးတတ်အောင် နှိုးဆော်တိုက်တွန်းပေးစေချင်ပါတယ်။

**စာရေးဆရာဦးအောင်နိုင်မြင့်(ပညာရေး)။** ။ကလေးတွေက ကျောင်းတွေ၊ အိမ်တွေမှာ လိုက်နာကျင့်သုံးရမယ့် အချက်အလက်တွေ နောက်ပြီး ကစားတဲ့နေရာမှာ ဆောင်ရွက်ရမယ့်အချက်အလက်တွေ၊ ခရီးသွားတဲ့နေရာမှာ ဘယ်လိုဆောင်ရွက်ရမလဲ ဘယ်လိုကျင့်သုံးရမလဲဆိုတဲ့ အချက်အလက်တွေ၊ နောက်တစ်ခုက အထွေထွေယဉ်ကျေးမှုဆိုင်ရာ အချက်အလက်တွေ အဲလိုမျိုးလေးတွေကို ဦးတည်ပြီး ဆွေးနွေးကြပါတယ်။ ကလေးတွေကို လိုက်နာရမယ့်အချက်တွေ ဥ‌ပ္မာ့သည်တွေနဲ့ တွေ့ဆုံတဲ့အခါမှာ ဘယ်လိုဆောင်ရွက်ရမယ်။ လူကြီးတွေကို ဘယ်လိုဆက်ဆံရမယ်၊ ဒါလေးတွေကိုတော့ သူ့အသက်အရွယ် အနေအထား ဖွံ့ဖြိုးမှုကိုအခြေခံပြီး ကဗျာလေးတွေရော၊ သီချင်းလေးတွေရော မှတ်သားစရာ ပုံတိုပုံစလေးတွေနဲ့ပြောတာ ထိရောက်တယ်ဆိုတာ သိရပါတယ်။ တချို့ လူမှုအဖွဲ့အစည်းတွေနဲ့ ကျောင်းတွေမှာ စာရိတ္တနဲ့ ပြည်သူ့နီတိ အထူးလိုအပ်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာတွေ တိုးတက်လာတော့ ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်လာလေလေ စိတ်ပိုင်းဆိုင်ရာဘက်မှာ အားနည်းသွားတဲ့ အပိုင်းလေးတွေရှိပါတယ်။ ဒါကြောင့်မို့ ရိုသေမှု၊ ကိုင်းရှိုင်းမှု၊ ယဉ်ကျေးမှုတွေ အားနည်းလာတာကို တွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကလေးတွေအားလုံးကို စာရိတ္တနဲ့ပြည်သူ့နီတိ ဆွေးနွေးပေးကြမယ်၊ သင်ကြားပေးကြမယ်ဆိုရင် ပိုပြီးတော့ ကောင်းလာလိမ့်မယ်လို့ မျှော်လင့်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**စာရေးဆရာဦးဒီပ(ပညာရေး)။** ။ ပြည်သူ့နီတိနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကျောင်းသားဘဝကတည်းက သင်ခဲ့ရတယ်။ ငယ်ငယ်ကတည်းက အိမ်၌ယဉ်ကျေးခြင်း၊ လမ်း၌ယဉ်ကျေးခြင်း ဒါတွေထပ်နေအောင် တော်တော်သင်ခဲ့ရတယ်။ ပြည်သူ့နီတိအပြင် ကျွန်တော်တို့ရဲ့ ကိုယ်ကျင့်တရားကို ထိန်းကျောင်းဖို့အတွက် ကိုးတန်းထိ ဘာသာရေးစာပေတွေကို သင်ကြားခဲ့ရတယ်။ ဗုဒ္ဓဘာသာ စာမေးပွဲတွေ ဖြေခဲ့ရတယ်။ ပြည်သူ့နီတိနဲ့ ဘာသာရေး နှစ်ခုညှပ်ထားတဲ့အခါကျတော့ လူငယ်တွေရဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ပိုင်းဆိုင်ရာတွေဟာ အတော်လေး ခြေမြဲသွားတဲ့ အနေအထားမျိုး ရှိပါတယ်။ နောက်ပိုင်း အားနည်းလာတယ်။ အဲဒါကြောင့် မြို့တော်ဝန်က ပြည်သူ့နီတိပြိုင်ပွဲ လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ အလွန်ကျေးဇူးတင်ပါတယ်။ အဓိကကတော့ ကျောင်းသား ကျောင်းသူတိုင်း ပြည်သူ့နီတိကို လေ့လာသင်ယူစေချင်တယ်။ ပြည်သူ့နီတိဆိုတာ ဘယ်လိုလဲဆိုတော့ ယဉ်ကျေးစွာပြုမူ၊ ပြောဆို၊ နေထိုင်၊ ဆက်ဆံတတ်အောင် လမ်းညွှန်ဆုံးမစကားကို ပြည်သူ့နီတိလို့ခေါ်တယ်။ မိဘတွေကိုယ်တိုင်ကလည်း ပြည်သူ့နီတိကို သိရုံမဟုတ်ဘဲ ကိုယ်တိုင်လက်တွေ့ လေ့ကျင့်ဖြစ်အောင် တိုက်တွန်းလိုပါတယ်။

**စာရေးဆရာကောင်းသန့်။** ။ ပြည်သူ့နီတိကို မသိတဲ့အတွက် လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို မသိဘဲ ဒုက္ခရောက်နေတာ ဆရာတို့နိုင်ငံမှာ အများကြီးရှိတယ်။ ဒီလို နှစ်တိုင်းနှစ်တိုင်းသာ လုပ်မယ်ဆိုရင် သေချာတယ်။ နောက် ၁၀ နှစ်လောက်ကြာရင် ဒီအကျိုးဆက်ကို သေချာပေါက်တွေ့ရမှာပါ။ အဲဒီလိုဆရာတို့ မျှော်လင့်ယုံကြည်ပြီး ဟောပြောနေတာပါ။ အခုလောလောဆယ် ကျောင်းမနေတဲ့ကလေးတွေအတွက်တော့ ဒီလိုလိုက်ဟောတာမျိုး၊ သင်ကြားတာမျိုး မလုပ်နိုင်သေးဘူး။ ဒါပေမယ့် ရေဒီယို၊ ရုပ်မြင်သံကြားတွေက ဟောပြောပေးနေတာတွေကို သူတို့နားထောင်ရမယ်၊ ကြားရမယ်ဆိုရင် ဒါသူတို့ကို သင်ကြားပေးနေသလိုပါပဲ။ အဓိကပြဿနာက မိဘတွေကိုယ်တိုင်က ပြည်သူ့နီတိကို မသင်တော့တဲ့ကာလမှာ ကြီးပြင်းလာတဲ့ မိဘတွေ ဖြစ်နေကြတာများတယ်။ သူတို့ကိုယ်တိုင်က ပြည်သူ့နီတိကို မသိတဲ့အခါကျတော့ သားသမီးကို ပြည်သူ့နီတိနဲ့ပတ်သက်တဲ့ အသိပညာပေးဖို့ မလုပ်နိုင်ဘူး။ ပြည်သူ့နီတိဟာ တစ်တိုင်းပြည်လုံးနဲ့ သက်ဆိုင်တယ်။ တကယ်အရေးကြီးတဲ့ လုပ်ငန်းဖြစ်တယ်။ လူတွေရဲ့ စိတ်ဓာတ်၊ အတွေးအခေါ် မပြောင်းလဲဘဲ ဘာစနစ်ထူထောင်ထူထောင်၊ ဘယ်အစိုးရတက်တက် ဘာမှလုပ်လို့မရဘူး။ လူတွေရဲ့ စိတ်ဓာတ်ပြောင်းလဲသွားမှ တကယ်ပြောင်းလဲလာမယ်။ ဒါကြောင့် လူတွေရဲ့စိတ်ဓာတ်ပြောင်းလဲဖို့ရာ သက်ဆိုင်ရာအစိုးရရော၊ မိဘ၊ ဆရာတွေရော အားလုံးဟာ တာဝန်ရှိတဲ့သူတွေဖြစ်တယ်။ အားလုံးလုပ်ရမယ်။ ဒါကို အစိုးရက အရေးကြီးလုပ်ငန်းတစ်ခုအနေနဲ့ အားပေးမယ်ဆိုရင် ပိုမိုတိုးတက်လာမယ်လို့ ထင်ပါတယ်။

**အေးမင်းသူ၊ စာနည်မောင်**

## တိုတိုထွာထွာဖတ်စရာ

### ကဝ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကဝ**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းဦးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မိုးကရင်၊ မိုးမြန်မာနှင့် ကြာတောရွာသစ်ကျေးရွာများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာတစ်ရွာလျှင် ဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ကျေးရွာသုံးရွာအတွက် ငွေကျပ် သိန်း ၃၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

### ကံမ၌ လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးဆောင်ရွက်

**ကံမ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးထွန်းလွင်နှင့် ဝန်ထမ်းများသည် လျှပ်စစ်ဓာတ်အားလေလွင့်မှုမရှိစေရန်နှင့် ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ထရန်စဖော်မာများ စစ်ဆေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ထရန်စဖော်မာများသို့ လျှပ်စစ်ဓာတ်အားအဝင်ဗို့အားတိုင်းတာခြင်း၊ မိုးကြိုးအန္တရာယ်ကာကွယ်ရန်အတွက် မြေစိုက်ကြိုးများ စစ်ဆေးခြင်းနှင့် မြက်ပင်ပေါင်းပင်များရှင်းလင်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေး

**ရန်ကုန်**

ရန်ကုန်ဘူတာကြီး အမှတ် (၁) စင်္ကြံသို့ ဩဂုတ် ၁၈ ရက် ည ၉ နာရီက ဆိုက်ရောက်လာသော အမှတ် (၁၂) အစုန် မန္တလေး-ရန်ကုန် ရထားစီးနင်းလိုက်ပါလာသူ တောင်သာမြို့နယ်တွင် နေထိုင်သည့် ဦးကြည်ထွန်းသည် ရထားပေါ်မှဆင်းစဉ်ရုတ်တရက်သွေးတိုး၍ မူးလဲသွားသဖြင့် ရန်ကုန်ဘူတာကြီး အထက်တန်းတာဝန်ကျရဲတပ်ကြပ် သိန်းစိုးနိုင်ပါနှစ်ဦးတို့က ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

### ပလက်ဝ၌ မူခင်းလျော့နည်းကျဆင်းရေးအတွက် အသိပညာပေး

**ပလက်ဝ**

ပလက်ဝမြို့ မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက မှုခင်းလျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ပလက်ဝမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပေါက်မြို့နယ် လူထုဗဟိုပြုစီမံကိန်း အလုပ်ရုံဆွေးနွေး

**ပေါက်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဌာနမှူး ဒေါ်အေးအေးသန့်က ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြောကြားသည်။

**ညဏ်တိုး(ပေါက်)**

### ပူတာအို၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက လုံရှာယာန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

လက်ထောက်ပညာရေးမှူး ဦးဇခါရီဒီးတန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမိုးနိုင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို အသိပညာပေး ဟောပြောသည်။

**ခရိုင်(ပြန်/ဆက်)**

### မင်းတပ်၌ တက္ကသိုလ်ကျောင်းဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေး

**မင်းတပ်**

ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲတွင် တက္ကသိုလ်တစ်ခုဖွင့်လှစ်ရန်လိုအပ်ချက်များညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

တက္ကသိုလ်ကျောင်းရှိလာပါက မကွေးတိုင်းဒေသကြီး ဆောမြို့နယ်မှ ကျောင်းသားကျောင်းသူများလည်း တက်ရောက်လာနိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက ပြောကြားသည်။ မင်းတပ်ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက တက္ကသိုလ်ကျောင်း တည်ဆောက်ရေးအတွက် ဗိသုကာပညာရှင် ဒေါက်တာချားလ်၏ ရှင်းလင်းအကြံပြုချက်များအရ ဌာနဆိုင်ရာများနှင့် ပြည်သူများက ဝိုင်းဝန်းအကောင်အထည်ဖော်ကြရန်လိုပါကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# အခမ်းအနားပွဲကို ပထမဆုံးအကြိမ်အဖြစ် အတူတက်ရောက်ခဲ့ကြတဲ့ ပီးထ်ဒေးပစ်ဆန်နဲ့ အရီရန်နာဂရန်းဒ်



လတ်တလောကျင်းပခဲ့တဲ့ "MTV Video Music Awards" ဆုပေးပွဲကြီးကို နာမည်ကျော်ကြယ်ပွင့်စုံတွဲ ပီးထ်ဒေးဗစ်ဆန်နဲ့ အရီရန်နာဂရန်းဒ်တို့ အတူတက်ရောက်ခဲ့ကြပါတယ်။ ဒီလို အခမ်းအနားတစ်ခုကို အတူတွဲကာ တက်ရောက်ခဲ့တာဟာ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီကမှ စေ့စပ်ထားပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ပီးထ်ဒေးဗစ်ဆန်တို့ဟာ ဆုပေးပွဲရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်မှာ နှစ်ဦးသားတွဲကာ မီဒီယာတွေရှေ့မှောက် ဓာတ်ပုံအရိုက်ခံခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



# စက်တင်ဘာလမှာ ပရိသတ်ရှေ့ပြန်လာမယ့် Oh My Girl

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ "Oh My Girl"ဟာ အဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုသစ်တွေကို လာမယ့် စက်တင်ဘာလအတွင်း ပရိသတ်ရှေ့အရောက်ပို့ဆောင်ပေးသွားဖို့ရာ စီစဉ်ထားကြောင်း လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။

အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ ဒဗလျူအမ်အန်တာတိန်းမန့်က အဖွဲ့အနေနဲ့ လာမယ့် စက်တင်ဘာလအတွင်း တေးသီချင်းသစ်တစ်ပုဒ်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းနဲ့ ယင်းတေးသီချင်းမှာ အဖွဲ့ဝင်တွေအားလုံးပါဝင်ထားတာ ဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် အဖွဲ့ရဲ့ တေးသီချင်းသစ်အတွက် တေးဗီဒီယိုကိုလည်း ရိုက်ကူးပြီးစီးသွားပြီဖြစ်ကြောင်းလည်း ကြေညာခဲ့ပါတယ်။

"Oh My Girl"ဟာ ပြီးခဲ့တဲ့ ဧပြီလအတွင်း "Oh My Girl Banhana"တေးသီချင်းကို နောက်ဆုံးအနေနဲ့ ထုတ်လွှင့်ခဲ့တာဖြစ်ပေမယ့် အဖွဲ့ရဲ့ ငါးခုမြောက် မီနီတေးအယ်လ်ဘမ် "Secret Garden"ကို ထုတ်လွှင့်ခဲ့ပြီးနောက် ရှစ်လအကြာမှ ယခုလို တေးသီချင်းသစ်နဲ့ ပရိသတ်တွေရှေ့အရောက်ပြန်လာခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

# ဂျနီဖာလိုပက်ဇ်အတွက် အကောင်းဆုံးပရိသတ်ဖြစ်ခဲ့တဲ့ အဲလက်ဇ်ရိုဒရီးဂွက်ဇ်



ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ တေးဂီတထူးချွန်ဆုပေးပွဲဖြစ်တဲ့ "MTV Video Music Awards" မှာ ဖျော်ဖြေတင်ဆက်ခဲ့ရာ ချစ်သူ အားကစားကြယ်ပွင့် အဲလက်ဇ်ရိုဒရီးဂွက်ဇ်လည်း တက်ရောက်ခဲ့ပြီး ဂျနီဖာလိုပက်ဇ်ရဲ့ ဖျော်ဖြေမှုကိုအားပေးခဲ့တာ တွေ့ရပါတယ်။ ပေါ့ပ်ကြယ်ပွင့် ဖျော်ဖြေနေစဉ်မှာ ဖုန်းနဲ့လည်း ဗီဒီယိုရိုက်ယူခဲ့ကာ တေးသီချင်းနဲ့အတူ လိုက်ပါစီးမြောရင်း အားပေးခဲ့တဲ့ အဲလက်ဇ်ရိုဒရီးဂွက်ဇ်ကို အကောင်းဆုံးပရိသတ်ဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ယင်းဆုပေးပွဲ မှာ ဂျနီဖာလိုပက်ဇ်ရဲ့ ကလေးသုံးဦးလည်း တက်ရောက်ခဲ့တာဖြစ်ပါတယ်။ သားဖြစ်သူ မက်ဇ်ဟာ အဲလက်ဇ်ရိုဒရီးဂွက်ဇ်ရဲ့ ပေါင်ပေါ်မှာထိုင်ကာ အားပေးခဲ့ပြီး သမီးလေးနှစ်ဦးကတော့ အဖွားဖြစ်သူနဲ့အတူ ကြည့်ရှုခဲ့ကြပါတယ်။

ဆုပေးပွဲမှာ ဂျနီဖာလိုပက်ဇ်က ထူးချွန်ဆုကို တေးသံရှင် ဆွမ်မန်းဒပ်ဆီမှ လက်ခံရယူခဲ့ပြီးနောက် အမှတ်တရစကားပြောကြားချိန်မှာတော့ သမီးလေးတွေအကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ သူက အောင်မြင်မှုတွေအတွက် သမီးလေးတွေကို ကျေးဇူးတင်ကြောင်း၊ သမီးလေးနှစ်ဦး ရရှိခဲ့ပြီးနောက်မှာတော့ သူ့ရဲ့ဘဝဟာ ပြောင်းလဲသွားခဲ့ကြောင်း၊ ပိုကောင်းမွန်တဲ့ မိခင်တစ်ဦးဖြစ်ရန် လိုအပ်ကြောင်း၊ ပိုမိုအောင်မြင်အောင် ကြိုးစားရမှာဖြစ်ကြောင်းနဲ့ ယခင်ကထက် ပိုမိုကြံ့ခိုင်တဲ့သူတစ်ဦးဖြစ်အောင် နေထိုင်ရမှာဖြစ်ကြောင်း သိရှိလာခဲ့တယ်လို့ ထည့်သွင်းပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဂျနီဖာလိုပက်ဇ်က ရင်သွေးလေးတွေကြောင့် သူ့ရဲ့အနာဂတ်ဟာ ပိုမိုလှပလာခဲ့ကြောင်းလည်း ဆိုပါတယ်။









ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့တဲ့ MTV Video Music Awards ဆုပေးပွဲကို တက်ရောက်လာကြတဲ့ ကိုင်လီဂျန်နာ၊ မီလီဘော်ဘီဘရောင်း၊ ဘလိတ်ခ်လိုက်ဗလီ၊ ဂျနီဖာလိုပက်ဇ် (ဝဲမှယာ) တို့ကို တွေ့ရစဉ်။

အေးပြည့် - ရေးသားသည်



# ဂျက်စတင်ဘီဘာဟာ အကောင်းဆုံးသူငယ်ချင်းလို့ဆိုလာတဲ့ ဟေးလေးဘော်ဝင်န်

ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်တို့ဟာ အချစ်တွေနဲ့အတူ သူတို့နှစ်ဦးရဲ့ ဘဝခရီးကို ရှေ့ဆက်နေကြတာဖြစ်ပါတယ်။ လတ်တလောမှာတော့ အသက် ၂၁ နှစ်သာရှိသေးတဲ့ မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်န်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူတို့နှစ်ဦးရဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံရဲ့အောက်မှာတော့ အကောင်းဆုံးသူငယ်ချင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်တို့ဟာ ချစ်သူသက်တမ်းအချိန်တိုအတွင်းမှာပင် စေ့စပ်ခဲ့ကြတာဖြစ်ပြီး လတ်တလော ဟေးလေးဘော်ဝင်န်ဖော်ပြခဲ့တဲ့ ဓာတ်ပုံမှာ စေ့စပ်လက်စွပ်ကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ကြောင်းလည်း သိရပါတယ်။

ဂျက်စတင်ဘီဘာက သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဟေးလေးဟော်ဝင်န်ကို ဘဟားမားမှာ အလည်အပတ်ထွက်ခဲ့ကြစဉ် ပြီးခဲ့တဲ့ ဇူလိုင် ၇ ရက်က လက်ထပ်ခွင့်တောင်းဆိုလိုက်တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်း အချိန်တိုအတွင်း စေ့စပ်ခဲ့ကြပြီး လက်ထပ်ဖို့ပင် စဉ်းစားနေကြပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လတ်တလောမှာ လက်ထပ်မယ့်အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေပြုလုပ်နေကြကာ မင်္ဂလာပွဲကို လာမယ့်နှစ်အတွင်း အကျဉ်းချုံးပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်း သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

တိုတိုထွာထွာဖတ်စရာ

## မတ္တရာ၌ အခွန်ထမ်းပြည်သူများနှင့်တွေ့ဆုံ

**မတ္တရာ**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ခေတ်ကာလနှင့်လျော်ညီသော ပစ္စည်းခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ အခွန်ထမ်းပြည်သူများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ဘုရင့်နောင်ခန်းမတွင် ကျင်းပသည်။

စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်က ပစ္စည်းခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## မိုးနဲ၌ မြို့နယ်လုံခြုံရေး ကြပ်မတ်ဆောင်ရွက်

**မိုးနဲ**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် မြို့နယ်လုံခြုံရေးလျော့နည်းမှုနှင့် တရားဥပဒေလျော့နည်းမှုဖြစ်စဉ်များ ပေါ်ပေါက်မှုမရှိစေရေး ပိတ်ဆို့စစ်ဆေးရေးအဖွဲ့က ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် နမ့်စန်-မိုးနဲ ပြည်ထောင်စုလမ်းမ မိုးနဲမြို့ဝင် ပထမကြာဖူးအနီးတွင် ဆောင်ရွက်ခဲ့ကြသည်။

မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးများပပျောက်ရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဖြတ်သန်းသွားလာသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**(ဖဖ၁)**

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ချောင်းဆုံ၌ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဇီးကုန်း အမကကျောင်းတွင် ဩဂုတ် ၂၀ ရက်က ပြည်သူ့ဝန်ဆောင်မှု (One Stop Shop)၊ ရွေ့လျားဝန်ဆောင်မှု (Mobile Service) လုပ်ငန်းကွင်းဆင်းဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများအား မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကွမ်းလုံ၌ မိုင်းအန္တရာယ်အသိပညာပေးဟောပြော

**ကွမ်းလုံ**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုနှင့် ကလေးငယ်များကို မိုင်းအန္တရာယ်၊ စစ်လက်နက်အကြွင်းအကျန်များအန္တရာယ်မှ ကင်းဝေးပြီး အသိနှင့်သတိရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ပူးပေါင်းကာ မိုင်းအန္တရာယ်အသိပညာပေးခြင်းကို ဝန်ထမ်းရပ်ကွက်နှင့် တံတားဦးကျေးရွာတွင် ဩဂုတ် ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ သူနာပြုအဖွဲ့မှ ဒုတိယတပ်ဖွဲ့ခွဲမှူးနှင့် အဖွဲ့များက မိုင်းအန္တရာယ်ဆိုင်ရာများနှင့် သတိပြုဆောင်ရွက်ရမည့်ကိစ္စများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြော

**မိုင်းယောင်း**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ကျိုင်းတုံ)ဥက္ကဋ္ဌ ဦးစိုင်းဆမ်တစ်က မူးယစ်ဆေး၏ဆိုးကျိုးများကိုလည်းကောင်း၊ ပြည်နယ်ကြက်ခြေနီအသင်း(ကျိုင်းတုံ) မှ တပ်ဖွဲ့မှူး ဦးဝင်းမြတ်က ကြက်ခြေနီအကြောင်း သိကောင်းစရာများနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။
**အားချာ(ပြန်/ဆက်)**

## မြဝတီ၌ အသိပညာတိုးပွားစေရေး နယ်လှည့်ဟောပြော

**မြဝတီ**
အသိပညာပေးနယ်လှည့်ဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက မြဝတီမြို့နယ် ထိဝါပလောကျေးရွာ ကျောင်းကြီးဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ငါးလုပ်ငန်းဦးစီးမှူးက မွေးမြူရေးသိကောင်းစရာများ၊ စားသုံးသူရေးရာဦးစီးမှူးက စားသောက်ကုန်များတွင်ပါဝင်သော ဆိုးဆေးများအကြောင်း၊ လူကုန်/တားရဲတပ်ဖွဲ့မှ လူကုန်ကူးခြင်းကြောင့်ကျခံရမည့် ပြစ်ဒဏ်များအကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် စာများဖတ်ရှုကြရန်လိုကြောင်း ဟောပြောခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# စိုက်ပျိုးရေလုံလောက်စွာ ပေးဝေလျက်ရှိသော သဖန်းဆိပ်ရေလှောင်တမံ



**နေပြည်တော် ဩဂုတ် ၂၁**
အထက်မြန်မာပြည်၏ စပါးကျီတစ်ခုဖြစ်သည့် သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ပျိုးထောင်ရေကို ၂၀၁၈ ခုနှစ် ဇွန်လအလယ်မှ စတင်၍ ရေပေးဝေခဲ့သည်။ မိုးစပါးစိုက်ပျိုးရာသီအတွက် ကင်းတပ်လက်ဝဲတူးမြောင်းမှ မိုးစပါး ၆၇၃၃၆ ဧက၊ ကင်းတပ် လက်ယာတူးမြောင်းမှ မိုးစပါး ၁၀၀၁၇၇ ဧက၊ ကာဘိုးဆည် ရွှေဘိုမြောင်းမတော်မှ မိုးစပါး ဧက ၂၀၆၀၈၀ နှင့် ကာဘိုးဆည် ရေဦးမြောင်းမတော်မှ မိုးစပါး ၁၁၅၇၃၈ ဧက စုစုပေါင်းဧက ၄၉၀၀၀၀ ခန့် စိုက်ပျိုးရန်လျာထားပြီး ယနေ့အချိန်အထိ စုစုပေါင်း မိုးစပါး ဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။

လက်ရှိအချိန်တွင် စီမံကိန်းလျာထားဧက၏ ၉၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးရေရရှိနေပြီး တောင်သူများကလည်း သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးရာသီတွင် ဈေးကွက်ခိုင်မာပြီး အရည်အသွေးမြင့်မားသည့် ရွှေဘိုပေါ်ဆန်းစပါးမျိုးကို အများဆုံး စိုက်ပျိုးနေကြပြီဖြစ်သည်။ စက်တင်ဘာလလယ်ခန့်တွင် စီမံကိန်းလျာထားဧကအားလုံး ကွင်းပိတ်စိုက်ပျိုးနိုင်မည်ဟု သိရသည်။

ယခုနှစ် မိုးရာသီကာလ ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာပြည်အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သော သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်း မိုးရွာသွန်းမှုနည်းပါးသော်လည်း တမံအတွင်း၌ မိုးဦးကာလပိုင်းမှစတင်၍ ရွာသွန်းသောမိုးရေများကို စနစ်တကျသိုလှောင်သိမ်းဆည်းထားရှိနိုင်ခဲ့သဖြင့် လက်ရှိအချိန်တွင် ဧကပေ ၁၉ သိန်းခန့် ရေလက်ကျန်ရှိနေပြီး မိုးစပါးစိုက်ပျိုးရာသီကာလတစ်လျှောက်လုံး သဖန်းဆိပ်ဆည်ရေသောက်ဧရိယာများအတွင်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်အထိ ဆည်ရေလုံလောက်စွာ ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်မိုး (စိုက်ပျိုးရေး)**

# ပဲခူးခရိုင် ပြန်/ဆက်ရုံးတွင် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၂၁**
အင်္ဂလိပ်စာအခြေခံသင်တန်း (Basic English Course) ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီက ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး ပြည်သူ့စာကြည့်တိုက်တွင် ပြုလုပ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးစိုးပိုင်က မိမိတို့၏အချိန်များအား လေလွင့်ဆုံးရှုံးမှုမရှိစေရန် ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သက်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သင်တန်းဆရာ ဦးမင်းဟိန်းဇော်က အခြေခံအင်္ဂလိပ်စာ သင်ကြားရေးဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပဲခူးခရိုင် ပြန်/ဆက်ရုံးတွင် တစ်နိုင်တစ်ပိုင် အိမ်တွင်းလက်မှုလုပ်ငန်းသင်တန်းများ၊ အတတ်ပညာနှင့်ပတ်သက်သည့်သင်တန်းများ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သက်ဦးက ပြောကြားသည်။

အဆိုပါသင်တန်းကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး ဩဂုတ် ၂၀ ရက်မှ စတင်၍ သင်တန်းသား သင်တန်းသူများ အင်္ဂလိပ်စာအခြေခံတတ်မြောက်သည်အထိ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြေတိုင်းတာခြင်းနှင့် မြေပုံထုတ်နည်းပညာအသုံးချသင်တန်း ပျော်ဘွယ်၌ ဖွင့်လှစ်

**ပျော်ဘွယ် ဩဂုတ် ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ၏ မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းနည်းပညာ အသုံးချသင်တန်းအမှတ်စဉ်(၃)ဖွင့် ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့်မြေတိုင်းပညာရပ်လေ့ကျင့်ရေး သင်တန်းကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူစောက ယနေ့စတင်ကျင်းပသည့် သင်တန်းသည် မိမိတို့သက်ဆိုင်ရာဘာသာရပ်များကို ပိုမိုကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ မြေတိုင်းတာခြင်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ခေတ်မီမြေတိုင်းတာစက်များအသုံးပြုပြီး ကျွမ်းကျင်သူများနှင့်ပူးပေါင်းကာ ပို့ချပေးမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများသည် အင်ဂျင်နီယာများဖြစ်သည့်အားလျော်စွာ မြေတိုင်းပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်တတ်စေရန် လိုအပ်ပါကြောင်း၊ သင်တန်းပြီးဆုံးပြီးနောက် မိခင်ဌာနသို့ ပြန်လည်ရောက်ရှိပါက ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကိုအသုံးချပြီး မိမိဌာနအကျိုး၊ တိုင်းပြည်အကျိုးရှိစေရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



အဆိုပါသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဒုလက်ထောက်ဦးစီးမှူး(မြို့ပြ)၊ လက်ထောက်ဦးစီးမှူး(မြို့ပြ)၊ ဒုတိယဦးစီးမှူး(မြို့ပြ) တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်း ၂၈ ဦးကို ခေတ်မီမြေတိုင်းကိရိယာများကို အသုံးပြု၍ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဌာနမှအတွေ့အကြုံရှိသည့် တိုင်းတာရေးဝန်ထမ်းများက စာတွေ့၊ လက်တွေ့ပို့ချကာ ကွန်တိုမြေပုံတစ်ခု လက်တွေ့တိုင်းတာထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ညောင်ဦးမြို့နယ် အနန္တမေတ္တာမိုးရေလှောင်ကန်ကြီးအား ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်

**ညောင်ဦး ဩဂုတ် ၂၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ခွေးပြုတ်ကျေးရွာတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၅၇ နှစ်က တူးဖော်ခဲ့သည့် အနန္တမေတ္တာရေကန်ကြီးအား ဒေသခံ ပြည်သူများစုပေါင်းလျက် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက စက်ယန္တရားကြီးများဖြင့် တူးဖော်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

အနန္တမေတ္တာရေကန်ကြီးမှာ အရှေ့- အနောက် အကျယ်ပေ ၆၅၀ နှင့် တောင် - မြောက်အကျယ်ပေ ၁၁၅၀ ရှိကာ ကန်ရေအပြည့် ရေဝပ်ဧရိယာမှာ ၁၈ ဧကပေခန့်ရှိပြီး ယခင်က အနီးဝန်းကျင်ကျေးရွာ ၂၀ ကျော် မှီခိုအားထားခဲ့ရကြောင်း သိရသည်။

ကန်တာတိုးချဲ့မှုလုပ်ငန်းကို မူရင်းတောင်-မြောက်အကျယ်ပေ ၁၁၅၀ မှ ထပ်မံ၍ ပေ ၃၀၀ အကျယ် တိုးချဲ့တူးဖော်ခြင်းဖြစ်ပြီး ထွက်ရှိလာသည့်မြေသားများကို ကန်ပေါင်အဖြစ် မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါရေကန်ကြီး ပြန်လည်ပြုပြင်ပြီးပါက ယခင်ကထက် ရေပမာဏပိုမိုသိုလှောင်နိုင်မည်ဖြစ်ပြီး ခွေးပြုတ်ကျေးရွာမှ အိမ်ထောင်စု ၁၈၂ စု၊ လူဦးရေ ၁၀၄၃ ဦးနှင့် ညောင်လှကျေးရွာမှ အိမ်ထောင်စု ၁၃၀၊ လူဦးရေ ၈၀၀ ကျော်တို့အပြင် အနီးဝန်းကျင်ကျေးရွာများဖြစ်သည့် တောရွာ၊ ခရိုင်းတော၊ စံပြ၊ ပနီတွင်း၊ ကံကျဲ၊ ကြို့ပင်သာ၊ မုန်တော၊ ရွာလုနှင့် ဖြူထွားရွာများရှိ ကျေးရွာနေပြည်သူများပါ သောက်သုံးရေအတွက် ရာသီမရွေး သုံးစွဲသွားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

နိုင်လင်းကြည်

# တစ်ပတ်အတွင်းအားကစားသတင်းများ



## ဂွါန်စတုန်းကိုတစ်ပတ်ပေါင် ၁၂၀၀၀၀ နဲ့ စာချုပ်သစ်ချုပ်ဖို့ဆန္ဒရှိနေတဲ့ မန်စီးတီးအသင်း

ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ အသက် ၂၄ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဂွါန်စတုန်းကို ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတာဖြစ်ပြီး လက်ရှိမှာ ဂွါန်စတုန်းရဲ့ စာချုပ်သစ်အတွက် လုပ်ခလစာ တစ်ပတ်ပေါင် ၁၂၀၀၀၀ ပေးမယ်လို့လည်း သိရပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ဂွါန်စတုန်းဟာ ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြခဲ့တာကြောင့် အခုလိုစာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်လာတာဖြစ်ပြီး ဂွါန်စတုန်းဟာ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းကို ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ နောက်တန်းကစားသမား ဂွါန်စတုန်းအနေနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့မယ်ဆိုရင် မန်စီးတီးအသင်းမှာ ၂၀၂၂ အထိ ဆက်ရှိနေမှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲကဲ့သို့ ခြေစွမ်းပြကစားနိုင်မယ်ဆိုပါက ကမ္ဘာ့အကောင်းဆုံးနောက်တန်းကစားသမားတစ်ဦးအဖြစ်လည်း မြင်တွေ့လာနိုင်တယ်လို့ သုံးသပ်သူတွေက သုံးသပ်ထားပါတယ်။



## စပါးအသင်းရဲ့ ချန်ပီယံလိဂ်ပထမဆုံးပွဲစဉ်ကို ဝင်ဘလေမှာ ကစားခွင့်ပြုမည်

စပါးအသင်းရဲ့ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ် ပထမဆုံးပွဲစဉ်ကို ဝင်ဘလေကွင်းမှာ ကစားခွင့်ရဖို့ လျှောက်ထားခဲ့ရာ ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က ခွင့်ပြုပေးလိုက်တယ်လို့ သိရပါတယ်။ စပါးအသင်းဟာ ၂၀၁၆ ခုနှစ်ကတည်းက အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းရဲ့ ဝင်ဘလေကွင်းမှာ ကစားခဲ့ရတာဖြစ်ပြီး ပြီးခဲ့တဲ့နှစ် မေလအတွင်းက စပါးအသင်းရဲ့အိမ်ကွင်းဝိုက်ဟက်ဒ်လိန်းကို ပြင်ဆင်မှုတွေလုပ်ခဲ့တာကြောင့် အဲဒီနောက်ပိုင်း ပြိုင်ပွဲအားလုံးကို ဝင်ဘလေမှာပဲ ကစားခဲ့ရတာဖြစ်ပါတယ်။ စပါးအသင်းဟာ လာမယ့်စက်တင်ဘာလကစပြီး သူတို့ရဲ့ကွင်းသစ်မှာ ပြောင်းရွှေ့ကျင်းပဖို့ စီစဉ်ခဲ့ပေမယ့် ဘေးကင်းလုံခြုံမှုဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေရှိခဲ့တာမို့ မျှော်လင့်ထားတဲ့အတိုင်း ကျင်းပနိုင်ဖို့မဖြစ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ပထမဆုံးပွဲစဉ်ကို ဝင်ဘလေမှာ ကျင်းပခွင့်ရဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ စပါးအသင်းရဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့် ပထမပွဲစဉ်ကို စက်တင်ဘာ ၁၈ ရက် သို့မဟုတ် ၁၉ ရက်မှာလည်းကောင်း၊ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၂ ရက် သို့မဟုတ် ၃ ရက်မှာလည်းကောင်း ကစားသွားရဖို့ရှိနေပြီး အဲဒီပွဲစဉ်တွေကို ဝင်ဘလေမှာ ကစားရဖို့ရှိနေပါတယ်။

## ယူအီးအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းမှာ ဆာလာ၊ စီရိုနယ်လ်ဒိုနဲ့ မိုဒရစ်တို့ ပါဝင်လာပြီး မက်ဆီပါဝင်လာခြင်းမရှိခဲ့



၂၀၁၇-၂၀၁၈ ဘောလုံးရာသီအတွက် ယူအီးအက်ဖ်အေက ပေးအပ်ချီးမြှင့်မယ့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်ကစားသမားသုံးဦးစာရင်းမှာ လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး ဆာလာ၊ ရီးယဲလ်မက်ဒရစ် (လက်ရှိဂျူဗင်တပ်)အသင်းမှ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှား ကွင်းလယ်ကစားသမား လူကာမိုဒရစ်တို့ ပါဝင်လာခဲ့ပြီး ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီကတော့ ပါဝင်လာခဲ့ခြင်းမရှိခဲ့ပါဘူး။ တိုက်စစ်မှူး ဆာလာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လီဗာပူးအသင်းကို ဒုတိယနေရာရအောင်စွမ်းဆောင်ပေးခဲ့တဲ့အပြင် လီဗာပူးအသင်းအတွက် သွင်းဂိုး ၄၄ ဂိုးသွင်းယူပေးနိုင်ခဲ့တာမို့ ဆန်ခါတင်စာရင်းမှာ ပါဝင်လာတာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုကတော့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ငါးကြိမ်ရယူနိုင်ခဲ့သလို နောက်ဆုံး သုံးရာသီဆက်တိုက် ချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့တာမို့ ဆန်ကာတင်စာရင်းမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။ လူကာမိုဒရစ်ကတော့ စီရိုနယ်လ်ဒိုနဲ့အတူ ချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့သလို ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ခရိုအေးရှားအသင်းကို ဒုတိယနေရာရရှိအောင်စွမ်းဆောင်ပေးခဲ့တဲ့အပြင် ကမ္ဘာ့ဖလားရွှေဘောလုံးဆုကို ရရှိခဲ့တာကြောင့် ယူအီးအက်ဖ်အေကပေးအပ်ချီးမြှင့်မယ့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းမှာ ပါဝင်လာတာဖြစ်ပါတယ်။



## ပီအက်စ်ဂျီက ဂူအင်ဂျန့်ကို နိုင်ခဲ့တဲ့ပွဲမှာ ဘတ်ဖွန်နဲ့ မားကတ်စ်တူရမ် အင်္ကျီချင်းလဲလှယ်ခဲ့

ပီအက်စ်ဂျီဂိုးသမား ဘတ်ဖွန်နဲ့ ဂူအင်ဂျန့်တိုက်စစ်မှူး မားကတ်စ်တူရမ်တို့ဟာ ပီအက်စ်ဂျီအသင်းက ဂူအင်ဂျန့်အသင်းကို အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ အမှတ်တရအဖြစ် အင်္ကျီချင်းလဲလှယ်ခဲ့ကြပါတယ်။ ပီအက်စ်ဂျီအသင်းနဲ့ ဂူအင်ဂျန့်အသင်းတို့ရဲ့ ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အီတလီနိုင်ငံလက်ရွေးစင်အသင်းရဲ့ ဂန္ထဝင်ဂိုးသမား ဖြစ်ခဲ့တဲ့ ဘတ်ဖွန်ဟာ ဂူအင်ဂျန့်တိုက်စစ်မှူး မားကတ်စ်တူရမ်ရဲ့ဖခင်နဲ့ ပါးမားအသင်းမှာ အတူကစားခဲ့ဖူးတယ်လို့လည်း သိရပါတယ်။ တိုက်စစ်မှူး မားကတ်စ်တူရမ်ဟာ ၁၉၉၇ ခုနှစ်က ပါးမားမှာ မွေးဖွားခဲ့တာဖြစ်ပြီး အဲဒီအချိန်တုန်းက ဂိုးသမား ဘတ်ဖွန်နဲ့ မာကတ်စ်တူရမ်ရဲ့ဖခင် လီလီယန်တူရမ်တို့ဟာ ပါးမားမှာ အတူကစားခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၂၀၁၈ မှာတော့ လီလီယန်တူရမ်ရဲ့ သားဖြစ်သူ တိုက်စစ်မှူး မားကတ်စ်တူရမ်နဲ့ ဂိုးသမား ဘတ်ဖွန်တို့ဟာ ပြင်သစ်ပထမတန်းရဲ့ ကလပ်ကိုယ်စီမှာ ပါဝင်ကစားလျက်ရှိပြီး ၂၁ နှစ်အကြာမှာ အမှတ်တရအဖြစ် အင်္ကျီချင်းလဲခဲ့တာလည်းဖြစ်ပါတယ်။



## ပရီမီယာလိဂ်ကိုးကြိမ်မြောက် ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ အဂူရို

မန်စီးတီးအသင်းတိုက်စစ်မှူး ဆာဂျီယိုအဂူရိုဟာ ဟက်ဒါဖီးလ်အသင်းကို မန်စီးတီးအသင်းက ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂)မှာ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အဲဒီဟက်ထရစ်ဟာ တိုက်စစ်မှူး အဂူရိုအတွက် ပရီမီယာလိဂ်ကိုးကြိမ်မြောက် ဟက်ထရစ်သွင်းဂိုးလည်းဖြစ်လာခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းတိုက်စစ်မှူး ဒီဘရိုင်း ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့တာမို့ တိုက်စစ်ပိုင်းမှာ အဂူရိုနဲ့ ဂျီးဆပ်တို့ကို ထည့်သွင်းအသုံးပြုခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး အဂူရိုဟာ လက်ရှိမှာ ပရီမီယာလိဂ်ကိုးကြိမ်မြောက်ဟက်ထရစ်ကို သွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်သမိုင်းမှာ ဟက်ထရစ် ၁၁ ကြိမ်သွင်းယူထားတဲ့ အလန်ရှီးယားကို စံချိန်ချိုးဖို့ နောက်ထပ်သုံးကြိမ်ဟက်ထရစ်သွင်းယူနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ မန်စီးတီးအသင်းနဲ့ ဟက်ဒါဖီးလ်အသင်းတို့ရဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်းဂိုးသမားအီဒါဆန်က တိုက်စစ်မှူး အဂူရိုဂိုးသွင်းနိုင်အောင် တစ်ဂိုးဖန်တီးပေးနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်သွင်းဂိုးတစ်ဂိုးကို ဖန်တီးပေးနိုင်ခဲ့တဲ့ မန်စီးတီးအသင်းသမိုင်းမှာ ပထမဆုံးဂိုးသမားလည်း ဖြစ်လာခဲ့ပါတယ်။

CROWN EDUCATION
YOUR DOOR TO THE FUTURE

ROYAL ACADEMIC INSTITUTE

**iGCSE အပြီး ရွေးချယ်စရာ နိုင်ငံတကာပညာရေးလမ်းကြောင်းများ**



- ကိုယ်တက်ချင်တဲ့ကျောင်း၊ သင်ယူချင်တဲ့ ဘာသာကို ဆုံးဖြတ်နိုင်ပြီလား
- နိုင်ငံတကာမှာ ဆေးကျောင်းတက်မယ်ဆို ဘယ်နိုင်ငံတွေ ရွေးချယ်သင့်တယ်၊ သတိထားရမယ့်အချက်တွေကို သိပြီလား
- နိုင်ငံခြားမထွက်သေးဘူးဆိုရင် မြန်မာနိုင်ငံမှာ အကောင်းဆုံး ဘာတွေ ပြင်ဆင်ကြမလဲ
- GCE 'A' ဆက်တက်သင့်သလား ၊ SAT ပြင်ဆင်သင့်သလား
- အဆင့်မြင့်တက္ကသိုလ်တွေကို ကုန်ကျစရိတ် အနည်းဆုံးနဲ့ တက်နိုင်အောင် ဘယ်လိုပြင်ဆင်လျှောက်ထားရမလဲ စသည့် အချက်များကို မှန်ကန်စွာ ဆုံးဖြတ်နိုင်စေဖို့ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

ဆွေးနွေးမည်သူ
ဦးအောင်ကျော်ဆန်း(ပညာရေးအတိုင်ပင်ခံ)

Date : 25th AUG 2018
Time : 3:00 pm - 5:00 pm
Venue : CROWN Edu: Center & Royal Academic Institute

Tel : 01 527 838, 09 44 55 66 701, 09 44 55 66 702

Asia Dragon (ဘာမွန်)
ချောင်းဆိုး 12,000/-
ငှေဆောင် 12,000/-
တောင်ကြီး၊ နောင်ချို
မြဝတီ၊ မဲဆောက်
ပုဂံ၊ ပုပ္ပါး
09 300 300 70, 09 300 300 90

မိုး
ဒီဇယ်မော်တော်ဆိုင်
စက်ပြင်သင်တန်း

သီဟလင်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း / နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

# Moneda Fashion

- လူကြီးမင်းတို့၏ ဝန်ထမ်းများအတွက် တူညီဝတ်စုံ
  - T.Shirt - ၁၂၀၀ကျပ်
  - Sport Shirt - ၃၂၅၀ကျပ်
  - Shirt လက်တို - ၅၅၀၀ကျပ်
  - Style Pants - ၄၈၀၀ကျပ်မှစ၍ အရောင်၊ Design, စိတ်ကြိုက်၊ Order လက်ခံ ဆောင်ရွက်ပေးပါသည်။
- ကုန်ပစ္စည်းရောင်းအားမြှင့်တင်သည့် Promotion Iteam(ဘောပင်၊ ဖန်ခွက်၊ ထီး၊ ဦးထုပ်၊ တဘက်)များကိုလည်း အနည်းဆုံး(၈၅၀)ကျပ်မှစ၍ ဆေးရိုက်ပါ အပြီး လက်ခံဆောင်ရွက်ပေးပါသည်။ အထည်(၁၀၀)နှင့်အထက် မှာယူသူများကို လိပ်စာအရောက် ပို့ပေးပြပေးပါသည်။

**အမှတ်(၇၉)၊ (၁၂၄)လမ်း၊ မင်္ဂလာတောင်ညွန့်(မင်္ဂလာဈေးအနီး)၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၉၀၀၀၂၆၀၊ ၀၁-၂၉၂၁၂၉၊ ၀၉-၂၅၀၃၈၈၅၉၄**


# အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto Manual) ယာဉ်နှစ်မျိုးလုံး သင်ကြားပေးသည်။

စက်တင်ဘာလ ပုံမှန်သင်တန်း (၄-၉-၂၀၁၈) ဖွင့်မည်။
စက်တင်ဘာလ အထူးသင်တန်း (၈-၉-၂၀၁၈) ဖွင့်မည်။
ဆက်သွယ်ရန် ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉- ၇၆၅၀၇၃၉၇၀
၀၉ ၇၉၅၈၇၄၉၆၆၊ ၀၉- ၇၉၅၆၃၀၉၇၀၊ ၀၉- ၂၅၄၄၁၂၄၅၀
Ocean Super Market (ပုဇွန်တောင်)နှင့် မျက်နှာချင်းဆိုင် မဟာဗန္ဓုလတံတား (ဗိုလ်တထောင်ဘက်ခြမ်း) အနီး (လူဦးရေကန့်သတ်ထားသည်)

SEVEN စံ မော်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်၊ 'ပွဲခလုံးဝမယူပါ'၊
09 - 33 333 511, 09 - 33 333 514,
09 - 33 333 644

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်၊
09-450042704
09-250095116
09-420096296




ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအုန်းဇင် (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)
### အသက် (၇၆) နှစ်

ဦးအုန်းလွင် (ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ခင်မေသန်းတို့၏ဦးလေး ဦးအုန်းဇင် အသက်(၇၆)နှစ် ကျောင်းအုပ်ဆရာကြီး (ငြိမ်း)သည် ၂၀-၈-၂၀၁၈ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ဝန်ထမ်းများ**
**လမ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအုန်းဇင် (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)
### အသက် (၇၆) နှစ်

ဦးအုန်းလွင် (ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ခင်မေသန်းတို့၏ဦးလေး ဦးအုန်းဇင် အသက်(၇၆)နှစ် ကျောင်းအုပ်ဆရာကြီး (ငြိမ်း)သည် ၂၀-၈-၂၀၁၈ ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ဝန်ထမ်းများ**
**လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးသောင်းရွှေ
### အသက် (၇၂) နှစ်
**(Director -Denko Trading Co., Ltd)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၇)လမ်း၊ အမှတ်(၁၇-အေ)၊ မြေညီထပ်နေ ဦးသောင်းရွှေ အသက်(၇၂)နှစ်သည် ၁၇-၈-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
### ဦးသောင်းရွှေ
### အသက် (၇၂) နှစ်
**(Director -Denko Trading Co.,Ltd)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၇)လမ်း၊ အမှတ်(၁၇-အေ)၊ မြေညီထပ်နေ ဦးသောင်းရွှေ အသက်(၇၂)နှစ်သည် ၁၇-၈-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးအေးကို (ငြိမ်း) (၆၃)နှစ်
**DSA 20th**
**လ/ထဌာနမှူး (ငြိမ်း)၊ လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၀)၏သင်တန်းအရာရှိ၊ သင်တန်းတပ်ခွဲမှူးဖြစ်သူ ဗိုလ်ကြီးအေးကို (ငြိမ်း)သည် ၂၀-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၀)**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

## အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်အေးအေးသန်း
### အသက်(၈၆)နှစ်

၁၅-၈-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်၍ ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးအေးသန်း နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက် ကုသပေးခဲ့ပါသော SSCဆေးရုံမှ ပါမောက္ခ ဒေါက်တာဦးဆန်းလွင်၊ ပါမောက္ခ ဒေါက်တာဦးခင်မောင်ဌေး၊ ပါမောက္ခဒေါက်တာ ဦးလမင်းဝင်း၊ ဆရာဝန်ကြီးများနှင့် သူနာပြုဝန်ထမ်းများ၊ နာရေးကိစ္စအရပ်ရပ်တွင် ကူညီဆောင်ရွက်ပေးပါသော ဦးအောင်မျိုးထွဋ်နှင့်မိတ်ဆွေများ၊ ဦးကျော်သူ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ဝန်ထမ်းများ၊ ရေဝေးသုသာန်မှ ဝန်ထမ်းများ၊ ဈာပနသို့လိုက်ပါပို့ဆောင်ပေးကြပါသော လူကြီးမိဘများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ တပ်မတော်(လေ)မှမိသားစုများ၊ ရပ်နီးရပ်ဝေးမှဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ စာနာနှစ်သိမ့် အားပေးစကား ပြောကြားပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပေးပို့ကူညီပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တပ်မတော်(လေ) မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ ကြွရောက်ပေးပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း
### ဒေါ်ရီရီ(၈၃)နှစ်

၁၃-၈-၂၀၁၈ရက်တွင် ကွယ်လွန်ခဲ့သော ဒေါ်ရီရီ နာမကျန်းဖြစ်သည်မှစ၍ နောက်ဆုံးခရီးအထိ အစစအရာရာကူညီဖေးမ မေတ္တာပြခဲ့ကြသူများအားလုံးနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများ/ဝန်ထမ်းဟောင်းများအသင်းနှင့်အသင်းဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်းများအသင်းတို့ကို ခင်ပွန်း ဦးထွန်းရှင်နှင့် သမီး လှမြတ်ဖြူတို့က စာဖြင့်ဖော်ပြခြင်းမှာ မတတ်နိုင်လောက်အောင်ပင် ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်တင်တင်အေး
### အသက် (၈၄)နှစ်

ပဲခူးမြို့နေ စက်သူဌေး(ဦးထွန်းလှ-ဒေါ်ညွှာ)တို့၏မြေး၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရပ်နေ (ဦးဘမောင်-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ တောင်သာမြို့နေ (ဦးမောင်ငြိမ်း-ဒေါ်တင်ဂျမ်း)တို့၏သမီးချွေးမ၊ [ဦးစိုးမြင့်(ရဲမှူးချုပ်-ငြိမ်း)]၏ဇနီး၊ (ဦးအောင်သာ)၊ ဗိုလ်ကြီးမြင့်ဆွေ(ငြိမ်း)-ဒေါ်သန်းမြတို့၏ညီမ၊ ဦးအေးကို (တက္ကသိုလ်အောင်ကို)-(ဒေါ်ကျင်ဝါ)၊ (ဦးသောင်းထွန်း)၊ ဦးမြင့်သိန်း-(ဒေါ်သန်းရီ)တို့၏အစ်မ၊ ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်အေးအေးစိုး၊ (ဦးကျော်စိုး)-ဒေါ်အေးအေးဝင်း၊ ဦးအောင်စိုး-ဒေါ်မော်မော်၊ ဦးလှစိုး(ခ) ဒုတကစိုးထက်(မြစ်ကြီးနား)၊ ဦးထွန်းနိုင်(လဝက-ရယကဥက္ကဋ္ဌ၊ ငြိမ်း)-ဒေါ်သင်းသင်းစိုးတို့၏မွေးသမိခင်၊ ဒေါ်အိအိဇော်ဝင်း(စာပန်းအိမ်)၊ ဒေါက်တာသန့်ဇော်ဝင်း(ဆေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန)-ဒေါက်တာခိုင်မွန်ဇာဦး(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးထေရသဖ(ပြင်ဦးလွင်)၊ ဒေါ်ငုဝါကျော်စိုး၊ ဒေါ်စုမွန်ကျော်စိုး၊ တကကထူးအောင်ကို(တပ်မတော်-လေ၊ မင်္ဂလာဒုံ)၊ ဦးဇင်အောင်ထူး၊ မောင်ငွေစိုးထွန်း(အကျဉ်းဦးစီးဌာန)၊ မောင်ဇော်ကိုကိုနိုင်တို့၏ အဘွားသည် ၂၀-၈-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၂)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၃၅၅/က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးရွှေသာ(စစ်တွေ) (၈၁)နှစ်
**စိန်ဒေါင်းဆေးပေါ့လိပ်**

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစိန်ထွန်းအောင်-ဒေါ်မအေးစိန်)တို့၏ သားလတ်၊ မြောက်ဦးမြို့၊ မြက်ရိတ်ကျွန်းကျေးရွာနေ ဦးဘသာ-(ဒေါ်ခိုင်ထွီး)တို့၏ သားသမက်၊ သီဟသုဓမ္မသီရိဒေါ်မနူ၏ ခင်ပွန်း၊ ဒေါ်သီရိဦး-ဦးအေးထွန်းကျော်၊ ဦးအောင်ကျော်ညွန့်-ဒေါ်စန္ဒာရွှေ၊ ဒေါ်နီလာ-ဦးမင်းမော်ထွန်း၊ (ဦးကျော်လင်းဌေး)-ဒေါ်ခိုင်စစ်ဝေတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသျှင်သည် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၂ နာရီတွင် အမှတ်(၁၂၂၅)၊ ပထမထပ်၊ နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး**
### ဦးကျော်သိန်း(၇၇)နှစ်
**B.A, HGP,RL စစ်မှုထမ်းအငြိမ်းစား**
**နာယကကြီး(မြောက်ဦးမြို့နယ်အသင်း)**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးရွှေလှ-ဒေါ်ရွှေဇာဦး)တို့၏သား၊ (ဦးစံရွှေဘော်-ဒေါ်စံဝင်းဖြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြင်သာ၊ ကရဝိတ်လမ်း၊ အမှတ် (၂၂၃)နေ ဒေါ်ထွေးဖြူ (မထွေးဖြူအထည်ဆိုင်၊ မင်္ဂလာဈေး)၏ခင်ပွန်း၊ ကပ္ပတိန် မျိုးကျော်ဦး-ဒေါက်တာသီရိဝင်း၊ ဒုတိယဗိုလ်မှူးကြီးတင့်နိုင်ထွန်း(ဒ-က-စ၊ စစ်တွေ)-ဒေါ်ရွှေရီသန်း၊ ဗိုလ်မှူးအောင်မြင့်ကျော်(ငြိမ်း)၊ ဒေါ်နီနီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မခင်မဒီဦး၏ ချစ်လှစွာသောအဘိုးရှင်သည် ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု**

### ဒေါ်ခင်အေးမြင့်
### အသက်(၆၉)နှစ်

မော်လမြိုင်မြို့၊ ရွာလွတ်ကျေးရွာနေ (ဦးထွန်းမောင်-ဒေါ်အုံးခင်)တို့၏ သမီး၊ ဦးထွန်းမောင်-ဒေါ်အုံး၊ (ဦးစံရာ-ဒေါ်အေးခင်)တို့၏ သမီးချွေးမ၊ ဦးအောင်မြင့်၏ဇနီး၊ မိဝင်းအိမွန်(ခေတ္တ-စင်ကာပူ)၊ မောင်မင်းတင်အောင်လွင်-မသန္တာအိခင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မအင်ကြင်းမေ(ခေတ္တ-စင်ကာပူ)၏ အဘွား ဒေါ်ခင်အေးမြင့်သည် ၂၀-၈-၂၀၁၈(တနင်္လာနေ့) ည ၇း၂၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ်(၂၂)၊ အဝေရာလမ်းနေ မင်းတင်အောင်လွင်-မသန္တာအိခင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစိန်မင်း
**အငြိမ်းစားသချာပါမောက္ခ (ရန်ကုန်တက္ကသိုလ်)**
### အသက် (၈၇) နှစ်

ဗိုလ်မှူးဇော်ထွဋ်မင်း(ငြိမ်း)-(ဒေါ်ဝေမာတင့်ဝေ)တို့၏ ဖခင် ဒေါက်တာစိန်မင်းသည် ၁၈-၈-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းအမှတ်စဉ်(၇၃)မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေစင်၊ တံတားဒါယကာကြီး**
### ဦးဇေယျကို (CDC-7707)
### အသက် (၆၇) နှစ်

အထက(၁)ရန်ကင်း ကျောင်းသူဟောင်း ဒေါ်မြမြသန်း၏ချစ်လှစွာသောခင်ပွန်း၊ အထက(၁)ရန်ကင်း ကျောင်းသူ/ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ နာယကကြီး ဦးဇေယျကိုသည် ၁၈-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**အကြိမ်(၂၀)မြောက်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက(၁) ရန်ကင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးညဏ်သောင်း(ခ)ဦးချူးကိုး(ရေကူး) (၇၇)နှစ်
**နိုင်ငံရေးအကျဉ်းသားဟောင်း၊ ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မရမ်းကုန်းမြို့နယ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သူရဿတီလမ်း၊ အမှတ် (၈၇)နေ (ဦးကြင်ကြုတ်-ဒေါ်ငယ်-ဒေါ်ကြိုင်)တို့၏သား၊ (ဦးမောင်မှန်-ဒေါ်သိန်းခင်)တို့၏သားသမက်၊ (ဦးထွန်းရှိန်)-ဒေါ်မြငြိမ်း၊ (ဦးကျင်မောင်-ဒေါ်သိန်းမြင့်)တို့၏ညီ/မောင်၊ ဦးမောင်ဝင်း-ဒေါ်စန်း၊ ဦးမောင်မောင်ဌေး-ဒေါ်တင်တင်ဝင်း၊ ဦးဝင်းနိုင်-ဒေါ်ကြည်ကြည်ဝင်းတို့၏ အစ်ကို၊ ဦးအောင်မြတ်ဦး(မြတ်ကြာခိုင်သက်န်းတိုက်)-ဒေါ်ရီရီမြင့်၊ ဦးအောင်မော်ဦး (ရန်ကုန်အထည်ဆိုင်)-ဒေါ်တင်တင်မော်၊ ဦးနိုင်ဝင်း(Rose Agency)-ဒေါ်စိုးစိုးအောင်(ခ)မစန္ဒာ (Rose Agency)၊ ဦးမျိုးသန့်မောင် (E/E, F.M.L-HKG-Co., Ltd)-ဒေါ်မိုးမိုးစုကြည် (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အမှတ်-၂၊ မရမ်းကုန်းမြို့နယ်)၊ ဦးမြဇော်-ဒေါ်ထွေးထွေးအောင်(Rose Agency)၊ ဦးဇော်မျိုးဦး(SGS Myanmar Ltd)-ဒေါ်သင်းသင်းအောင်(Silver Moon Agency)တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၁၂ယောက်တို့၏အဘိုး၊ ဒေါ်စန်းစန်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးတန်ဘွန်ကန်(ခ)တန်ဝမ်ဂျင်း
### အသက်(၁၀၈)နှစ်
**ကြည့်မြင်တိုင်မြို့နယ်၊ ကန်တော့ခံ လင်းစာပေ (သုံးဆယ်မြို့)**

ရန်ကုန်မြို့၊ အမှတ်(၆၉)၊ ကျောင်းကြီးလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ [ဒေါ်ခင်စန်း(ခ)ဒေါ်နူဟန်]၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးသက်ခိုင်-ဒေါ်အေးအေးဝင်း)၊ ဦးကြည့်လင်-ဒေါ်ရှုရှုတ်၊ ဦးကျော်သန်း-ဒေါ်အေးအေးမြင့်၊ ဦးကျော်အောင်-ဒေါ်စန်းစန်းဝင်း၊ ဦးမျိုးမြင့်ခိုင်(a)Tan Khin Hong (Taiwan)-YEOH HOOL KIAN၊ ဦးမြသန်း-ဒေါ်သိန်းသိန်းအေး၊ ဦးလှိုင့်မြင့်ဆွေ-ဒေါ်မြမြအေး(S'pore)၊ ဦးထွန်းလှိုင်-ဒေါ်ဌေးမြင့်၊ ဒေါ်သန်းသန်းအေး(USA)၊ ဦးတင်ထွန်း (Canada)-ဒေါ်အေးအေးစန်းတို့၏ ဖခင်၊ မြေး ၂၁ ယောက်၊ မြစ် ၁၉ ယောက်တို့၏ အဘိုးသည် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ယူစင်ဟိန်း(ခ)ဦးမြင့်ဆွေ
### အသက်(၈၉)နှစ်

အမှတ်(၂၀၃)၊ မြေညီထပ်၊ (၂၈)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ [ယူအဟူ(ခ)ဦးစိန်-ဒေါ်ဖွားမေ]တို့၏သား၊ (ဒေါ်သန်းရင်)၏ ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်ခင်ခင်ရီ၊ ဦးထိန်လင်း-ဒေါ်သင်းသင်းမြတ်(ခ)မသန္တာဦးတို့၏ ဖခင်၊ မောင်ဝေလွင်(ခ)Lu Jia Wei၊ မောင်မင်းနောင်(ခ)Jia Xing၊ မသီသီဝေ(ခ)Lu Xiu Hui တို့၏ အဘိုးသည် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ဖူးကျန့်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးစိုးလွင်(DGM-UE Ltd;)
**B.E (Mech:)**
**စိန်ပေါကျောင်းသားဟောင်း**
### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ်(၆၂/B)၊ မြေညီထပ်နေ (ဦးသာခင်-ဒေါ်ချစ်မေ)၊ (ဦးမောင်မောင်ကြီး-ဒေါ်ကျော့မေ)၊ ပဲခူးမြို့နေ (ဦးလှမောင်-ဒေါ်မြကြည်)တို့၏မြေး၊ (ဦးထွန်းရင်-ဒေါ်စောစော)တို့၏တစ်ဦးတည်းသောသား၊ ဒေါ်လှဝင်း (Area Manager, Aventine Ltd)၏ခင်ပွန်း၊ မမိုးချယ်ရီ၊ မသီဂီဝင်းတို့၏အစ်ကို၊ မောင်ဇင်ကိုလွင်၊ မယမင်းသွယ်တို့၏ ဦးလေး ဦးစိုးလွင်သည် ၁၉-၈-၂၀၁၈ ရက် ညနေ ၃း၂၀နာရီတွင် ရန်ကုန်မြို့၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ)၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဗိုလ်ကြီးအေးကို (ငြိမ်း) (၆၃)နှစ်
**DSA 20th Intake**
**(လ/ထ ဌာနမှူး၊ လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်-ငြိမ်း)**

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၁၀၃)နေ [ဗိုလ်မှူးအောင်ညွန့်(ငြိမ်း)]-ဒေါ်နီတို့၏ သား၊ မူဆယ်မြို့နေ (ဦးစိုင်းယောရှု)-ဒေါ်နန်းခမ်းတို့၏သားသမက်၊ ဒုရဲအုပ် ဦးမျိုးညွန့်(ငြိမ်း)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်ဝင်းကြည်(မြန်မာ့မီးရထား အင်ဂျင်နီယာမှူး၊ လျှပ်စစ်-ငြိမ်း)၊ ဒေါ်မြင့်ကြည်(အလုပ်ရုံခွဲမှူး-ငြိမ်း၊ စက်မှုစားကုန်၊ ဂျုံလုပ်ငန်း)-(ဦးမျိုးအောင်)၊ ဗိုလ်မှူးဒေါ်မြင့်ရီ(ငြိမ်း)တို့၏ညီ/မောင်၊ ဦးအောင်မြင့်စိုး-ဒေါ်ညွန့်နီ၊ ဦးဝင်းမောင်(AMTT Co., Ltd)-ဒေါ်နွယ်နီ(အလက-၄၊ မင်္ဂလာဒုံ)တို့၏အစ်ကို၊ တူ ၁၁ ယောက်၊ တူမခုနစ်ယောက်တို့၏ဦးလေး၊ ဦးကောင်းဇော်(ဇေကမ္ဘာ Co., Ltd)၊ ဦးကျော်စံ-ဒေါ်အိသီရိနိုင်၊ ဗိုလ်ခင်စန္ဒာ (ရေတပ်သင်္ဘောကျင်းဌာနချုပ်)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မဖူးပွင့်ဟေမာန်၏ အဘိုး၊ ဒေါ်နန်းချစ်နှင်း၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးအေးကို(ငြိမ်း)သည် ၂၀-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁း၃၈နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်ခန်းမ(၁)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၁၀၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကိုဖြိုးနေလင်း(ခ)ကိုဖြိုး (B.A-History)
### အသက် (၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၃၀၂)နေ ဦးမြညွှန့်(ကညန-ငြိမ်း)-ဒေါ်ခင်စန်း(သမဦးစီး၊ ငြိမ်း)တို့၏သားလတ်၊ ဦးဇာနည်ကို (Shwe Taung Co.,Ltd)-ဒေါ်တင်တင်ကျော်(KBZ Bank)၊ ဦးညဏ်မျိုးသူ(ခေတ္တ-စင်ကာပူ)-ဒေါ်ဇာဇာမွန်(ခေတ္တ-စင်ကာပူ)တို့၏ညီ/မောင်၊ မအိမ့်သော်တာသျှင်၊ မအိမ့်သဒ္ဒါသျှင်၊ မငွေအိမ်သခင်တို့၏ဦးလေး၊ ဦးသန်းဆွေ(M.P.P.E-ငြိမ်း)-ဒေါ်သီတာမိုး၊ ဒေါ်မြင့်မြင့်သန်း၊ ဦးသောင်း-ဒေါ်သန်းကြည်တို့၏ ချစ်လှစွာသောတူလေးသည် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်ရွှေ
### အသက် (၇၇) နှစ်

National Energy Group of Companies မှ Director ဦးအောင်လင်း၏ဖခင် သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ သီရိမာလာလမ်း၊ အိမ်အမှတ်(၃၃)နေ ဦးမောင်ရွှေ အသက်(၇၇)နှစ်သည် ၁၈-၈-၂၀၁၈ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Managing Director နှင့် ဝန်ထမ်းများ**
**National Energy Group of Companies**

### ဒေါ်သန်းဆင့်
### အသက်(၈၈)နှစ်
**အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး(ငြိမ်း)**

ဒဂုံ/မြောက်(၄၃)ရပ်ကွက်၊ ခပေါင်းလမ်း၊ အမှတ် (၁၁၄၆)နေ (ဦးလှအောင်-ဒေါ်စိန်ပု)တို့၏သမီး၊ (ဦးလှသိန်း)၏ဇနီး၊ ဒေါ်ခင်ဦးဦးမေ၊ ဒေါ်ခိုင်မွန်ပြုံး၊ (ဦးသန်းတိုး-ဒေါ်ဆွေဆွေလွင်)၊ ဦးသန်းထွဋ်၊ ဒေါ်ခင်ခင်လေးတို့၏ မိခင်၊ ဒုအရာခံဗိုလ်ထက်အောင် (ပင်မဆသရအလုပ်ရုံ)-မဝေဝေထွန်း(ရန်ကုန်မြို့တော်စည်ပင်/အင်-ယာ)တို့၏ အဘွား ဒေါ်သန်းဆင့်သည် ၂၀-၈-၂၀၁၈ ရက် ညနေ ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးလှဖေ (ပဲခူး-တာဝ)
**ယခင်ဗဟိုလေဟာပြင်ဈေး**
### အသက် (၉၀)

ပဲခူးတိုင်း၊ တာဝဘုတာရွာနေ (ဦးစံညွန့်-ဒေါ်သိန်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၂၂)၊ (ပ)ထပ်၊ (၂၇)လမ်းနေ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဦးကြည်ရွှင်ဦး(အထက-၁၊ လသာ)-ဒေါ်မိမိလေး(အမက-၃၆၊ သယ်န်းကျွန်း)၊ဦးသန့်ဇင်(GreenLand Co., Ltd)-ဒေါ်သင်းသင်းလတ်၊ ဦးသန့်ဇင်-ဒေါ်ခင်ဆွေသန့်၊ ဒေါ်သော်တာအေး (စိုးသူဇာခြင်ထောင်ဆိုင်၊ ယုဇနပလာဇာ)တို့၏မွေးသဖခင်၊ မောင်မျိုးကျော်ထွန်း၊ မအိမ့်ဇင်ဇာဖူးတို့၏အဘိုးသည် ၂၀-၈-၂၀၁၈ ရက် ည ၇း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးပိုက်ကျော်ခြင်း ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့် ထိုင်း ယှဉ်ပြိုင်မည်

**ဂျကာတာ ဩဂုတ် ၂၁**

အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ အမျိုးသမီးသုံးယောက်တွဲ အသင်းလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲများမှာ ဩဂုတ် ၂၁ ရက်က ပြီးဆုံးခဲ့ပြီး မြန်မာအသင်းသည် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စု (က) ၌ ထိုင်းအသင်းက အုပ်စုပထမ၊ တောင်ကိုရီးယား အသင်းက အုပ်စုဒုတိယ၊ အုပ်စု (ခ)တွင် ဗီယက်နမ်အသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယ ရခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရေး အဆုံးအဖြတ်ပွဲအဖြစ် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မလေးရှားအသင်းကို သုံးပွဲပြတ်၊ ဂျပန်အသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရပြီး ဗီယက်နမ်ကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲများအဖြစ် မြန်မာနှင့် ထိုင်း၊ ဗီယက်နမ်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**



အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-အား/ကာ



မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမား သိန်းသန်းဦး ယှဉ်ပြိုင်နေစဉ်။

# မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမားများ အာရှအားကစားပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်

**ဂျကာတာ ဩဂုတ် ၂၁**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာဝူရှူးကစားသမား သုံးဦး ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲတတိယနေ့တွင် သိန်းသန်းဦးက နန်းချွမ်နှင့် နန်းကွန့်ပြိုင်ပွဲနှစ်ခုပေါင်း၏ ဒုတိယပြိုင်ပွဲဖြစ်သော နန်းကွန့်ပြိုင်ပွဲ၊ ငြိမ်းချမ်းကိုကိုနှင့် ခန့်မင်းထက်က ထိုက်ချိချွမ်နှင့် ထိုက်ချိကျန့်ပြိုင်ပွဲ နှစ်ခုပေါင်း၏ ပထမပြိုင်ပွဲဖြစ်သော ထိုက်ချိချွမ်ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ခဲ့သည်။ သိန်းသန်းဦးသည် ပထမနေ့တွင် ရလဒ်ကောင်းသော်လည်း ယနေ့ယှဉ်ပြိုင်သည့် နန်းကွန့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေစဉ် ဟန်ချက်ပျက်ခဲ့သောကြောင့် အမှတ်နည်းခဲ့ပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မကာအိုကစားသမားက ရွှေတံဆိပ်ဆုရခဲ့သည်။ ထိုက်ချိချွမ်ပြိုင်ပွဲတွင် ငြိမ်းချမ်းကိုကိုက အဆင့် ၇၊ ခန့်မင်းထက်က အဆင့် ၁၄ နေရာတွင် ရပ်တည်နေသည်။

မြန်မာဝူရှူးအဖွဲ့သည် ယင်းပြိုင်ပွဲတွင် ကစားသမားကိုးဦးဖြင့် ယှဉ်ပြိုင်နေပြီး ဩဂုတ် ၂၂ ရက်တွင် ကျင်းပမည့် စတုတ္ထနေ့တွင် ကစားသမားသုံးဦး ယှဉ်ပြိုင်မည်ဖြစ်သည်။ စန္ဒီဦးက အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲ၊ ငြိမ်းချမ်းကိုကိုနှင့် ခန့်မင်းထက်က အမျိုးသား ထိုက်ချိကျန့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၁**

**စစ်တောင်းမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

# (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်

**ဂျကာတာ ဩဂုတ် ၂၁**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဂျကာတာမြို့နှင့် ပလန်ဘမ်မြို့တို့ရှိ အားကစားရုံ၊ အားကစားကွင်းများ၌ ယနေ့ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ မြားပစ်ပြိုင်ပွဲတွင် အမျိုးသမီး အဆင့်သတ်မှတ်ချက်ဖြစ်သော Ranking Round ပြိုင်ပွဲတွင် မြန်မာမှ သီတာနွယ်က မြား ၇၂ ချောင်းဖြင့် ပစ်ခတ်ရာတွင် (၃၁၆+၃၁၁=စုစုပေါင်း၆၂၇) မှတ်ဖြင့် ပြိုင်ပွဲဝင် ၆၆ ဦးတွင် အဆင့် ၂၈ ရရှိသည်။

ပလန်ဘမ်မြို့ရှိ JSC Roneu Stadium အားကစားရုံ၌ အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုနောက်ဆုံးပြိုင်ပွဲအဖြစ် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

